
ကြေးမုံ
The Mirror Daily
၁၉၅၇ ဖြို ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

e – paper ဖတ်ရှုရန်

မေတ္တာဖြင့် အောင်ရာ၏

အမျက်ထွက်တတ်သောသူကို အမျက်မထွက်ခြင်းဖြင့် (မေတ္တာဖြင့်)အောင်ရာ၏။ မကောင်းသောသူကို ကောင်းသောသဘောဖြင့် အောင်ရာ၏။ နှမြောဝန်တိုသောသူကို ပေးကမ်းခြင်းဖြင့် အောင်ရာ၏။ မဟုတ်မမှန် ပြောဆိုတတ်သောသူကို မှန်ကန်သောစကားကို ပြောဆိုခြင်းဖြင့် အောင်ရာ၏။ ကောဓဝဂ်(ဓမ္မပဒ -၂၂၃)

၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၈ ရက် အင်္ဂါနေ့။ Tuesday, 3 November 2026 ၂၂၃၁



အားကောင်းသောဆိုင်ကလုန်းမုန်တိုင်း "မူရားစု"အရှိန်ကြောင့် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်

နေပြည်တော် နိုဝင်ဘာ ၂

အားကောင်းသောဆိုင်ကလုန်းမုန်တိုင်း "မူရားစု"အခြေအနေ

ယနေ့မွန်းလွဲ ၃ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော အားကောင်းသောဆိုင်ကလုန်းမုန်တိုင်း "မူရားစု"သည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး ဆက်လက်တည်ရှိနေသည်။ အဆိုပါအားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "မူရားစု" သည် မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့၏ အနောက်ဘက် ရေမိုင် ၇၂၀ မိုင်ခန့်၊ အိန္ဒိယနိုင်ငံ ချင်းနိုင်မြို့၏ စာမျက်နှာ ၄ ကော်လံ ၁ သို့ ○

ဥပဒေပညာဘာသာရပ်ကို အခြေခံပညာအလယ်တန်းနှင့် အထက်တန်းများတွင် သင်ကြားပေးနိုင်ရေး၊ လျှပ်စစ်မီးရရှိအောင် ဆောင်ရွက်ပေးနိုင်ရေးတို့နှင့်စပ်လျဉ်း၍ မေးခွန်း ၉ ခု မေးမြန်းဖြေကြား

နေပြည်တော် နိုဝင်ဘာ ၂

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၂၂ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။ စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆



တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၂၂ ရက်မြောက်နေ့ ကျင်းပစဉ်။

ယနေ့ ဖတ်စရာ

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့် အမျိုးသားဒီမိုကရက်တစ် မဟာမိတ် အဖွဲ့(NDAA)တို့ ငြိမ်းချမ်းရေး တွေ့ဆုံဆွေးနွေး

စာမျက်နှာ » ၇

ရေတစ်စက်၏ တန်ဖိုးနှင့် လူသားတို့၏ အနာဂတ်

ဆောင်းပါး စာမျက်နှာ » ၈

မြန်မာ-တရုတ် ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုပြပွဲ (၂၀၂၆) နှင့် စပ်လျဉ်း၍ လုပ်ငန်းရှင်များနှင့် တွေ့ဆုံညှိနှိုင်းဆွေးနွေး

စာမျက်နှာ » ၁၁

သက်တမ်းလွန် CNG ဆလင်ဒါအိုးများအား အသစ်လဲလှယ်တပ်ဆင်ခြင်းမရှိသည့် CNG ယာဉ်များကို သဘာဝဓာတ်ငွေ့ဝယ်ယူခွင့် ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးကြေညာခြင်း

၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၂ ရက်

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနသည် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အများပြည်သူသယ်ယူပို့ဆောင်ရေးကဏ္ဍ အဆင့်ပြေချောမွေ့စေရန်နှင့် ပြည်သူများ ခရီးသွားလာရာတွင် သက်သာချောင်ချိမှုရှိစေရန်ရည်ရွယ်၍ CNGယာဉ်များ အတွက် မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့(CNG)ကို ၁-ကီလိုဂရမ်လျှင် ၂၇၃ ကျပ် ၂၅ ပြားဖြင့် ဈေးနှုန်းချိုသာစွာ ဖြန့်ဖြူးရောင်းချပေးလျက်ရှိပါသည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ❋

မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ မြန်မာ့ရိုးရာပွဲဈေးအကြောင်း စာနယ်ဇင်းရှင်းလင်း



ရန်ကုန် နိုဝင်ဘာ ၂

မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့က ကြီးမှူးကျင်းပသော မြန်မာ့ရိုးရာပွဲဈေး ကျင်းပရခြင်းနှင့်ပတ်သက်၍ စာနယ်ဇင်းရှင်းလင်းပွဲကို ယနေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့ကမာရွတ်မြို့နယ်ရှိ စိမ်းလန်းစိုပြည်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စန္ဒာခင်က မြန်မာ့ရိုးရာပွဲဈေးကျင်းပရခြင်းနှင့်စပ်လျဉ်း၍ မြန်မာ့ရိုးရာ အစားအစာများဖြစ်သည့် ဆန်၊ ကောက်ညှင်း၊ ပဲ၊ ပြောင်းစသည့် စိုက်ပျိုးရေးထွက်ကုန်များကို အခြေခံထုတ်လုပ်ထားသည့် ကျန်းမာရေးနှင့် ညီညွတ်ပြီး သဘာဝအလျောက်ထွက်ရှိသည့် စာမျက်နှာ ၄ ကော်လံ ၁ သို့ ❖

ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေး ရာဇဝတ်အထူးအယူခံမှု တစ်မှုနှင့် တရားမအထူးအယူခံမှု သုံးမှုတို့ကို စီရင်ချက်ချမှတ် တရားမအထူးအယူခံမှု လေးမှုကို ရုံးထိုင်ကြားနာ

နေပြည်တော် နိုဝင်ဘာ ၂

ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးသိန်းကိုကို၊ ဒေါက်တာကိုကိုနိုင်၊ ဦးဝင်းမြင့်၊ ဒေါက်တာမျိုးဝင်းအောင် တို့ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့ နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဇွန်သိရိမြို့နယ် မင်္ဂလာဒီပရပ်ကွက် ချင်းတွင်းလမ်းရှိ ဇေယျာသီရိ ခရိုင်တရားရုံး ရုံးခန်းအမှတ်(၁)၌ ပြည်ထောင်စုတရားလွှတ်တော်ချုပ် အထူးအယူခံခုံရုံး ရုံးထိုင်၍ ရာဇဝတ်အထူးအယူခံမှုအမှတ် ၇/၂၀၂၆(ရန်ကုန်)နှင့် တရားမအထူးအယူခံမှုအမှတ် ၂၈/၂၀၂၆ (ရန်ကုန်)၊ ၃၁/၂၀၂၆ (ရန်ကုန်)နှင့် ၃၂/၂၀၂၆ (မန္တလေး)စုစုပေါင်း ရာဇဝတ်အထူးအယူခံမှု တစ်မှုနှင့် တရားမအထူးအယူခံမှု သုံးမှုတို့ကို စီရင်ချက်ချမှတ်သည်။

ထို့ပြင် တရားမအထူးအယူခံမှု အမှတ် ၃၄/၂၀၂၆ (ဧရာဝတီ)၊ ၃၆/၂၀၂၆ (မွန်)၊ ၃၇/၂၀၂၆ (ရန်ကုန်)နှင့် ၃၉/၂၀၂၆ (ရှမ်း) စုစုပေါင်း တရားမအထူးအယူခံမှု လေးမှုတို့ကို ရုံးထိုင်ကြားနာခဲ့ကြောင်း သိရသည်။

သတင်းစဉ်

(၂-၁၁-၂၀၂၆)ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

	အမေရိကန်ဒေါ်လာ	တရုတ်ယွမ်	ထိုင်းဘတ်	အိန္ဒိယရူပီး
ငွေလဲလှယ်နှုန်း	၃၆၆၃.၉ ~ ၃၆၇၀	၅၅၇.၅ ~ ၅၅၈.၇	၁၂၅.၄ ~ ၁၂၅.၇	၄၃.၆
ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ	၁၂,၉၉၆,၈၃၁.၈၁	၆,၂၈၉,၇၇၂.၉၇	၇၇,၅၀၄,၅၃၆.၀၇	

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

၂ - ၁၁ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၇၀၅၀၀၀ ဖြစ်သည်။**

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် ၂ - ၁၁ - ၂၀၂၆

ကုမ္ပဏီအမည်	အဖွင့်ဈေး (ကျပ်)	အဝိတ်ဈေး (ကျပ်)	ရှယ်ယာစောင်ရေ	ရှယ်ယာတန်ဖိုး (ကျပ်)
FMI	၂၀,၀၀၀	၂၀,၀၀၀	၈၂၂	၁၆,၄၄၀,၀၀၀
MTSH	၈,၃၀၀	၈,၄၀၀	၄,၆၇၄	၃၉,၁၀၁,၆၀၀
MCB	၁၂,၅၀၀	၁၂,၅၀၀	၁၆၂	၂,၀၃၀,၅၀၀
FPB	၆,၉၀၀	၆,၉၀၀	၂	၁၃,၈၀၀
TMH	၃,၂၅၀	၃,၀၅၀	၁၁	၃၄,၉၅၀
EFR	၁,၆၀၀	၁,၆၅၀	၁,၆၂၈	၂,၆၀၄,၉၀၀
AMATA	၄,၃၀၀	၄,၃၀၀	၀	၀
MAEX	၆,၃၀၀	၆,၃၀၀	၅,၁၅၉	၃၂,၅၀၂,၆၀၀
MADPL(PLB)	၆,၂၀၀	၆,၀၀၀	၇၁၃	၄,၃၆၅,၁၀၀
ASPGB(PLB)	၅,၆၀၀	၅,၆၀၀	၃,၆၉၈	၂၀,၄၉၇,၈၀၀

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

သင့်စီးပွားရေးလုပ်ငန်းများအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

ကြေးမုံ

စာတည်းမှူးချုပ် - ဝင်းနိုင်
စာတည်းမှူး - အေဝမ်းစိုး
စာတည်းများ - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဦ၊ နိုင်လင်းကြည်
ဘာသာပြန် - အောင်ကျော်ကျော်၊ စိုးသူရ
အကြီးတန်း သတင်းထောက်များ - ခင်မိုမိုအောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာလွှေ၊ ခင်ယုဆွေ့၊
အငယ်တန်း သတင်းထောက်များ - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ
သုတေသန - ဇင်မာဝင်
စာပြင် - ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - နီလာစိုးနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန္တလေးရုံး - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၅

စုပေါင်းညီညွတ်အသိစိတ်ဓာတ်အားဖြင့် သဘာဝဘေးအန္တရာယ်ကိုကျော်လွှား

ကမ္ဘာမိုးလေဝသအဖွဲ့ချုပ်နှင့် နိုင်ငံတကာရာသီဥတုဗဟိုဌာနများ၊ မြန်မာနိုင်ငံမိုးလေဝသဌာနများ၏ ထုတ်ပြန်ချက်များကိုအခြေခံ၍ ခန့်မှန်းသုံးသပ်ချက်များကို မြန်မာနိုင်ငံအပါအဝင် နိုင်ငံတကာမိုးလေဝသအဖွဲ့အစည်းများက ယနေ့ရက်ပိုင်းအတွင်း အထူးသတိပေးထုတ်ပြန်ချက်များ ထုတ်ပြန်လာသည်ကို တွေ့ရသည်။ အီကွေတာအနီးရှိ အပူပိုင်းပစိဖိတ်သမုဒ္ဒရာ၏ ပင်လယ်ရေမျက်နှာပြင်အပူချိန်သည် ပုံမှန်အပူချိန်ထက် ၂ ဒသမ ၅ ဒီဂရီဆဲလ်စီးယပ်မှ ၂ ဒသမ ၈ ဒီဂရီဆဲလ်စီးယပ်အထိ ပိုနေပြီး လေထုဖြစ်စဉ်မှာ အားအလွန်ကောင်းသော အယ်လ်နီညိုအခြေအနေတွင် ဆက်လက်တည်ရှိနေသည်ဟု ထုတ်ပြန်ထားသည်။

၂၀၂၆ ခုနှစ် နိုဝင်ဘာလနှင့် ဒီဇင်ဘာလများတွင် အယ်လ်နီညိုအခြေအနေသည် အမြင့်ဆုံးအဆင့်သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းထားသည်။ ဒီဂရီဆဲလ်စီးယပ်ဆိုသည်မှာ အပူချိန်တိုင်းတာသည့်ယူနစ်တစ်ခုဖြစ်ပြီး ယခင်က ဒီဂရီစင်တီဂရိတ်ဟု လူသိများသည်။ ရေခဲစတင်ဖြစ်ပေါ်သည့် သုည ဒီဂရီဆဲလ်စီးယပ်မှ ပုံမှန်လေဖိအား အောက်တွင် ရေဆူပွက်သော ၁၀၀ ဒီဂရီဆဲလ်စီးယပ်အထိ သတ်မှတ်ထားသည်။ မြန်မာနိုင်ငံကဲ့သို့ အပူပိုင်းနိုင်ငံများတွင် ၃၀ ဒီဂရီဆဲလ်စီးယပ်သည် သင့်လျော်သော အခြေအနေတွင်ရှိပြီး ဂျပန်နိုင်ငံကဲ့သို့ အအေးပိုင်းနိုင်ငံများတွင် ၂၀ ဒီဂရီဆဲလ်စီးယပ်နှင့်အထက်သည် ပူပြင်းလာသည်ဟု ဆိုနိုင်သည်။ အပူချိန် ၁ ဒီဂရီဆဲလ်စီးယပ်ထက် ပိုလာတိုင်း ပူပြင်းလာသည်ဟု ဆိုနိုင်သည်။

ယခုအခါ အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် အအေးပိုင်း၊ အပူပိုင်းနိုင်ငံများသည် သတ်မှတ်ထားသည့် အမြင့်ဆုံးအပူချိန်ထက် ၂ ဒသမ ၅ ဒီဂရီဆဲလ်စီးယပ်ထက်ပိုလာသဖြင့် နိုင်ငံများအနေဖြင့် အလွန်ပူပြင်းသောရာသီဥတုဒဏ်ကို ခံစားလာကြရသည်။ လာမည့်လများတွင် အယ်လ်နီညိုအခြေအနေသည် အမြင့်ဆုံးအခြေအနေသို့ ရောက်ရှိလာမည်ဟု ခန့်မှန်းထားသဖြင့် နိုင်ငံများအနေဖြင့် အဘက်ဘက်တွင် အရေးပေါ်အခြေအနေများ ထုတ်ပြန်ထားပြီး သဘာဝဘေးဒဏ်ကြောင့် ဖြစ်ပေါ်လာနိုင်သောအခြေအနေများကို ကြိုတင်ပြင်ဆင်တွက်ဆ၍ အရေးပေါ်လုပ်ဆောင်သင့်သည်များကို စီစဉ်ဆောင်ရွက်နေကြပြီဖြစ်သည်။ ရာသီဥတုပူပြင်းမှုအန္တရာယ်များသည် တဖြည်းဖြည်းမြင့်မားလာသည်ဖြစ်၍ ချက်ချင်းထိတွေ့ခံစားရမည်ဖြစ်သော ကျန်းမာရေးအန္တရာယ်နှင့် ရေရှည်ထိခိုက်ခံစားရမည့် စားရေရိက္ခာပြဿနာများ အတွက် ပြင်ဆင်ဆောင်ရွက်ထားရမည်ဖြစ်သည်။

ကမ္ဘာကြီးပူနွေးလာမှုသည် လူသားများ၏ အလိုဆန္ဒများအတွက် သဘာဝပတ်ဝန်းကျင်ကို အလေးမထားဘဲ ဆောင်ရွက်လာမှုအမျိုးမျိုးကြောင့် ပေါ်ပေါက်လာသော သဘာဝဘေးအန္တရာယ်များဖြစ်သည်။ ကမ္ဘာကြီးပူနွေးလာမှုကြောင့် ပစိဖိတ်သမုဒ္ဒရာအတွင်းရှိ ရေစီးကြောင်းတွင် သဘာဝတရားကြီးက ဖန်တီးပေးထားသော အကာအကွယ်များပျက်ယွင်းပြီး သမုဒ္ဒရာကြီးပူနွေးလာမှုအခြေအနေမှ ယခုဖြစ်စဉ်များ ပေါ်ပေါက်လာခဲ့သည်။ အယ်လ်နီညိုဖြစ်စဉ်ကြောင့် အပူချိန်မြင့်တက်လာပြီး မိုးရွာသွန်းမှု မှုမမှန်ခြင်း၊ မုန်တိုင်းဖြစ်ပေါ်မှု မှုမမှန်ခြင်း၊ လာမည့်ဆောင်းရာသီနှင့် နွေရာသီကာလများတွင် အပူချိန်များမြင့်မားခြင်း၊ မိုးခေါင်ရေရှားခြင်း စသည့်အစွန်းရောက်ဖြစ်စဉ်များ ဖြစ်ပေါ်လာသည်။

အဆိုပါအယ်လ်နီညိုဖြစ်စဉ်ကြောင့် လာမည့်ဆောင်းရာသီနှင့် နွေရာသီကာလများတွင် အပူချိန်မြင့်မားခြင်းနှင့် ရေရှားပါးခြင်းများဖြစ်ပေါ်နိုင်ပြီး မြစ်ချောင်း၊ အင်းအိုင်၊ ရေတွင်း၊ ရေကန်များတွင် ရေနည်းပါးနိုင်ခြင်း၊ သောက်သုံးရေနှင့် စိုက်ပျိုးရေပြေတ်လပ်ခြင်း၊ ရေမလုံလောက်မှုများ ဖြစ်ပေါ်လာနိုင်ခြင်း၊ အပူလွှဲပ်ခြင်း၊ ရေခေတ်ခန်းခြောက်ခြင်း၊ ရေလှောင်တမံများတွင် ရေဝင်နည်းပါးခြင်း၊ ရေအားလျှပ်စစ်ထုတ်လုပ်နိုင်မှု လျော့နည်းသွားနိုင်ခြင်းတို့ကြောင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုလျော့နည်းပြီး လျှပ်စစ်လိုအပ်ချက် မြင့်မားလာနိုင်သည့်အခြေအနေများရှိလာမည်ဖြစ်သောကြောင့် သက်ဆိုင်ရာကဏ္ဍများအလိုက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရမည်များရှိသလို ပြည်သူများအနေဖြင့်လည်း ရေကိုခြိုးခြံချွေတာသုံးစွဲခြင်း၊ လျှပ်စစ်ဓာတ်အားကို ချွေတာ၍ ဖြစ်မနေ လိုအပ်သလောက်သုံးစွဲခြင်းတို့ကို ဆောင်ရွက်ကြရမည်ဖြစ်သည်။

ဖော်ပြပါ ရင်ဆိုင်ကြုံတွေ့နိုင်သည့် သဘာဝဖြစ်စဉ်များနှင့်ပတ်သက်၍ ရေတို ဆောင်ရွက်ရမည့်အစီအမံများရှိသလို ရေရှည်ဆောင်ရွက်ကြရမည့် အပူဒဏ် အန္တရာယ်ကာကွယ်ရေး၊ ရေခြိုးခြွေချွေတာရေးအစီအစဉ်များကို အလေးထားဆောင်ရွက်ကြရမည်ဖြစ်သည်။ အရေးကြီးသည့် သောက်သုံးရေနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူတစ်ဦးချင်းစီအနေဖြင့် ရေကို အလေအလွင့်မရှိအောင် သုံးစွဲကြရန်နှင့် မိုးရေကို စုဆောင်းအသုံးပြုခြင်း၊ သစ်ပင်စိုက်ပျိုးခြင်း၊ ရေငွေ့ပြန်မှုကိုလျှော့ချနိုင်သည့် ရေသုံးစွဲမှုနည်းလမ်းများအသုံးပြုခြင်း၊ ခြောက်သွေ့မှုဒဏ်ခံနိုင်သောအပင်များစိုက်ပျိုးခြင်း၊ ရေနည်းနည်းဖြင့် အပင်ရှင်သန်စေရန်ဆောင်ရွက်ခြင်းတို့ကို ပြုလုပ်ကြရမည်ဖြစ်သည်။ သို့ဖြစ်ရာ အဆိုပါအစီအစဉ်များကို နိုင်ငံအစိုးရနှင့် သက်ဆိုင်ရာတို့က အလေးထားဆောင်ရွက်ကြမည်ဖြစ်သလို ပြည်သူများအားလုံးက လည်း တက်ညီလက်ညီ အသိစိတ်ဓာတ်ရှိစွာဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

လူငယ်တွေ ပညာတတ်ဖြစ်အောင်လုပ်၊ စည်းကမ်းနဲ့ပတ်သက်ပြီး သိရှိအောင်လုပ်၊ အပျော်အပါးတွေလျှော့

လူငယ်တွေအနေနဲ့ ပညာရေးမှာ ကြိုးစားကြပြီး ပညာတတ်တွေဖြစ်အောင်လုပ်ကြဖို့၊ စည်းကမ်းနဲ့ပတ်သက်ပြီး သိရှိအောင်လုပ်ကြဖို့၊ ကြိုးစားအားထုတ်ကြဖို့ လိုပါတယ်။ နောက်ပြီး အပျော်အပါးတွေ လျှော့စေချင်တယ်။ လူငယ်တွေ ကြိုးစားစေချင်တယ်။ တိုင်းပြည်အတွက် အလားအလာတွေ အများကြီးရှိပါတယ်။

(နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၃၁-၇-၂၀၂၆ ရက်နေ့တွင် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့သို့ တက်ရောက်၍ နိုင်ငံတော်အစိုးရ၏ ရက် (၁၀၀)ပြည့် အခြေပြုမိန့်ခွန်းပြောကြားပြီး မီဒီယာများ၏ မေးမြန်းမှုများအပေါ် ဖြေကြားချက်မှ ကောက်နုတ်ချက်)

☆ ရှေ့ဖုံးမှ

အစည်းအဝေးတွင် မြို့အဆင့် တိုးချဲ့ဆောင်ရွက်ပေးနိုင်ရေး၊ ဝန်ထမ်းအိမ်ရာအဆောက်အအုံများ တည်ဆောက်ပေးနိုင်ရေး၊ ယာယီနေရပ်စွန့်ခွာသူများ နေရပ်ပြန်လည်နေထိုင်ရေး၊ လမ်းအသုံးပြုနိုင်အောင် ဆောင်ရွက်ပေးနိုင်ရေး၊ မျိုးဆက်သစ်လူငယ်များအား ယဉ်ကျေးမှုဘာဝနေနည်းဆိုင်ရာ အသိပညာစာပေများ သင်ကြားပေးနိုင်ရေး၊ ပုဂ္ဂလိကပိုင်ကျောင်းများ ဥပဒေနှင့်အညီဖြစ်စေရန် ဆောင်ရွက်ပေးနိုင်ရေး၊ ဥပဒေပညာဘာသာရပ်ကို အခြေခံပညာအလယ်တန်း နှင့် အထက်တန်းများတွင် သင်ကြားပေးနိုင်ရေး၊ လျှပ်စစ်မီးရရှိအောင် ဆောင်ရွက်ပေးနိုင်ရေးတို့နှင့် စပ်လျဉ်း၍ မေးခွန်းကိုးခု မေးမြန်းဖြေကြားခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဦးစွာ စဉ့်ကိုင်မဲဆန္ဒနယ်မှ ဦးထွန်းထွန်းနိုင်၏ **စဉ့်ကိုင်မြို့နယ် ပလိပ်ကျေးရွာအုပ်စုအား ပလိပ်မြို့အဖြစ် မြို့အဆင့် တိုးချဲ့ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မင်းသူက စဉ့်ကိုင်မြို့နယ် ပလိပ်ကျေးရွာအုပ်စုအား မြို့အဖြစ် တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခွင့်ရရှိနိုင်ရေးတွက် မြို့အင်္ဂါရပ်နှင့် ပြည့်စုံရမည့်အချက် ၂၁ ချက်အနက် ၁၆ ချက်သာပြည့်စုံပြီး ကလေးများအပန်းဖြေရန် ဥယျာဉ်/ ကစားကွင်း၊ တိုးတက်လာမည့်လူဦးရေအတွက် မြို့ဧရိယာတိုးချဲ့မည့်အစီအမံ၊ အမှိုက်စွန့်ရန်မြေနေရာ၊ မိလ္လာစွန့်ရန် မြေနေရာတို့မရှိသေးသည်ကို ဖြေကြားခဲ့သည်။ ထို့ကြောင့် ဆက်လက်ဆောင်ရွက်ရန် လိုအပ်ချက်များကို ဖြည့်စွက်ပေးနိုင်ရန် ဦးမောင်ဆွေ၏ **လောပိတ မြို့၌ ရဲစခန်းရုံးနှင့် ဝန်ထမ်းများနေထိုင်ရန် အိမ်ရာအဆောက်အအုံများ တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဗိုလ်ချုပ်မင်းသူက ၂၀၂၁ ခုနှစ် မတ်လတွင် KNDF/ PDF အကြမ်းဖက်သောင်းကျန်းသူများက လောပိတ နယ်မြေရဲစခန်းကို သာလွန်အင်အားများဖြင့် ဝင်ရောက်တိုက်ခိုက်ခဲ့ပြီး မီးရှို့ဖျက်ဆီးမှုကြောင့် ရုံး/နေအိမ်အဆောက်အအုံများအားလုံး ပျက်စီးခဲ့ပါကြောင်း၊ ရုံး/နေအိမ်အဆောက်အအုံများ ပျက်စီးခဲ့သောကြောင့် လူနေထိုင်၍မရရှိတော့သဖြင့် တပ်ဖွဲ့ဝင် နှင့် မိသားစုများသည် ၂၃-၅-၂၀၂၁ ရက်နေ့မှစတင်၍ ခြေလျင်တပ်ရင်း(လောပိတမြို့)နှင့် လွှိုင်ကော်မြို့နယ် ရဲတပ်ဖွဲ့ မှူးရုံးတို့တွင် တွဲဖက်နေထိုင်၍ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေလုံခြုံရေးတာဝန်များကို ဆောင်ရွက်လျက်ရှိပါကြောင်း။

လောပိတနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် လက်ရှိနယ်မြေအခြေအနေအရ ခြေလျင်တပ်ရင်းတွင်အခြေပြုပြီး တပ်မတော်နှင့်အတူပူးပေါင်း၍ နယ်မြေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်နေရဆဲဖြစ်သဖြင့် နယ်မြေတည်ငြိမ်အေးချမ်းမှုရှိပါက အကြမ်းဖက်သောင်းကျန်းသူများ၏ မီးရှို့ဖျက်ဆီးခြင်းခံရသော လောပိတနယ်မြေရဲစခန်းကို ခြံစည်းရိုးကာရံခြင်းလုပ်ငန်း၊ နယ်မြေရဲစခန်းရုံးအဆောက်အအုံ တစ်လုံးနှင့် ၄ ခန်းတွဲ ၂ ထပ် သံကူကွန်ကရစ် အဆောက်အအုံတစ်လုံးတို့အား နီးစပ်ရာဘဏ္ဍာရေးနှစ်အလိုက် ရန်ပုံငွေလျာထားတောင်းခံ၍ ဆောက်လုပ်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ကျောက်ကြီးမဲဆန္ဒနယ်မှ ဦးဟံသာဝင်း၏ **ကျောက်ကြီးမြို့နယ်နှင့် နတ်သံကွင်းမြို့ ယာယီနေရပ်စွန့်ခွာသူများ နေရပ်ပြန်လည်နေထိုင်ရေးနှင့် ကျောက်ကြီး- နတ်သံကွင်း- ပဲနွယ်ကုန်းလမ်းအား အသုံးပြုနိုင်ရေး ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မင်းသူက ကျောက်ကြီး-နတ်သံကွင်း ကားလမ်းတစ်လျှောက်တွင် KNU/ PDF အကြမ်းဖက်အဖွဲ့များက တပ်မတော်/လုံခြုံရေးတပ်ဖွဲ့ဝင်များကို ချောင်းမြောင်းပစ်ခတ်ခြင်း၊ အများပြည်သူများသွားလာအသုံးပြုသည့် မော်တော်ယာဉ်များကို မိုင်းဆွဲတိုက်ခိုက်ခြင်းများ ပြုလုပ်လျက်ရှိခြင်းကြောင့် လတ်တလောတွင် ကျောက်ကြီး-နတ်သံကွင်း ကားလမ်းအား အသုံးပြု၍ မရနိုင်သေးပါကြောင်း၊ ကျောက်ကြီးမြို့နယ်တွင် ပြောင်းရွှေ့/ ရောက်ရှိ/ ထွက်ခွာမည့်ဝန်ထမ်းများ၊ တက္ကသိုလ်များသို့ ပညာသင်ကြားရန်သွားရောက်မည့် ကျောင်းသားကျောင်းသူများ၊ ကျန်းမာရေးအရ ဆေးဝါးကုသမှုခံယူမည့်သူများ သွားလာမှုအဆင်ပြေစေရေးအတွက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီက သက်ဆိုင်ရာနယ်မြေခံတပ်နယ်သို့ ခရီးသွားရောက်မည့်အခြေအနေကို သတင်းပို့တင်ပြကာ တပ်မတော်ယာဉ်တန်းဖြင့် ပို့ဆောင်ပေးလျက်ရှိပါကြောင်း။

ကျောက်ကြီးမြို့နယ် ကျောက်ကြီး-နတ်သံကွင်း ကားလမ်းမကြီး၏ ဝဲ/ယာတွင်ရှိသော အကြမ်းဖက်သောင်းကျန်းသူများ ခိုအောင်းလှုပ်ရှားနေသည့် ကျေးရွာများသို့ တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ ပူးပေါင်း၍ နယ်မြေလုင်းလင်းဆောင်ရွက်လျက်ရှိပြီး ကျောက်ကြီးမြို့နှင့် နတ်သံကွင်းမြို့ အနီးပတ်ဝန်းကျင် ရှိ ကျေးရွာများတွင် အကြမ်းဖက်သောင်းကျန်းသူများ မြှုပ်နှံထားသည့်မိုင်းများကို တပ်မတော်မှ ရှင်းလင်း ဆောင်ရွက်လျက်ရှိပါသောကြောင့် ပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းသည့်အချိန်မှသာ သွားလာ နေထိုင်နိုင်မည်ဖြစ်ပါကြောင်း။

ယာယီနေရပ်စွန့်ခွာပြည်သူများအား စိစစ်၍ ပြန်လည်နေရာချထားခြင်းနှင့်စပ်လျဉ်း၍ ယာယီနေရပ်စွန့်ခွာပြည်သူများနှင့်အတူ အကြမ်းဖက်သမားများ ရောနှောဝင်ရောက်လာမှုမရှိစေရေး အတွက် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် စနစ်တကျ စိစစ်ပြီး အိမ်ထောင်စုအလိုက် ပြန်လည်နေရာချထားနိုင်ရန် စိစစ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ တိုက်ပွဲဖြစ်ပွားခဲ့သော ကျေးရွာများ၏ တည်ဆောက်ရေးလုပ်ငန်းများကို သက်ဆိုင်ရာမှ ပုံပို့ကူညီခြင်းများ ဆောင်ရွက်ပေးမှုနှင့်ပတ်သက်၍ ပြန်လည် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဆောက်လုပ်ရေးပစ္စည်းများ အချိန်မီရရှိနိုင်ရေး သက်ဆိုင်ရာ ခရိုင်/မြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပြီး ယာယီနေရပ်စွန့်ခွာပြည်သူများ နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ ယခုအချိန်တွင် နတ်သံကွင်းမြို့အတွင်းသို့ အကြမ်းဖက်သောင်းကျန်းသူများက ရံဖန်ရံခါ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် နှောင့်ယှက်ပစ်ခတ်ခြင်း၊ Drop Bomb များ FPV drone များဖြင့် တိုက်ခိုက်ခြင်းများ မကြာခဏပြုလုပ်လျက်ရှိသဖြင့် လတ်တလောတွင် လုံခြုံရေးအခြေအနေအရ ဒေသခံပြည်သူများ ပြန်လည်နေထိုင်ရန် မသင့်လျော်သေးပါကြောင်း၊ လုံခြုံရေးအခြေအနေများ ကောင်းမွန်သည့်အချိန်မှသာ ယာယီနေရပ်စွန့်ခွာပြည်သူများကို ပြန်လည်နေရာချထားခြင်း၊ တိုက်ပွဲဖြစ်ပွားခဲ့သောကျေးရွာများ၏ ပြန်လည် တည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ပေါင်းတည်မဲဆန္ဒနယ်မှ ဒေါ်ဆွေဆွေသင်း၏ **မျိုးဆက်သစ်များ၏ ကျောင်းပညာရေးတွင် ယဉ်ကျေးမှုဘဝနေနည်းဆိုင်ရာ အသိပညာစာပေများ သင်ကြားပေးနိုင်ရေး မည်သို့စီမံဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်ကပညာရေးဝန်ကြီးဌာနအနေဖြင့် အနာဂတ်မျိုးဆက်သစ်လူငယ်များ စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်ပြီး ထူးချွန်ထက်မြက်သော လူတော်လူကောင်းများ ဖြစ်လာစေရန်ရည်မှန်း၍ ယဉ်ကျေးမှုဆိုင်ရာ ပြည်သူ့နီတိ၊ ဒီမိုကရေစီသဘောသဘာဝ၊ဥပဒေဆိုင်ရာသင်ခန်းစာများ၊ ယဉ်ကျေးမှုဘဝနေနည်းဆိုင်ရာ အသိပညာစာပေများစသည်တို့ကို ကျောင်းသား ကျောင်းသူများအား သင်ကြားပေးရုံသာမက မျိုးဆက်သစ်များအား လေ့ကျင့်ပြုစုပျိုးထောင်ပေးလျက်ရှိသည့် ဆရာဆရာမများနှင့် ပညာရေးဒီဂရီကောလိပ်များတွင် တက်ရောက်လျက်ရှိသည့် ဆရာ ဆရာမ လောင်းလျာများကိုလည်းဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်း (ToT) သင်တန်းများ ပို့ချသင်ကြားပေးလျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ဟားခါးမဲဆန္ဒနယ်မှ ဦးဗန်နီ၏ **ဥပဒေမဲ့ဖွင့်လှစ်ထားသည့် ပုဂ္ဂလိကပိုင်ကျောင်းများအား အရေးယူရန်နှင့် တရားဝင်ဖွင့်လှစ်ထားသည့် ပုဂ္ဂလိကပိုင် ကျောင်းများအနေဖြင့် ဥပဒေနှင့်အညီ ဆောင်ရွက်ခြင်းရှိ/မရှိ စောင့်ကြည့်ကြပ်မတ်ရန် အစီအစဉ် ရှိ/မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က ပညာရေးဝန်ကြီးဌာနက ဖွင့်လှစ်ခွင့်ပြုခဲ့သည့် အမျိုးသားသင်ရိုးညွှန်းတမ်းသင် ပုဂ္ဂလိကကျောင်းများ၊ နိုင်ငံတကာသင်ရိုးညွှန်းတမ်းသင် ပုဂ္ဂလိက ကျောင်းများတွင် သင်ကြားရေးတာဝန်ထမ်းဆောင်နေသည့် ပုဂ္ဂလိကကျောင်းဆရာများ၊ စီမံဝန်ထမ်းများ (အချိန်ပိုင်း၊ အဖြတ်မ်း)တို့အား DCS ပြုလုပ်ထားသည့် ဆရာ ဆရာမများ သင်ကြားမှုမရှိစေရေး သေချာစွာ စီစစ်ကြပ်မတ်ရန်၊ စာသင်ကြားခြင်းတွေ့ရှိပါက ကျောင်းများအား ပိတ်သိမ်းအရေးယူရန်နှင့် ပုဂ္ဂလိက ဆရာ ဆရာမများ၏ ကိုယ်ရေးအချက်အလက်များအား သေချာစွာစီစစ်ရေးကြီးကြပ်ဆောင်ရွက်သွားရန် ညွှန်ကြားဆောင်ရွက်ထားပြီးဖြစ်ပါကြောင်း၊ ကိုယ်ရေး မှတ်တမ်းများတင်ပြရာတွင်လည်း ယခင်ပညာရေး ဝန်ထမ်းအဖြစ်ဆောင်ရွက်ခဲ့ခြင်း ရှိ/ မရှိ၊ DCS ပြုလုပ်ခဲ့ခြင်းမရှိကြောင်း ဝန်ခံကတိပြုချက်၊ ဘွဲ့လက်မှတ် မိတ္တူများအား ကာယကံရှင်နှင့် သက်ဆိုင်ရာကျောင်း တည်ထောင်သူတို့က မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ် ရေးထိုးပြီး ကျောင်းအလိုက်စုစည်းကာ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းကြီးကြပ်ရေးအဖွဲ့သို့ ပေးပို့စေလျက်ရှိပါကြောင်း။

ပညာရေးဝန်ကြီးဌာနအနေဖြင့် ဥပဒေမဲ့ လုပ်ထုံးလုပ်နည်းနှင့်မညီဘဲ အတန်းကျော်လွန်တက်ရောက်ခွင့်ပြုခြင်းဆောင်ရွက်ကြောင်း စိစစ်တွေ့ရှိရပါက ပုဂ္ဂလိကပညာရေးဥပဒေ ပုဒ်မ ၅၁ အရ စီမံခန့်ခွဲရေးနည်းလမ်းအတိုင်း ပြစ်ဒဏ်ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

မြို့သစ်မဲဆန္ဒနယ်မှ ဦးစိုးဝင်း၏ **ဥပဒေပညာ ဘာသာရပ်ကို အခြေခံပညာအလယ်တန်းနှင့် အထက်တန်းများတွင် သင်ကြားနိုင်ရေး မည်သည့် နှစ်မှစတင်ဆောင်ရွက်မည်ကို သိရှိလိုခြင်းမေးခွန်း** နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က အဆင့်ဖြင့်ပညာဦးစီးဌာနအနေဖြင့် တက္ကသိုလ်များတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေအပါအဝင် သိသင့်သိထိုက်သည့် ဥပဒေတို့နှင့်စပ်လျဉ်း၍ ဥပဒေပညာအသိပညာပေး အစီအစဉ်များ ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် အခြေခံပညာအလယ်တန်းဆင့် Grade-8၊ Grade-9 တွင်စာရိတ္တနှင့်ပြည်သူ့နီတိဘာသာရပ်များသင်ကြားပို့ချပေးလျက်ရှိပါကြောင်း။ အခြေခံပညာအထက်တန်းဆင့် Grade-10၊ Grade-11၊ Grade-12 တန်းများတွင် စာရိတ္တနှင့် ပြည်သူ့နီတိဘာသာရပ်များ သင်ကြားပို့ချပေးလျက်ရှိသည့်အပြင် ဥပဒေရေးရာ ဝန်ကြီးဌာနမှ ပြုစုထားသည့် ဥပဒေအသိပညာ သင်ရိုးညွှန်းတမ်းပါသင်ခန်းစာများကို ၂၀၂၅-၂၀၂၆ ပညာသင်နှစ်မှစတင်၍ သင်ကြားပို့ချပေးလျက်ရှိပါကြောင်းနှင့် ဆက်လက်၍လည်း နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ကျောင်းကုန်းမဲဆန္ဒနယ်မှ ဒေါက်တာထိန်ဝင်း၏ **ကျောင်းကုန်းမြို့နယ် ဂုံမင်းကျေးရွာ လျှပ်စစ်မီးလင်းရေးနှင့် 66KV ခွဲရုံတည်ဆောက်ပေးရန် မည်သည့် ဘဏ္ဍာနှစ်မှစ၍ ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း မေးခွန်း**နှင့်စပ်လျဉ်း၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်က ကျောင်းကုန်း မြို့နယ် ဂုံမင်းကျေးရွာ ဓာတ်အားရရှိရေးအတွက် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်ရန် လျာထားသည့် ၆၆ ကေဗွီ ကျောင်းကုန်း (လှည်းဆိပ်) ဓာတ်အားခွဲရုံ တည်ဆောက်ပြီးစီးပါက အဆိုပါ ဓာတ်အားခွဲရုံမှတစ်ဆင့် ဓာတ်အားရယူ၍ ၁၁ ကေဗွီ ဓာတ်အားလိုင်း ၅ ဒသမ ၂ မိုင်နှင့် ၁၁/၀ ဒသမ ၄ ကေဗွီ၊ ၂၀၀ ကေဗွီအေ ထရန်စဖော်မာ တစ်လုံး တည်ဆောက်၍ လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်မည် ဖြစ်ပါကြောင်း။ ၆၆ ကေဗွီ ကျောင်းကုန်း (လှည်းဆိပ်) ဓာတ်အားခွဲရုံ တည်ဆောက်နိုင်ရေးအတွက် ခွဲရုံမြေနေရာအား အခြားနည်းသုံးစွဲခွင့်ရှိရေး ဆောင်ရွက်ဆဲဖြစ်ပြီး ခွင့်ပြုချက်ရရှိပါက နီးစပ်ရာ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေတွင် ထည့်သွင်း လျာထားသွားမည် ဖြစ်ပါကြောင်း။

စာမျက်နှာ ၄ သို့ ☆

✯ စာမျက်နှာ ၃ မှ

သို့ဖြစ်ပါ၍ ဖိုဖ ကေဗွီ ကျောင်းကုန်း (လှည်းဆိပ်) ဓာတ်အားခွဲရုံ တည်ဆောက်ပြီးစီးပါက ဂုံမင်းကျေးရွာ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ၁၁ ကေဗွီ ဓာတ်အားလိုင်း ၅ သမ၂ မိုင်နှင့် ၁၁/၀ ဒသမ ၄ ကေဗွီ ထရန်စဖော်မာ ၁ လုံး တည်ဆောက်ခြင်းအား တိုင်းဒေသကြီးအစိုးရအဖွဲ့ ငွေလုံးငွေရင်းရန်ပုံငွေ ခွဲဝေရရှိမှုအပေါ်မူတည်၍ လျာထားဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

သာကေတမဲဆန္ဒနယ်မှ ဒေါ်အေးမြမြကြိုင်၏ **သာကေတမြို့နယ်အတွင်း 11KV Feeder Lines များ၊ 400 V Lines များနှင့် Transformer များကို အဝိုင်းလိုက် အသစ်လဲခြင်း သို့မဟုတ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို လက်ရှိဘဏ္ဍာနှစ်နှင့် လာမည့် ဘဏ္ဍာနှစ်အတွင်း မည်သို့စီစဉ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်** စပ်လျဉ်း၍ ဒုတိယ ဝန်ကြီး ဦးအေးကျော်က သာကေတမြို့နယ်အတွင်းရှိ စက်မှုဇုန်အား ၂၀၂၅ ခုနှစ် ဒီဇင်ဘာလမှစ၍ LNG ဓာတ်အားဖြင့်လည်း ဓာတ်အားဖြန့်ဖြူးပေးထားပါသဖြင့် ယခင်နှစ်များထက် ဓာတ်အားပိုမိုဖြန့်ဖြူးပေးနိုင်ခဲ့ပါကြောင်း၊ ယူနစ်ပျောက်ဆုံးမှုလျော့နည်းကျဆင်းစေရေး၊ မီးသုံးစွဲသူများအနေဖြင့် သုံးစွဲသည့် ယူနစ်အား မိမိကိုယ်တိုင် ဖတ်ရှုမှတ်သားနိုင်ရေး အတွက် AMI စနစ်သို့ပြောင်းလဲခြင်း လုပ်ငန်းများအား ယခုနှစ် စက်တင်ဘာလမှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအချိန်ထိ မိတာအလုံး ၆၇၈၀ အား AMI စနစ်သို့ ပြောင်းလဲပေးထားပြီး ကျန်မိတာ ၃၃၉၂၆ လုံးအား ယခုနှစ်အကုန်တွင် အပြီးသတ်ဆောင်ရွက်ရန် လျာထားပြီးဖြစ်ပါကြောင်းနှင့် 11KV Feeder Line များ၊ 400V Line များနှင့် ထရန်စဖော်မာများအား အဝိုင်းလိုက် အသစ်လဲခြင်း (သို့မဟုတ်) အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို လက်ရှိဘဏ္ဍာရေးနှစ်နှင့် ၂၀၂၇–၂၀၂၈ ဘဏ္ဍာရေးနှစ်အတွင်း ဘတ်ဂျက်ခွင့်ပြုချက်ပေါ်မူတည်၍ ဦးစားပေးအလိုက် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ဖိုးနဲမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းလင်း၏ **ဖိုးနဲမြို့နယ် နောင်ဟီးကျေးရွာအုပ်စုရှိ လွယ်ဆိုင်၊ နမ့်အွန်နှင့် ပါဟာကျေးရွာများ လျှပ်စစ်မီးရရှိရေးအတွက် မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်းနှင့်** စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးအေးကျော်က ဖိုးနဲမြို့နယ် ကျိုင်းတောင်းမြို့ နောင်ဟီးကျေးရွာအုပ်စုအတွင်းရှိ လွယ်ဆိုင်၊ နမ့်အွန်နှင့် ပါဟာကျေးရွာသုံးရွာ ဓာတ်အားရရှိရေးအတွက် ဆောင်ရွက်ရန်လိုအပ်သည့် ၁၁ ကေဗွီ ဓာတ်အားလိုင်း ၁၂ ဒသမ ၃၅ မိုင်၊ ၁၀၀ ကေဗွီအေ ထရန်စဖော်မာ ၃ လုံးနှင့် ၄၀၀ မို့ ဓာတ်အားလိုင်း ၁ ဒသမ ၄၇ မိုင် အား ရှမ်းပြည်နယ်အစိုးရငွေလုံးငွေရင်းရန်ပုံငွေဖြင့် ၂၀၂၈–၂၀၂၉ ဘဏ္ဍာရေးနှစ်မှစတင်၍ ဘဏ္ဍာနှစ်အလိုက် ဦးစားပေးထည့်သွင်းလျာထားသွားမည်ဖြစ်ပြီး ဘဏ္ဍာငွေခွင့်ပြုရရှိမှုအပေါ်မူတည်၍ ရွာစဉ်အလိုက် ဆက်လက်တည်ဆောက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

တတိယအကြိမ်ပြည်သူ့လွှတ်တော် တတိယပုံမှန် အစည်းအဝေး ၂၂ ရက်မြောက်နေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ၂၃ ရက်မြောက်နေ့ကို နိုဝင်ဘာ ၄ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **သတင်းအဖွဲ့**

✻ သက်တမ်းလွန်မှု

မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ (CNG)သည် သဘာဝဓာတ်ငွေ့ကို လေထုဖိအား၏အဆ ၂၀၀ ဖြင့် ဖိသိပ်၍ အိုးအတွင်းထည့်သွင်းထားသည့် ဖိအားအလွန်မြင့်သော ဓာတ်ငွေ့ဖြစ်သဖြင့် ပေါက်ကွဲမှုဖြစ်ပွားပါက ပတ်ဝန်းကျင်ရှိ အများပြည်သူအသက်အိုးအိမ်များ ထိခိုက်ပျက်စီးစေနိုင်ပါသည်။ ထို့ကြောင့် ခရီးသွားပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရန်အတွက် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ဌာနသည် CNG ယာဉ်များ၏ ဆလင်ဒါအိုးနှင့် ဆက်စပ်ပစ္စည်းများ ဘေးကင်းလုံခြုံမှု (Safety) ရှိ/မရှိ နှစ်စဉ် နှစ်ပတ်လည်စစ်ဆေးခြင်းများ (Annual Inspection) ဆောင်ရွက်ပြီး စစ်ဆေးမှုအောင်မြင်သော ယာဉ်များကိုသာ CNG အသုံးပြုခွင့်စာအုပ်နှင့် ကတ်ထုတ်ပေး၍ မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ (CNG)ကို ရောင်းချပေးလျက်ရှိပါသည်။



CNG ယာဉ်များတွင် တပ်ဆင်ထားသည့် ဆလင်ဒါအိုးနှင့် ဆက်စပ်ပစ္စည်းများကို နှစ်ပတ်လည်စစ်ဆေးခြင်း (Annual Inspection) ဆောင်ရွက်နေစဉ်။



CNG Retest Factory အလုပ်ရုံတွင် ဆလင်ဒါအိုးများ စစ်ဆေးနေစဉ်။

ထို့အပြင် မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့ဌာနရှိ CNG Retest Factory အလုပ်ရုံတွင်လည်း ထုတ်လုပ်သည့်ခုနှစ်မှ သက်တမ်းငါးနှစ်ပြည့်ပြီးသော CNG ဆလင်ဒါအိုးများကို ပထမအကြိမ် စစ်ဆေးမှုခံယူစေခြင်း၊ ၁၀ နှစ်ပြည့်ပြီးသော CNG ဆလင်ဒါအိုးများကို ဒုတိယအကြိမ် စစ်ဆေးမှုခံယူစေခြင်း၊ သက်တမ်း ၁၅ နှစ်ပြည့်ပြီးသော CNG ဆလင်ဒါအိုးများကို သတ်မှတ်စံချိန်စံညွှန်းများအရ သက်တမ်းလွန်ပယ်ဖျက် (Reject) အဖြစ် သတ်မှတ်ကာ အိုးအသစ်ပြောင်းလဲတပ်ဆင် အသုံးပြုစေခြင်းများကို စနစ်တကျ စစ်ဆေးဆောင်ရွက်ပေးလျက်ရှိပါသည်။

ခရီးသွားပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် CNG ယာဉ်များ အနေဖြင့် ယာဉ်တွင်တပ်ဆင်အသုံးပြုလျက်ရှိသော သက်တမ်း ၁၅ နှစ်ပြည့်ပြီး ဖြစ်သည့် CNG ဆလင်ဒါအိုးများအား ၂၀၂၆ ခုနှစ် နိုဝင်ဘာ ၁၅ ရက်မတိုင်မီ CNG ဆလင်ဒါအိုးအသစ်လဲလှယ်တပ်ဆင်ကာ မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့ဌာနသို့လာရောက်၍ စစ်ဆေးမှုခံယူသွားကြရန်နှင့် သက်တမ်းကျော်လွန်ပြီး CNG ဆလင်ဒါအိုး အသစ်လဲလှယ်ခြင်းမရှိသော ယာဉ်များကို သဘာဝဓာတ်ငွေ့ဝယ်ယူခွင့် ပိတ်သိမ်းသွားမည်ဖြစ်သောကြောင့် အိုးအသစ်လဲလှယ်တပ်ဆင်ကာ မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ဌာနတွင် လာရောက်စစ်ဆေးမှုခံယူပြီး မှသာလျှင် သဘာဝဓာတ်ငွေ့ဝယ်ယူခွင့်အား ပြန်လည်ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန

❖ မြန်မာ့ယဉ်ကျေးမှု

ဒေသထွက် စားသောက်ကုန်များ၊ မြန်မာ့ရိုးရာ လက်မှုပစ္စည်းများ ဖြစ်သည့် ယွန်းထည်၊ ကြိမ်ထည်၊ ရွှေချည်ငွေချည်ထိုး လုပ်ငန်းများနှင့် အနုသုခုမလက်ရာများကို ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရန်၊ ယခုခေတ်လူငယ်များ အနေဖြင့် မိမိတို့၏ ရိုးရာဓလေ့ထုံးစံပွဲတော်များကို တန်ဖိုးထားတတ်စေရန်၊ ပျောက်ပျက် မသွားအောင် ထိန်းသိမ်းစောင့်ရှောက်နိုင်ရန်နှင့် နိုင်ငံတကာကို မြန်မာ့ယဉ်ကျေးမှု အဆင့်အတန်းနှင့်ရိုးရာစားသောက်ကုန်များကို သိရှိနိုင်စေရန်ရည်ရွယ်၍ ပွဲကိုကျင်းပခြင်းဖြစ်ကြောင်း ပြောကြားသည်။

မြန်မာလူမျိုးတို့၏ နေ့စဉ်ဘဝနှင့် အစဉ်အလာများကို ပေါ်လွင်စေသည့် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ခေတ်နှင့်အညီ ပြန်လည်ဖော်ထုတ်ထိန်းသိမ်းသည့် အနေဖြင့် "မြန်မာ့ရိုးရာပွဲစေ့း" ကို နိုဝင်ဘာ ၆ ရက်မှ ၈ ရက်အထိ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်း မြို့နယ် Inya Lake Hotel ၊ ရန်ကုန် ကွန်ဗင်းရှင်းစင်တာ (YCC) ၌ နံနက် ၁၀ နာရီမှ ည ၈ နာရီအထိ ခင်းကျင်း ပြုလုပ်သွားမည်ဖြစ်ပြီး မြန်မာ့ရိုးရာအစားအစာများ၊ မြန်မာ့ရိုးရာအဝတ်အထည်များ၊ မြန်မာ့စားဖွယ် ပြုလုပ်နည်းသရုပ်ပြပွဲများ၊ မြန်မာ့စားအစားအစာနှင့် အာဟာရတန်ဖိုး စကားပိုင်းများ၊ စမ်းရေဖြူးဇာတ်ပွဲနှင့် Project K အဖွဲ့ ဖျော်ဖြေပွဲများ၊ တိုင်းရင်းသား ပဒေသာအကများ စသည်ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

မြန်မာ့ရိုးရာပွဲစေ့းတွင် ဆိုင်ခန်း ပေါင်း ၁၅၅ ခန်းကို ဇုန်သုံးခုခွဲ၍ ဇုန်(A) ပွဲစေ့းတန်းတွင် အစားအသောက်များ၊ ဇုန်(B)စေ့းတန်းတွင် ဒေသအသီးသီး၏စားသောက်ကုန်များ၊ ဇုန်(C)တွင် တိုင်းရင်းသားဒေသအသီးသီးမှ ထွက်ကုန်နှင့် လူသုံးကုန်အမျိုးမျိုးပါဝင်မည်ဖြစ်ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)


❍ အားကောင်းသောမှ

မြောက်-အရှေ့မြောက်ဘက် ရေမိုင် ၉၀ ခန့်နှင့် မာချီလီပတ္တနမ်မြို့၏တောင်ဘက် ရေမိုင် ၁၀၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "မူရားစု"၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့်အခြေအနေ မရှိသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်သည်။

အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "မူရားစု"၏ တည်နေရာ၊ ဗဟိုချက်လေဖိအားနှင့် လေတိုက်နှုန်း

အဆိုပါ အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "မူရားစု"သည် မွန်းလွဲ ၃ နာရီခွဲတွင် မြောက်လတ္တီကျူ ၁၄.၄ ဒီဂရီနှင့် အရှေ့လောင်ဂျီကျူ ၈၀ ဒသမ ၉ ဒီဂရီတွင် ရှိပြီး ဗဟိုချက်လေဖိအား ၉၉၆ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် ၆၅ မိုင်နှုန်းခန့် ဖြစ်သည်။



၂-၁၁-၂၀၂၆ ရက်နေ့ မြန်မာစံတော်ချိန် ၁၅:၃၀ နာရီအချိန် တိုင်းထွာချက်အရ အားကောင်းသောဆိုင်ကလုန်းမုန်တိုင်း "မူရားစု(MURASU)" လမ်းကြောင်းပြမြေပုံ။

နောက် ၂၄ နာရီအတွင်းခန့်မှန်းချက်

အဆိုပါ အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "မူရားစု"သည် အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နိုဝင်ဘာ ၃ ရက်တွင် အိန္ဒိယနိုင်ငံအင်္ဂဒါမဏ်ကျွန်းစုများ အနီးသို့ ရောက်ရှိလာပြီး ထိုနေရာတွင် ဆက်လက်ရပ်တည်နေမှာ ဖြစ်ပြီး နိုဝင်ဘာ ၄ ရက်တွင် ပြင်းထန်မှုအဆင့် အနည်းငယ်လျော့ပါးသွားပြီး အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားသွားမည်ဟု ခန့်မှန်းရသည်။

သတိပေးနှိုးဆော်ချက်

အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "မူရားစု"၏အရှိန်ကြောင့် ယနေ့ညနေမှ နိုဝင်ဘာ ၃ ရက်အတွင်း စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)တို့တွင် နေရာကွက်ကျားနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာကျဲကျဲနေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်း ကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "မူရားစု"၏ အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ရန်နှင့် ပြည်တွင်းလေကြောင်း ပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြု ရှောင်ရှားနိုင်ရန် အသိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဧလ

❍ ကျောဖုံးမှ

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်လောင်းတစ်ဦးက ကတိသစ္စာပြုပြီး ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန် အစည်းအဝေး ၁၃ ရက်မြောက်နေ့သို့ တက်ရောက်ခွင့် ရှိသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၂၀၉ ဦးရှိသည့်အနက် ယနေ့အစည်းအဝေး သို့ ၂၀၂ ဦး တက်ရောက်သဖြင့် ထက်ဝက်ကျော်သည့် အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာကာ အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ယင်းနောက် ရခိုင်ပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁၀) ဒေါက်တာခိုင်ခိုင်ဆု၏ **မြန်မာနိုင်ငံတစ်ဝန်းတွင်ရှိသော ပြည်တွင်းယာယီနေရပ်စွန့်ခွာနေရသည့် အမျိုးသမီးများ၏ ကျန်းမာရေး၊ လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ အခက်အခဲများကို နိုင်ငံတော်အနေဖြင့် မည်သို့ကူညီဖြေရှင်းပေးရန် စီမံထားရှိသည်ကို သိရှိလိုခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ အမျိုးသမီးရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာနေသွယ်ကြည်က ယာယီနေရပ်စွန့်ခွာအမျိုးသမီးများ ရွှေပြောင်းနေထိုင်ရသူများအတွက် လိုအပ်သော မိခင်နှင့်မျိုးဆက်ပွားဆိုင်ရာ အရည်အသွေးပြည့်ဝသော ကျန်းမာရေးစောင့်ရှောက်မှုများကို အခြားအမျိုးသမီးများနည်းတူ ခွဲခြားဆက်ဆံမှုမရှိစေဘဲ ကျန်းမာရေးဝန်ကြီးဌာနက ၂၀၂၂ ခုနှစ်၌ National Sexual and Reproductive Health Policy တွင် ထည့်သွင်းထားသည်နှင့်အညီ ဆောင်ရွက်ပေးနေပါကြောင်း။

အမျိုးသမီးများနှင့် အရေးပေါ်အခြေအနေကဏ္ဍတွင် သဘာဝဘေးအန္တရာယ်များ၊ ပဋိပက္ခများနှင့် အခြားအရေးပေါ် အခြေအနေများအတွင်း ထိခိုက်ခံစားလွယ်သည့် အမျိုးသမီးများအတွက် ဘေးကင်းလုံခြုံပြီး ပိုမိုကောင်းမွန်သော လူမှုဘဝရရှိနိုင်စေရေးနှင့် အာဆီယံအမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ လုပ်ငန်းစီမံချက်နှင့်အညီ လုပ်ငန်းအစီအစဉ်များအား ထည့်သွင်းရေးဆွဲထားပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း။

အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကဏ္ဍအနေဖြင့် အမျိုးသမီးများနှင့် အမျိုးသမီးငယ်ရွယ်များအပေါ် နည်းမျိုးစုံနှင့် အကြမ်းဖက်မှုမှ လျော့ကျကင်းဝေးစေရေးနှင့် ကြိုတင်တားဆီးကာကွယ်ရေး လုပ်ငန်းစဉ်များ၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုဖြစ်စဉ်များကို တုံ့ပြန်ရေးလုပ်ငန်းစဉ်များအပြင် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုမှ တားဆီးကာကွယ်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ရသည့် ဝန်ထမ်းများအား စွမ်းဆောင်ရည်မြှင့်တင်ခြင်း၊ ပြည်သူများအတွက် ကျား၊ မအခြေပြု အကြမ်းဖက်မှုဆိုင်ရာ အသိပညာပေးခြင်းလုပ်ငန်းစဉ်များ ထည့်သွင်းရေးဆွဲထားကာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း။

အိမ်တွင်းအကြမ်းဖက်မှု၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုနှင့် ကျား၊ မအခြေပြု အကြမ်းဖက်မှုများ၊ ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများကို တိုင်ကြားနိုင်ရန် ယခင်ကလူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအောက်တွင် ၂၄ နာရီ Helpline တယ်လီဖုန်းနံပါတ် “၁၅၆၆” ဝန်ဆောင်မှုကို တည်ထောင်ထားရှိပြီး တိုင်ကြားလာမှုများကို Case Manager များဖြင့် ဖြေရှင်းအကူအညီပေးလျက်ရှိပါကြောင်း၊ ယခုအခါ အမျိုးသမီးရေးရာဝန်ကြီးဌာနအောက်တွင် Helpline တယ်လီဖုန်းနံပါတ် “၁၅၄၄”ကို ဖွင့်လှစ်ထားရှိပြီး ဖြစ်သဖြင့် “၁၅၄၄”သို့ တိုင်ကြားလာသည့်ဖြစ်ရပ်အပြင် “၁၅၆၆”သို့ တိုင်ကြားလာပြီး အမျိုးသမီးရေးရာဝန်ကြီးဌာနသို့ လွှဲပြောင်းပေးပို့လာသည့် ဖြစ်ရပ်များကို လက်ခံကာ ဥပဒေအရစိစစ်အရေးယူဆောင်ရွက်နိုင်ရေး Service Provider များဖြင့် ဖြေရှင်းအကူအညီပေးလျက်ရှိပါကြောင်း၊ အကြမ်းဖက်ခံရသည့် အမျိုးသမီးများအတွက် လိုအပ်ချက်ပေါ်မူတည်၍ ငွေကြေးထောက်ပံ့မှုအနေဖြင့် တရားရင်ဆိုင်ခရီးစရိတ်၊ ပြန်လည်ရပ်တည်ရန်စရိတ်၊ အမျိုးသမီးဦးဆောင် အိမ်ထောင်စုများအတွက် ထောက်ပံ့မှုစရိတ်များကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်နှင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အထိ ထောက်ပံ့ပေးခဲ့ပြီး ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်မှစ၍ အမျိုးသမီးရေးရာဝန်ကြီးဌာနမှ ဆက်လက်ထောက်ပံ့ပေးလျက်ရှိပါကြောင်း။

အမျိုးသမီးရေးရာဝန်ကြီးဌာနသည် အကြမ်းဖက်ခံရသူများအတွက် မိသားစု၊ ပတ်ဝန်းကျင်မှ လုံခြုံမှုမပေးနိုင်ပါက “အကြမ်းဖက်ခံရသော အမျိုးသမီးများအား တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးသည့်စင်တာ” (One Stop Women Support Center– OSWSC) ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ လွိုင်ကော်၊ လားရှိုး၊ မုံရွာ၊ စစ်တွေတို့တွင် ဖွင့်လှစ်ထားရှိပြီး နည်းမျိုးစုံဖြင့်အကြမ်းဖက်ခံရပြီး ယာယီလုံခြုံမှုလိုအပ်သည့် အမျိုးသမီးများနှင့် အမျိုးသမီးငယ်ရွယ်များကို လက်ခံစောင့်ရှောက်၍ ရုပ်ပိုင်း/စိတ်ပိုင်းဆိုင်ရာ လုံခြုံမှုပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ တရားရေးဆိုင်ရာချိတ်ဆက်မှုပေးခြင်းနှင့် စိတ်ပိုင်းဆိုင်ရာ ပံ့ပိုးမှုပေးခြင်း စသည့် ဝန်ဆောင်မှုများ ဆောင်ရွက်ပေးလျက်ရှိပြီး ၎င်းတို့၏ လိုအပ်ချက်ပေါ်မူတည်၍ ဘဝရပ်တည်ရေးအတွက် ငွေကြေးအထောက်အပံ့ပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အဆိုပါ စင်တာများအတွက် စီမံခန့်ခွဲမှုလုပ်ငန်းလမ်းညွှန်ကို ရေးဆွဲထားရှိပြီး ယင်း Guideline နှင့်အညီ ဝန်ဆောင်မှုများပေးလျက်ရှိပါကြောင်း၊ အမျိုးသမီးရေးရာ ဝန်ကြီးဌာနအနေဖြင့် တိုင်းဒေသကြီး/ပြည်နယ်အားလုံးတွင် OSWSC များ တိုးချဲ့ဖွင့်လှစ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ပြည်တွင်း ယာယီနေရပ်စွန့်ခွာနေရသည့် အမျိုးသမီးများလုံခြုံရေးအတွက် ယာယီခိုလှုံရာနေရာများတွင် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ အမျိုးသမီးများကို လူမှုကွန်ရက်မှတစ်ဆင့် မက်လုံးပေးစည်းရုံးမှု ပြည်ပမနိုင်ငံများသို့ လိမ်လည်ပို့ဆောင်နေမှုများအပေါ် လူကုန်ကူးမှု တားဆီးနိမ့်နိမ့်နေရေးရဲတပ်ဖွဲ့အနေဖြင့် စုစုစမ်းဖော်ထုတ်ရရှိမှုများအား လူကုန်ကူးမှု တားဆီးနိမ့်နိမ့်ရေးဥပဒေဖြင့် အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခြင်း၊ လူကုန်ကူးမှုများ ဖြစ်ပွားလာပါက အချိန်နှင့်တစ်ပြေးညီ ဖော်ထုတ်အရေးယူပြီး ထိရောက်သည့်ပြစ်ဒဏ်ရရှိရေး ဆောင်ရွက်ပေးနေပါကြောင်း၊ ပြည်တွင်းယာယီနေရပ်စွန့်ခွာ အမျိုးသမီးများအပါအဝင် နိုင်ငံတစ်ဝန်းရှိ အမျိုးသမီးများ အားလုံး၏ ကျန်းမာရေး၊ လူမှုဖူလုံရေးနှင့် ဘဝလုံခြုံရေးများကို ဘက်ပေါင်းစုံမှ အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

တနာသံရီတိုင်းဒေသကြီးအမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၅) ဦးမိုးမြင့်၏ **မဟာဓာတ်အားလိုင်း မရောက်ရှိသော သဘာဝဓာတ်ငွေ့ ထွက်ရှိပြီး သုံးစွဲခွင့်မရသော ပြည်သူများ လျှပ်စစ်ဓာတ်အားခသက်သာစွာဖြင့် သုံးစွဲနိုင်ရေးအတွက် တနာသံရီတိုင်းဒေသကြီး မြို့တော်ခရိုင်၊ ဘုတ်ပြင်းခရိုင်၊ ကော့သောင်းခရိုင်များသို့ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ စက်သုံးဆီ ဒီဇယ်နှင့် ချောဆီ၊ အင်ဂျင်ပိုင်များကို ဖြန့်ဖြူးရောင်းချပေးရန် အစီအစဉ် ရှိ၊ မရှိနှင့် ရောင်းချပေးပါက မည်ကဲ့သို့ ဖြန့်ဖြူးရောင်းချပေးမည်ကို သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်နိုင်ဝင်းက တနာသံရီတိုင်းဒေသကြီးရှိ ထားဝယ်ခရိုင်၌ စက်သုံးဆီအရောင်းဆိုင်(၁၉)ဆိုင်၊ မြိတ်ခရိုင်၌ (၁၅) ဆိုင်၊ ကော့သောင်းခရိုင်၌ (၇)ဆိုင်၊ စုစုပေါင်း စက်သုံးဆီအရောင်းဆိုင် (၄၁) ဆိုင်ရှိပါကြောင်း၊ စက်သုံးဆီအရောင်းဆိုင်များနှင့် အခြားကဏ္ဍ လုပ်ငန်းများအနေဖြင့် တနာသံရီတိုင်းဒေသကြီး အစိုးရအဖွဲ့အစီအစဉ်ဖြင့် နယ်စပ်နှင့် ပင်လယ်ရေကြောင်းတို့မှ တင်သွင်းသည့် စက်သုံးဆီများကို ရောင်းချလျက်ရှိပါကြောင်း။

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် တနာသံရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်နှင့် မြိတ်ခရိုင်အတွင်း နိုင်ငံတော်ဓာတ်အားစနစ်ပြင်ပရှိ ဒေသခံပြည်သူများ ဓာတ်အားခစျေးနှုန်းချိသာစွာ အသုံးပြုနိုင်ရေးနှင့် လျှပ်စစ်ဓာတ်အား အဆက်မပြတ်ရရှိနိုင်ရေးအတွက် မိမိတို့ဝန်ကြီးဌာနကြီးကြပ်မှုအောက်ရှိ ရေနံဓာတုဗေဒစက်ရုံစု (သံပရာကန်)မှ ထုတ်လုပ်သော ဓာတ်ဆီနှင့် ဒီဇယ်ဆီများအား ဌာနဆိုင်ရာအချင်းချင်းရောင်းစျေးနှုန်းဖြင့် တနာသံရီတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလမှစ၍ လစဉ်ရောင်းချပေးလျက်ရှိပါကြောင်း။

သို့ဖြစ်ပါ၍ တနာသံရီတိုင်းဒေသကြီးအတွင်း ကဏ္ဍအလိုက် လိုအပ်သော စက်သုံးဆီများကို တိုင်းဒေသကြီးအစိုးရအဖွဲ့အစီအစဉ်ဖြင့် တင်သွင်းခွင့်ပြုထားပြီးဖြစ်ပါသဖြင့် ပုဂ္ဂလိကလျှပ်စစ်ဓာတ်အားပေးလုပ်ငန်းဆောင်ရွက်သည့် ကုမ္ပဏီများ၊ လုပ်ငန်းရှင်များအနေဖြင့် သက်ဆိုင်ရာ ဒေသများအလိုက် တင်သွင်းခွင့်ပြုထားသော ကုမ္ပဏီများထံမှ သင့်တင့်မျှတသော စျေးနှုန်းဖြင့် ဝယ်ယူသုံးစွဲနိုင်ပါကြောင်း၊ ကော့သောင်းမြို့နှင့် ဘုတ်ပြင်းမြို့များတွင် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရန်အတွက် လိုအပ်သော ပြည်တွင်းထုတ် ဒီဇယ်အားလျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ ဝယ်ယူအသုံးပြုလိုပါက တနာသံရီတိုင်းဒေသကြီး အစိုးရအဖွဲ့မှတစ်ဆင့် တင်ပြလျှောက်ထားသွားရန် ဖြစ်ပါကြောင်းနှင့် ဖြန့်ဖြူးရောင်းချပေးနိုင်ရေး စီစစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

တနာသံရီတိုင်းဒေသကြီးအမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၁၁) ဦးစိုးကြည်၏ **တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်၊ မြိတ်တောင်ကျေးရွာအုပ်စု၊ မြို့နယ်စုပေါင်းရုံးအနီး၌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြန်လည်ထူထောင်ရေးဦးစီးဌာန၏ မူယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း (မြိတ်)တွင် သင်တန်းသားများ လက်ခံစောင့်ရှောက်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ထိရောက်စွာဆောင်ရွက်နိုင်ရန် လိုအပ်သော လုံခြုံရေးအဆောက်အအုံနှင့် အထောက်အကူပြုပြုပစ္စည်းများ ဖြည့်ဆည်းဆောင်ရွက်ပေးရန်အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန့်ဇော်လွင်က မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း(မြိတ်)၏ ဝန်ထမ်းအင်အား ဖွဲ့စည်းပုံသည် ခွင့်ပြုအင်အား အရာထမ်း ၃ ဦး၊ အမှုထမ်း ၂၈ ဦး၊ စုစုပေါင်း ၃၁ ဦး ဖြစ်ပြီး ခန့်အပ်အင်အားသည် အရာထမ်း ၁ ဦး၊ အမှုထမ်း ၆ ဦး၊ စုစုပေါင်း ၇ ဦးဖြစ်သဖြင့် စခန်းဖွဲ့စည်းပုံ လူအင်အား၏ ၂၅ ဒသမ ၈ ရာခိုင်နှုန်းသာ ဖြစ်ပါကြောင်း။

မူးယစ်ဆေးဖြတ်ပြီးသူများအား ပြန်လည်ထူထောင်ရေးစခန်း(မြိတ်)သို့ ၂၀၂၀ ပြည့်နှစ် စခန်းဖွင့်ချိန်မှစ၍ လုပ်ငန်းဆောင်ရွက်မှုနှင့် လိုအပ်ချက်အရ ငွေစာရင်းဖွင့်လှစ် ရန်ပုံငွေလွှဲအပ်လုပ်ငန်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ စခန်းစိမ်ခန့်ခွဲရေး ဆိုင်ရာကိစ္စရပ်များ၊ လုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ကိစ္စရပ်များ အတွက် တနာသံရီတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ မူးယစ်ဆေးဖြတ်ပြီးသူများအား ပြန်လည်ထူထောင်ရေးစခန်း(မြိတ်)၌ သင်တန်းများ ဆောင်ရွက်နိုင်ချိန်တွင် လိုအပ်ချက်များ စိစစ်ပုံပိုးသွားမည်ဖြစ်ပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့မှလည်း ပံ့ပိုးကူညီပါက ပိုမိုမြန်ဆန်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း(မြိတ်) အတွက် ဖြည့်ဆည်းမှုများအား လုပ်ငန်းဆောင်ရွက်နိုင်မှုနှင့် ဘဏ္ဍာငွေရရှိမှုပေါ် မူတည်၍ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့်ပူးပေါင်းပြီး မူးယစ်ဆေးဖြတ်ရန် အမှန်တကယ်လိုအပ်သော လူငယ်ဦးရေကို စစ်တမ်းကောက်ယူခြင်း၊ ဆေးဖြတ်စခန်းဖွင့်လှစ်နိုင်ရန်အတွက် ရှေးဦးစွာ လက်ရှိတည်ရှိနေသော အဆောက်အအုံတွင် လုံခြုံရေးဆိုင်ရာ သံပန်းများ တပ်ဆင်ခြင်း၊ အဆောက်အအုံပတ်ဝန်းကျင်တွင် လက်ရှိသံဆန်ခါတပ်တံတိုင်းအစား အုတ်တံတိုင်းတည်ဆောက်နိုင်ရေးအတွက် အသေးစိတ်တွက်ချက်ကာ နီးစပ်ရာ ဘဏ္ဍာရေးနှစ်များတွင် ဘဏ္ဍာငွေရရှိမူပေါ် မူတည်၍ထည့်သွင်းတည်ဆောက်လျာထားနိုင်ရေး စီမံဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၈) ဦးအောင်တင်မြင့်၏ **ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ကန်ကြီးထောင့်မြို့နယ်၊ အမှတ်(၇)ရပ်ကွက်၊ ဘဲဂရက်ကျေးလက်ကျန်းမာရေးဌာန(ခွဲ) ကိုယ်ထူကိုယ်ထ အဆောက်အအုံမှာ ပျက်စီးယိုယွင်းနေပါသဖြင့် စံကိုက်ကျေးလက်ကျန်းမာရေးဌာန(ခွဲ) အဆောက်အအုံဆောက်လုပ်ခွင့်ပြုပေးနိုင်ပါရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွန်းက ဧရာဝတီတိုင်းဒေသကြီး၊ ကန်ကြီးထောင့်မြို့နယ်၊ အမှတ်(၇) ရပ်ကွက်ရှိ ဘဲဂရက်ကျေးလက်ကျန်းမာရေးဌာနခွဲသည် တကုန်းကြီးကျေးလက်ကျန်းမာရေးဌာန အောက်တွင်ရှိပြီး (၂၀၂၄)ခုနှစ်ကတည်းက အလျှုရှင် လှူဒါန်းခဲ့သော မြေနေရာပေါ်တွင် ကိုယ်ထူကိုယ်ထ ဆောက်လုပ်လှူဒါန်းခဲ့သည့် ဓနိန့်ဒွပ်မိုး၊ ဝါးဘိုး ဝါးတိုင်များဖြင့် ဆောက်လုပ်ထားသော အဆောက်အအုံဖြစ်ပါကြောင်း၊ အဆောက်အအုံသည် အိုဟောင်းပြီး ကြွံခိုင်မှုအားနည်းနေပြီဖြစ်ပါကြောင်း၊ အဆိုပါ မြေနေရာသည် ကွင်းအမှတ်(၁၇၅- B)၊ ဦးပိုင် အမှတ်(၁၂၀/၄၈) အလျား ပေ(၁၀၀)၊ အနံ ပေ (၁၀၀)၊ (၀ ဒသမ ၂၃)ဧကရှိ မြို့မြေအမျိုးအစားဖြစ်ပြီး ကျန်းမာရေးဌာန အမည်ပေါက် ပုံစံ(၁၀၅)/(၁၀၆) ရရှိပြီးဖြစ်ပါကြောင်း။

သို့ပါ၍ အဆိုပါမြေနေရာပေါ်တွင် စံကိုက် ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံဖြစ်သည့် ဆေးခန်းအဆောက်အအုံ(၁)လုံး၊ (၂)ခန်းတွဲ ဝန်ထမ်းအိမ်ရာ(၁)လုံး ဆောက်လုပ်ရန် (၂၀၂၇-၂၀၂၈) ဘဏ္ဍာရေးနှစ်တွင် လျာထားဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

မကွေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၂) ဦးတင်မျိုးဇော်၏ **မကွေးတိုင်းဒေသကြီး၊ မကွေးမြို့နယ်၊ မြင်ကွန်းတိုက်နယ်၊ မြင်ကွန်းကျေးရွာအုပ်စုရှိ ကျေးရွာများ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုဆောင်ရွက်ပေးနိုင်ရေးအတွက် မြင်ကွန်းကျေးရွာတွင် တိုက်နယ်ဆေးရုံ ချထားဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ၊ မရှိပါက မည်သည့်အတွက်ကြောင့်ဖြစ်သည်နှင့် ရှိပါက မည်သည့်ကာလအတိုင်းအခြားတွင် ဆောင်ရွက်ပေးမည်ကိုသိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွန်းက မြင်ကွန်းကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနတစ်ခုရှိပြီး ၎င်းအောက်တွင် ကျေးလက်ကျန်းမာရေးဌာနခွဲ(၆)ခုဖြင့် ကျေးရွာ ၂၄ ရွာ လူဦးရေစုစုပေါင်း ၂၈၃၄၂ ဦးအား လက်ထောက်ကျန်းမာရေးမှူး ဦးဆောင်သော ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများက ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိပါကြောင်း၊ လူနာများလွှဲပြောင်းပေးပို့ကုသရန် လိုအပ်ပါက မကွေးပြည်သူ့ဆေးရုံကြီးနှင့် ၂၈ မိုင်၊ သစ်ရာကောက် တိုက်နယ်ဆေးရုံနှင့် ၆၈ မိုင်ခန့်၊ ကွေးဝေးပါကြောင်း။

ပုံစံ(၁၀၅)/(၁၀၆) လျှောက်ထားဆဲဖြစ်သော မြင်ကွန်းတိုက်နယ်ဆေးရုံအတွက် လျာထားမြေနေရာသည် လုံလောက်သောအကျယ်အဝန်း(၄ ဧက) ရှိခြင်း၊ ပတ်ဝန်းကျင်ကျေးရွာများနှင့် လမ်းပန်း ဆက်သွယ်ရေးကောင်းမွန်ခြင်းတို့ကြောင့် တိုက်နယ်ဆေးရုံဖွင့်လှစ်ပါက ပတ်ဝန်းကျင်ကျေးရွာမှ လူနာများ လာရောက်ပြသရေးလွယ်ကူမည်ဖြစ်ပြီး အတွင်းလူနာများပါ ကုသပေးနိုင်မည်ဖြစ်ပါကြောင်း၊ သို့ပါ၍ မြင်ကွန်းတိုက်နယ်ဆေးရုံ ချထားဆောင်ရွက်ပေးရေးနှင့်စပ်လျဉ်း၍ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်ထောင်စုစုအစိုးရအဖွဲ့သို့ ဆက်လက်တင်ပြသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

စာမျက်နှာ ၆ သို့ ❍

❍ စာမျက်နှာ ၅ မှ

ရှမ်းပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၇) ဦးခင်မောင်မြင့်၏ **ရှမ်းပြည်နယ် (တောင်ပိုင်း) ရပ်စောက်မြို့နယ် မားသဲကျေးရွာအုပ်စုရှိ ရေဦးကျေးလက်ကျန်းမာရေးဌာနခွဲကို ကျေးလက်ကျန်းမာရေးဌာနအဖြစ် အဆင့်တိုးမြှင့်ပေးရန် ရှိ၊ မရှိ၊ နှန်းလွဲကျေးရွာအုပ်စု မုံပြင်ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲအသစ် ခွင့်ပြုချထားတည်ဆောက်ပေးရန် ရှိ၊ မရှိနှင့် ကျောက်တောကျေးရွာအုပ်စုတွင် ဗန်းမက် အပါအဝင် ရွာ(၉)ရွာ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ခံယူရန်အတွက် ဗန်းမက်ကျေးလက် ကျန်းမာရေးဌာနခွဲအသစ် ခွင့်ပြုချထားတည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးဌေးကိတာတင်ထွန်းက ရပ်စောက်မြို့နယ် ရေဦးကျေးရွာတွင် အိမ်ခြေ ၂၀၆ အိမ်နှင့် လူဦးရေ ၈၄၈ ဦးရှိပြီး ရေဦးကျေးလက် ကျန်းမာရေးဌာနခွဲကို အင်တောတိုက်နယ် ကျန်းမာရေးဌာနအောက်တွင် ဖွဲ့စည်းထားပါကြောင်း၊ ရေဦးကျေးလက်ကျန်းမာရေးဌာနခွဲသည် ကျေးရွာပေါင်း ၁၇ ရွာ၊ အိမ်ခြေ ၁၄၁၈ နှင့် လူဦးရေ ၆၆၀၆ ဦးကို ကျန်းမာရေးစောင့်ရှောက်မှု ပေးလျက်ရှိပါကြောင်း။

ရေဦးကျေးလက်ကျန်းမာရေးဌာနခွဲမှ ၁၅ မိုင် ကွာဝေးသော ရပ်စောက်ပြည်သူ့ဆေးရုံသို့ မော်တော်ကားဖြင့် ၄၅ မိနစ်ခန့်၊ ၆၁ မိုင်ကွာဝေးသော အင်တောတိုက်နယ်ဆေးရုံသို့ မော်တော်ကားဖြင့် (၃)နာရီခန့် သွားရပါကြောင်း၊ ရေဦးကျေးလက်ကျန်းမာရေးဌာနခွဲအနေဖြင့် ကျန်းမာရေးစောင့်ရှောက်မှု လွမ်းခြဲပေးနိုင်သော ကျေးရွာနှင့် လူဦးရေများပြားခြင်း၊ ပတ်ဝန်းကျင်ကျေးရွာများမှ လာရောက်ရန် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ခြင်းတို့ရှိသည့်အတွက် သတ်မှတ်မြေအကျယ်အဝန်း ပိုင်ဆိုင်မှုရှိပါက ကျေးလက်ကျန်းမာရေးဌာနအဖြစ် အဆင့်မြှင့်တင်ပေးသွားမည်ဖြစ်ပါကြောင်း။

ရေဦးကျေးလက်ကျန်းမာရေးဌာန၏ မြေနေရာ ၃ ဒသမ ၃၄ ဧကအား မြေစာရင်း ပုံစံ(၁၀၅) မြေပိုင်ဆိုင်မှုရရှိပါက ရေဦးကျေးလက်ကျန်းမာရေးဌာနခွဲအား ကျေးလက်ကျန်းမာရေးဌာနအဖြစ် အဆင့်မြှင့်တင်ရေး ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ယင်းဌာနအောက်တွင် ဗန်းမက်နှင့် မုံပြင် ကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲ(အသစ်)များပါ ဖွင့်လှစ်ပေးသွားနိုင်မည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ဆက်လက်၍ **ပြည်သူလူထု၏ ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်ကို ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် ပလတ်စတစ်ထုတ်ကုန်များ၊ အထူးသဖြင့် ကြွေပ်ကြွပ်အိတ်များ ထုတ်လုပ်၊ တင်သွင်း၊ ရောင်းချ၊ အသုံးပြုမှုကို အဆင့်လိုက် လျှော့ချကန့်သတ်နိုင်ရေး ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား** တိုက်တွန်းကြောင်း အဆိုကို မကွေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၁၂) ဒေါ်ခင်ဆွေကတင်သွင်းရာတွင် ပလတ်စတစ်ပစ္စည်းများ အထူးသဖြင့် ကြွေပ်ကြွပ်အိတ်များသည် တစ်ခါသုံးစနစ်ပစ္စည်းများဖြစ်ပြီး စွန့်ပစ်ပြီးသည့်နောက် နှစ်ပေါင်းများစွာ မပျက်စီးဘဲ သဘာဝပတ်ဝန်းကျင်တွင် ကျန်ရှိနေပါကြောင်း၊ ပလတ်စတစ် အမှိုက်များကြောင့် မြေဆီလွှာများ ပျက်စီးခြင်း၊ ရေမြောင်းများ ပိတ်ဆို့ခြင်း၊ ရေကြီးရေလျှံမှုများ ဖြစ်စေခြင်း၊ ရောဂါပိုးမွှားများ အလွယ်တကူ ပေါက်ဖွားနိုင်ခြင်းတို့ကြောင့် မြေဆီလွှာနှင့် ရေထု၊ လေထုညစ်ညမ်းမှုများ ဖြစ်ပေါ်စေခြင်းအပြင် တိရစ္ဆာန်များ၏ အသက်အန္တရာယ်များကို ခြိမ်းခြောက်လျက်ရှိပါကြောင်း၊ ပင်လယ်သမုဒ္ဒရာထဲရှိ အမှိုက်များ၏ ၈၀ ရာခိုင်နှုန်းကျော်သည် ပလတ်စတစ်အမှိုက်များဖြစ်ပါကြောင်း။

အသုံးပြုပြီးသော စွန့်ပစ်ကြွပ်ကြွပ်အိတ်များသည် သဘာဝပတ်ဝန်းကျင်ကို ကြီးမားသော ဝန်ထုပ်ဝန်ပိုးဖြစ်လျက်ရှိပါကြောင်း၊ ပလတ်စတစ်ပစ္စည်းထုတ်လုပ်သော စက်ရုံများကြောင့် သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုပြဿနာသည် တစ်ကမ္ဘာလုံးတွင် ရှိကြသည့် သဘာဝပတ်ဝန်းကျင်ပညာရှင်များနှင့် အစိုးရများ ရင်ဆိုင်တွေ့ကြုံနေရသည့် အရေးကြီးပြဿနာတစ်ခုဖြစ်ပါကြောင်း၊ ပလတ်စတစ်အသုံးပြုမှုများပြားလာသည်နှင့်အမျှ မြေထု၊ လေထု၊ ရေထုကို ညစ်ညမ်းစေပြီး ကမ္ဘာမြေ၏ဂေဟစနစ်ကိုလည်း မတည်မငြိမ်ဖြစ်စေပါကြောင်း၊ ထို့ကြောင့် မြို့ရွာများသန့်ရှင်းလှပရေး၊ ပြည်သူများ၏ ကျန်းမာရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့အတွက် အရေးယူဆောင်ရွက်ရန် အချိန်တန်ပြီဖြစ်ပါကြောင်း။

ပလတ်စတစ်ပစ္စည်းနှင့် ကြွေပ်ကြွပ်အိတ်သုံးစွဲမှုများကို လျှော့ချရန် အစားထိုးနည်းလမ်းများအဖြစ် အဝတ်အိတ်၊ စက္ကူအိတ်၊ ၄ ဘီးပျော်ရွက်၊ ပေါက်ဖက်၊ အင်ဖက်စတည့် သဘာဝပစ္စည်းများ အစားထိုးအသုံးပြုနိုင်ပါကြောင်း၊ ပြည်သူများ၏ကျန်းမာရေး၊ ရောဂါကာကွယ်ရေးအတွက် မူဝါဒများ ချမှတ်ဆောင်ရွက်ရန် လိုအပ်နေပြီဖြစ်ပါကြောင်း။

တစ်ခါသုံး ကြွေပ်ကြွပ်အိတ်များ ထုတ်လုပ်၊ တင်သွင်း၊ ရောင်းချ၊ အသုံးပြုမှုကို အဆင့်လိုက် ကန့်သတ်လျှော့ချရန်၊ ဇီဝပျက်စီးနိုင်သော အစားထိုးထုတ်ကုန်များနှင့် ပြန်လည်အသုံးပြုနိုင်သော အိတ်များကိုသုံးစွဲရေး အားပေးမြှင့်တင်ရန်၊ ပလတ်စတစ်အမှိုက် စနစ်တကျ စီမံခန့်ခွဲရေးနှင့် ပြန်လည်အသုံးပြုရေးလုပ်ငန်းစဉ်များ တိုးမြှင့်ဆောင်ရွက်ရန်၊ ပြည်သူများအကြား ပလတ်စတစ်လျှော့ချအသုံးပြုရေး အသိပညာပေးအစီအစဉ်များ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ရန်၊ သက်ဆိုင်ရာဥပဒေနည်းဥပဒေများကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်ရန်လိုအပ်ပါကြောင်း အဆိုတင်သွင်းသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၉) ဒေါ်ကျင်သိန်းက ထောက်ခံသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးရန် သင့်၊ မသင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ သဘောတူသဖြင့် အဆိုအား လွှတ်တော်က ဆွေးနွေးမည်ဖြစ်ကြောင်းနှင့် ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမျိုးသားလွှတ်တော်ရုံး ဥက္ကဋ္ဌကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ၁၄ ရက်မြောက်နေ့ကို နိုဝင်ဘာ ၆ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ယူရီးယားမြေဩဇာဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီအစည်းအဝေးကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂

ယူရီးယားမြေဩဇာ ဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ကျင်းပ

အစည်းအဝေးကို မိုးစပါးနှင့် မိုးသီးနှံအတွက် တိုင်းဒေသကြီး/ပြည်နယ်အလိုက် ဓာတ်မြေဩဇာဖြန့်ဖြူးမှု၊ သုံးစွဲမှုကို သုံးသပ်ရန်၊ ဆောင်းသီးနှံနှင့် နွေစပါးစိုက်ပျိုးချိန်အမီ ဓာတ်မြေဩဇာများ ဖြန့်ဖြူးပေးနိုင်ရေး ကြိုတင်ပြင်ဆင်ရန်၊ ရည်ညွှန်းစေးနှုန်းသတ်မှတ်နိုင်ရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

အစည်းအဝေးတွင် ဦးဆောင်ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်းက တိုင်းဒေသကြီးနှင့် ပြည်နယ်များ သို့လည်း ဆောင်းသီးနှံနှင့် နွေစပါးစိုက်ပျိုးနိုင်ရေး ဓာတ်မြေဩဇာ လိုအပ်ချက်စာရင်း တောင်းထားပြီး အသင်းအနေဖြင့် အချိန်မီ တင်သွင်းဖြန့်ဖြူးပေးနိုင်ရေး လိုအပ်သည်များ ကြိုတင်ပြင်ဆင်ထားရန်နှင့် အစီအမံတင်ပြရန် လိုပါကြောင်း၊ ယခုနှစ် မိုးစပါးနှင့် မိုးသီးနှံဓာတ်မြေဩဇာ အသုံးပြုမှုများကို စာရင်းဇယား အချက်အလက် မှန်ကန်အောင် စိစစ် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

နေပြည်တော် ကောင်စီ/တိုင်းဒေသကြီး/ပြည်နယ် ယူရီးယားမြေဩဇာဝယ်ယူဖြန့်ဖြူးရောင်းချရေး လုပ်ငန်းကြီးကြပ်မှု ကော်မတီများအနေဖြင့် ဓာတ်မြေဩဇာအမှန်သုံးစွဲမှု၊ ဖြန့်ဖြူးမှုနှင့် သုံးစွဲမှုများကို စောင့်ကြည့်ရန်၊ လိုအပ်ချက် ဖြည့်ဆည်းပေးရန်၊ တရားမဝင် တင်သွင်းမှုများ မရှိစေရန်နှင့် ဓာတ်မြေဩဇာအရည်အသွေးနှင့် အလေးချိန်မှန်ကန်စေရေး၊ သတ်မှတ်ရောင်းစျေးနှုန်းထက် ပိုမိုရောင်းချမှုမရှိစေရေး၊ သို့လောင်ပြီး စွေးကစားခြင်းများ မရှိစေရေး၊ တောင်သူများ ဓာတ်မြေဩဇာသုံးစွဲနိုင်မှု အခြေအနေ၊ မြို့နယ်အလိုက် အရောင်းဆိုင်စာရင်းနှင့် လက်ကျန်စာရင်းများကို စစ်ဆေးပြီး လစဉ်တင်ပြချက်တွင် ထည့်သွင်းတင်ပြရန်၊ အဖွဲ့ဝင်ဌာနများကလည်း ပိုင်းဝန်းကြီးကြပ် ဆောင်ရွက်ပေးရန်နှင့် မိမိတို့ ရည်ရွယ်ချက်အတိုင်း အချိန်မီရရှိရေး၊ အရည်အသွေး ပြည့်ဝစေရေး၊ သက်သာသော စွေးနှုန်းဖြင့် တောင်သူများ လက်ဝယ်အရောက် တိုက်ရိုက် ဝယ်ယူအသုံးပြုနိုင်ရေးတို့အတွက် သက်ဆိုင်ရာ ဌာနအားလုံးက ပိုင်းဝန်းဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ ဦးဆောင်ကော်မတီ အတွင်းရေးမှူးက ယခင်အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုနှင့် မိုးစပါး မိုးသီးနှံအတွက် ဓာတ်မြေဩဇာဖြန့်ဖြူးမှု နှိုင်းယှဉ်ချက်များကိုလည်းကောင်း၊ မြန်မာနိုင်ငံမြေဩဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေး လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌက ဓာတ်မြေဩဇာဝယ်ယူတင်သွင်းဖြန့်ဖြူးရောင်းချလျက်ရှိသည့် အခြေအနေနှင့် ဆက်လက်တင်သွင်းမည့် အစီအမံများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ပြောကြား

ထို့ပြင် ဦးဆောင်ကော်မတီဝင် ဒုတိယဝန်ကြီးများ၊ ဦးစီးဌာနများမှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများက ပိုင်းဝန်းဆွေးနွေးတင်ပြခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်မှာကြားကာ နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။


သတင်းစဉ်



သုံးရေ ချွေတာသုံးစွဲရေး နှိုးဆော်ချက်


အပင်ရေလောင်းချိန်ကို အချိန်ကိုက်လုပ်ဆောင်ပါ။

ရေငွေ့ပြန်မှုကိုလျော့နည်းစေရန်နှင့် ရေကိုအကျိုးရှိရှိ အသုံးချနိုင်ရန် နံနက်စောစော သို့မဟုတ် ညနေနှောင်းပိုင်းကဲ့သို့ အေးမြသော အချိန်များတွင်သာ မြက်ခင်းနှင့် အပင်များကို ရေလောင်းပါ။



သုံးရေ ချွေတာသုံးစွဲရေး နှိုးဆော်ချက်

မိုးရေကို စုဆောင်းအသုံးချပါ။ အပင်ရေလောင်းခြင်းနှင့် ဥယျာဉ်ခြံလုပ်ငန်းများအတွက် မိုးရေကို သိုလှောင်ရန် ရေစည်များ သို့မဟုတ် အခြားသော မိုးရေစုဆောင်းသည့်စနစ်များကို ကြိုဆောင်ရွက်ပါ။



သုံးရေ ချွေတာသုံးစွဲရေး နှိုးဆော်ချက်

ခြောက်သွေ့မှုဒဏ်ခံနိုင်သော အပင်များကို ရွေးချယ်စိုက်ပျိုးပါ။ မိမိတို့၏ ဥယျာဉ်ခြံတွင် ရေနည်းနည်းဖြင့် ရှင်သန်နိုင်သော အပင်များကို ရွေးချယ်စိုက်ပျိုးပါ။

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့(NDAA)တို့ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေး

မိုင်းလား နိုဝင်ဘာ ၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နိုင်ငံတော်သမ္မတဦးဆောင်သည့်အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီသည် နိုင်ငံတော်ဖွဲ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးကိုဦးတည်၍ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ကြိုတင်ကန့်သတ်ချက်များမထားသည့် ဆွေးနွေးပွဲများ ကျင်းပဆောင်ရွက်နိုင်ရန် ၂၁-၄-၂၀၂၆ ရက်နေ့တွင် ကြေညာချက်အမှတ် ၁/၂၀၂၆ ဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့်ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးနိုင်ရန် ဖိတ်ခေါ်ခဲ့မှုအရ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၁ ရက်တွင် ငြိမ်းချမ်းရေး တွေ့ဆုံဆွေးနွေးရန် ရှမ်းပြည်နယ် မိုင်းလားမြို့သို့ သွားရောက်ခဲ့ရာ ငြိမ်းချမ်းရေးနှင့် စည်းလုံးရေးကော်မတီ အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့(NDAA) ဥက္ကဋ္ဌ ဦးထိန်လင်းနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်သည်။



တက်ရောက်

ယင်းနောက် တွေ့ဆုံဆွေးနွေးပွဲကို ကျင်းပပြုလုပ်ရာ ပြည်ထောင်စုဝန်ကြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ညှိနှိုင်းရေးကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်နှင့် ညှိနှိုင်းရေးကော်မတီဝင်များ၊ ငြိမ်းချမ်းရေးအကျိုးဆောင်များ၊ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်မှ အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့(NDAA)မှ ဥက္ကဋ္ဌ ဦးထိန်လင်း၊ ဒုတိယဥက္ကဋ္ဌများ၊ အထွေထွေအတွင်းရေးမှူး၊ အမြဲတမ်းကော်မတီဝင်များ၊ အတွင်းရေးမှူးအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က ယခုနှစ်အတွင်း တတိယအကြိမ် တွေ့ဆုံဆွေးနွေးခြင်းဖြစ်ကြောင်း၊ အထူးဒေသ(၄)သည် နိုင်ငံတော်၏ အစိတ်အပိုင်းတစ်ခုဖြစ်ကာ ဒေသခံပြည်သူများသည်လည်း မြန်မာနိုင်ငံသားများဖြစ်ကြောင်း၊ အထူးဒေသ(၄)၏ နိုင်ငံရေးလိုလားချက်အပေါ် (၂၀၀၈ ခုနှစ်)ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဆက်လက်ညှိနှိုင်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ၂၀၂၇ ခုနှစ်တွင် ကြားဖြတ်ရွေးကောက်ပွဲကျင်းပနိုင်ရေး လိုအပ်သော ဆောင်ရွက်ဖွယ်ရာကိစ္စများအား ညှိနှိုင်းဆောင်ရွက်မည်ဖြစ်ကြောင်း၊ ယခင်ဥက္ကဋ္ဌကြီး ဦးစိုင်းလင်း၏ **"ငြိမ်းချမ်း၊ စည်းလုံး၊ ဖွံ့ဖြိုး"**လမ်းစဉ်နှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရပြီး နိုင်ငံတော်အစိုးရဘက်မှလည်း ဖြည့်ဆည်းဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း၊ ယုံကြည်မှု ပိုမိုတိုးမြှင့်ခိုင်မာစေရန်အတွက် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးလိုအပ်မှုအား ဖြည့်ဆည်းပေးရန် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ချိတ်ဆက်ပြီး ပေါင်းစပ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့(NDAA)မှ ဥက္ကဋ္ဌ ဦးထိန်လင်းက ရှမ်းပြည်နယ်အရှေ့ပိုင်း အထူးဒေသ(၄) ငြိမ်းချမ်းရေးနှင့် စည်းလုံးရေးကော်မတီ၊ ဒေသတွင်းရှိ တိုင်းရင်းသားပြည်သူလူထုအားလုံးကိုယ်စား မိမိတို့အား အလေးထားပြီး မိုင်းလားသို့ ဒုတိယအကြိမ် လာရောက်တွေ့ဆုံဆွေးနွေးမှုအတွက် ကြိုဆိုပါကြောင်း၊ ယခုလို လာရောက်ခြင်းဖြင့် အပြန်အလှန် ထိတွေ့ဆက်ဆံခြင်းမှတစ်ဆင့် ယုံကြည်နားလည်မှုတိုးပွားလာနိုင်မည်ကို ယုံကြည်ပါကြောင်း၊ ယခင်ဆွေးနွေးပွဲပြီးနောက် စက်တင်ဘာလလယ်တွင် ရှမ်းပြည်နယ် ကျန်းမာရေးအဖွဲ့နှင့် တပ်မတော်ဆေးတပ်ဖွဲ့တို့ ပူးပေါင်း၍ အခမဲ့ဆေးကုသမှုများ လာရောက်ဆောင်ရွက်ခဲ့ပြီး မိုင်းလားနှင့် ဆီလူးဒေသရှိ အခြေခံပညာ စာသင်ကျောင်းနှစ်ကျောင်းတွင်လည်း ကျောင်းဆောင်သစ်များ ဆောက်လုပ်ပေးခဲ့ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် အထူးဒေသ(၄)၏ ပညာရေး၊ ကျန်းမာရေးနှင့် လမ်းပန်းဆက်သွယ်ရေးကိစ္စများအား အထူးအလေးထား ဆောင်ရွက်ပေးသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ ယခင်အစည်းအဝေးတွင် မိမိတို့ဒေသအခြေအနေများကို တင်ပြခဲ့ပါကြောင်း၊ ငြိမ်းချမ်းစွာညှိနှိုင်းဆွေးနွေးခြင်းမှတစ်ဆင့် နိုင်ငံရေးအဆင့်အတန်းကို ဖော်ထုတ်ဆွေးနွေးသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာကြသူများက အစိုးရ၏ အုပ်ချုပ်မှုအောက်တွင် ဒေသနှင့် သင့်လျော်သည့် နိုင်ငံရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာအဆင့်အတန်း သတ်မှတ်ပေးရေးဆိုင်ရာကိစ္စရပ်များ၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးဆိုင်ရာကိစ္စရပ်များ၊ အထူးဒေသ(၄) မိုင်းလားတွင် ရွေးကောက်ပွဲကျင်းပရေးဆိုင်ရာကိစ္စရပ်များနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စများအား နှစ်ဖက်အပြန်အလှန် ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။ ထို့နောက် ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဦးဆောင်သည့် အဖွဲ့သည် ကျိုင်းခမ်းမြို့ အနောက်ဘက် နမ့်လွေချောင်းပေါ်တွင် တည်ဆောက်ထားပြီး ဖဖ မဂ္ဂါဝပ် ထုတ်လုပ်နိုင်သည့် မိုင်းဝ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသို့ သွားရောက်လေ့လာခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်း သာသနိကအဆောက်အအုံများ ဒီးလောင်မှု/မီးလန့်မှုများ မဖြစ်ပွားစေရေး အောက်တိုဘာ ၃၁ ရက်က မြို့နယ်မီးသတ်ဦးစီးမှူး ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိပူးပေါင်းအဖွဲ့များက စစ်ဆေးဆောင်ရွက်စဉ်။ ဧရာဝတီသာ

ကျုံပျော်မြို့၌ ဌာနဆိုင်ရာဝန်ထမ်းများအား သက်သာသောစျေးနှုန်းဖြင့် ကြက်ဥများရောင်းချပေး

ကျုံပျော် နိုဝင်ဘာ ၂

နိုင်ငံ့ဝန်ထမ်းများ သက်သာချောင်ချိရေးအတွက် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်၏ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ဌာနဆိုင်ရာဝန်ထမ်းများအား သက်သာသောစျေးနှုန်းဖြင့် ကြက်ဥများ ရောင်းချပေးခြင်းကို ကျုံပျော်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့၌ နိုဝင်ဘာ ၂ ရက် နံနက်ပိုင်းက ဆောင်ရွက်သည်။

ရောင်းချပေး

ထိုသို့ရောင်းချရာတွင် ကျုံပျော်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၏ ကြီးကြပ်မှု၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၏ ဦးဆောင်မှုနှင့် ကြက်မွေးမြူရေးလုပ်ငန်းရှင်များ



ပူးပေါင်းကာ မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများအား ကြက်ဥများ ရောင်းချပေးခဲ့ကြောင်း သိရသည်။

နေဝင်းမြင့်(ပြန်/ဆက်)



အိမ်တွင်းသုံးရေချွေတာရေး

ပိုက်ယိုစိမ့်မှုများကို စစ်ဆေးပါ၊ ရေပိုက်ခေါင်းများ၊ ရေစည်ပိုင်းများ ကျိုးပျက်ယိုစိမ့်နေခြင်း ရှိ/မရှိ ပုံမှန်စစ်ဆေးပြီး အမြန်ပြုပြင်ပါ။



အိမ်တွင်းသုံးရေချွေတာရေး

အဝတ်လျှော်ရာတွင် တစ်ထည်ချင်း/နည်းနည်းချင်း မလျှော်ဘဲ ပေါင်းလျှော်ပါ။ အဝတ်လျှော်စက်သုံးလျှင် တစ်ခါတည်း စုပြီးလျှော်ပါ။ ပန်းကန်ဆေးစက် အသုံးပြုရာတွင်လည်း စက်က ဆေးကြောနိုင်သည့် ပန်းကန်အရေအတွက်အထိစောင့်၍ စုစည်းဆေးကြောပါ။



အိမ်တွင်းသုံးရေချွေတာရေး

ရေကို စနစ်တကျအသုံးပြုမှု အလေ့အထများကို အသိပညာပေး မှုဝေပါ။ မိမိတို့၏ အသိုက်အဝန်း၊ လုပ်ငန်းခွင်၊ သူငယ်ချင်းများနှင့် မိသားစုအတွင်း ရေချွေတာသုံးစွဲခြင်း၏ အရေးပါပုံကို အသိပညာပေးမှုဝေခြင်းဖြင့် ပိုင်းဝန်းပါဝင်ဆောင်ရွက်ကြပါရန် နှိုးဆော်အပ်ပါသည်။

ရေတစ်စက်၏ တန်ဖိုးနှင့် လူသားတို့၏ အနာဂတ်

ကမ္ဘာကြီးသည် တစ်နေ့ထက်တစ်နေ့ ပိုမိုပူနွေးလာသည်။ ရာသီဥတုပြောင်းလဲမှု၏ နောက်ဆက်တွဲအကျိုးဆက်များအဖြစ် မိုးခေါင်ရေရှားမှု၊ ရေကြီးရေလျှံမှု၊ မြစ်ချောင်းများ ရေခန်းခြောက်မှုနှင့် မြေယာများ ပျက်စီးဆုံးရှုံးမှုတို့ကို ကမ္ဘာ့နိုင်ငံအသီးသီးတွင် ပိုမိုကြုံတွေ့လာကြရသည်။ တစ်ဖက်တွင်လည်း လူဦးရေတိုးပွားလာခြင်း၊ မြို့ပြများချဲ့ထွင်လာခြင်းနှင့် စိုက်ပျိုးရေး၊ စက်မှုလုပ်ငန်းများဖွံ့ဖြိုးလာခြင်းတို့ကြောင့် ရေလိုအပ်ချက်မှာ တစ်နှစ်ထက်တစ်နှစ် မြင့်တက်လာသည်။

မောင်သာယာ

သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများအနက် ရေရှားပါးမှုပြဿနာသည် လူသားတို့၏ ရှင်သန်ရပ်တည်ရေးကို တိုက်ရိုက်ခြိမ်းခြောက်လာသည့် အရေးကြီးသောစိန်ခေါ်မှုတစ်ခုဖြစ်သည်။ ရေသည် လူသားတို့၏ နေ့စဉ်ဘဝအတွက်သာမက စားရေရိက္ခာဖူလုံရေး၊ ကျန်းမာရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်လုံခြုံရေးတို့အတွက်ပါ မရှိမဖြစ်လိုအပ်သော အရင်းအမြစ်ဖြစ်သည်။

ကုလသမဂ္ဂ၏ အချက်အလက်များအရ ကမ္ဘာ့လူဦးရေသန်းပေါင်းများစွာသည် ယနေ့တိုင် ဘေးကင်းသည့် သောက်သုံးရေကို လုံလောက်စွာ မရရှိကြသေးပေ။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) နှင့် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (UNICEF) တို့၏ ၂၀၂၅ ခုနှစ် ထုတ်ပြန်ချက်တွင်လည်း ၂၀၂၄ ခုနှစ်အတွင်း ကမ္ဘာ့လူဦးရေ ၂ ဒသမ ၁ ဘီလီယံခန့်သည် စနစ်တကျ စီမံခန့်ခွဲထားသော ဘေးကင်းသည့် သောက်သုံးရေဝန်ဆောင်မှုကို မရရှိခဲ့ကြောင်း ဖော်ပြထားသည်။

ယင်းအချက်က ရေသည် ကမ္ဘာပေါ်တွင် အလွယ်တကူရရှိနိုင်သည့် သဘာဝအရင်းအမြစ်တစ်ခုဟု ထင်မြင်ယူဆ၍မရတော့ကြောင်း သတိပေးနေသည်။ ရေသည် အသက်ဖြစ်သည်။ “ထမင်းအသက် ခုနစ်ရက်၊ ရေအသက် တစ်မနက်”ဟူသော မြန်မာဆိုရိုးစကားသည် ရေ၏တန်ဖိုးကို အထင်ရှားဆုံးဖော်ပြနေသည့် စကားတစ်ရပ်ဖြစ်သည်။ လူသားတို့သည် အစားအစာမရှိဘဲ အချိန်အတိုင်းအတာတစ်ခုအထိ အသက်ရှင်နိုင်သော်လည်း ရေမရှိလျှင် အသက်ရှင်ရပ်တည်ရေးမှာ အလွန်ခက်ခဲသည်။

ရေသည် လူသားတို့ သောက်သုံးရန်အတွက်သာ လိုအပ်ခြင်းမဟုတ်ပေ။ စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှုလုပ်ငန်း၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး၊ သန့်ရှင်းရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင်လည်း အဓိကအခန်းကဏ္ဍမှ ပါဝင်နေသည်။ လူသားတို့၏ စီးပွားရေးနှင့် လူမှုဘဝဖွံ့ဖြိုးတိုးတက်မှုသည် ရေအရင်းအမြစ်များအပေါ် များစွာမှီခိုနေရသည်။

ကမ္ဘာပေါ်တွင် ရေထုများပြားစွာရှိသော်လည်း ယင်းရေအားလုံးကို လူသားတို့ တိုက်ရိုက်အသုံးပြုနိုင်ခြင်းမရှိပေ။ ကမ္ဘာ့ရေထုအများစုသည် ပင်လယ်သမုဒ္ဒရာများမှ ဆားငန်ရေများဖြစ်ပြီး ရေချိုအရင်းအမြစ်များမှာ အချိုးအစားအားဖြင့် နည်းပါးသည်။ ထိုရေချိုများအနက် အများစုမှာ ရေခဲမြစ်များနှင့် မြေအောက်ရေများအဖြစ် တည်ရှိနေကြသဖြင့် အလွယ်တကူ ထုတ်ယူအသုံးပြုနိုင်သည့် ရေပမာဏမှာ ပိုမိုနည်းပါးနေသည်။

ထို့ကြောင့် ရေရှိနေခြင်းနှင့် အသုံးပြုနိုင်သည့် ရေရှိခြင်းတို့သည် အဓိပ္ပာယ်မတူညီပေ။ ရေအရင်းအမြစ်များရှိနေသော်လည်း သန့်ရှင်းသော သောက်သုံးရေမရရှိခြင်း၊ ဖြန့်ဖြူးပေးနိုင်သည့် အခြေခံအဆောက်အအုံမရှိခြင်းနှင့် စနစ်တကျ စီမံခန့်ခွဲမှုအားနည်းခြင်းတို့ကြောင့် လူအများအပြားသည် ရေအခက်အခဲများကို ရင်ဆိုင်နေကြရသည်။

ရာသီဥတုပြောင်းလဲမှုနှင့် ရေရှားပါးလာသည့်ကမ္ဘာကြီး

ကမ္ဘာကြီးပူနွေးလာမှုသည် ရေအရင်းအမြစ်များအပေါ် တိုက်ရိုက်သက်ရောက်မှုရှိနေသည်။ အပူချိန်မြင့်တက်လာခြင်းကြောင့် မြစ်ချောင်း၊ အင်းအိုင်နှင့် ရေလှောင်ကန်များမှ ရေငွေ့ပြန်မှု ပိုမိုများပြားလာသည်။ တစ်ဖက်တွင် မိုးရွာသွန်းမှုပုံစံများ ပြောင်းလဲလာခြင်းကြောင့် အချို့ဒေသများတွင် မိုးခေါင်ရေရှားမှုများ ကြုံတွေ့ရသကဲ့သို့ အချို့ဒေသများတွင် ရုတ်တရက် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် ရေကြီးရေလျှံခြင်းများ ဖြစ်ပေါ်လာသည်။

အထူးသဖြင့် တောင်တန်းဒေသများရှိ ရေခဲမြစ်များ အရည်ပျော်မှုသည်လည်း စိုးရိမ်ဖွယ်ရာ အခြေအနေတစ်ခုဖြစ်လာသည်။ ဟိမဝန္တာတောင်တန်းအပါအဝင် ကမ္ဘာ့တောင်တန်းဒေသများသည် အာရှတိုက်ရှိ မြစ်ကြီးများအတွက် အရေးပါသော ရေအရင်းအမြစ်များကို ပြည့်ဆည်းပေးနေသည်။ ရေခဲမြစ်များအရည်ပျော်မှု မြန်ဆန်လာခြင်းက ရေစီးဆင်းမှုပုံစံများကို ပြောင်းလဲစေနိုင်သကဲ့သို့ ရေရှည်တွင် မြစ်ရေစီးဆင်းမှုလျော့နည်းလာနိုင်သည့်အန္တရာယ်ကိုလည်း ဖြစ်ပေါ်စေနိုင်သည်။

ထိုသို့ ရာသီဥတုပြောင်းလဲမှုကြောင့် ရေအရင်းအမြစ်များ မတည်ငြိမ်လာခြင်းသည် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာတစ်ခုတည်းမဟုတ်တော့ပေ။ စားရေရိက္ခာထုတ်လုပ်မှု၊ စီးပွားရေးလုပ်ငန်းများနှင့် လူမှုတည်ငြိမ်ရေးတို့ကိုပါ သက်ရောက်စေသည့် ကမ္ဘာလုံးဆိုင်ရာဗိဒ်ခေါ်မှု တစ်ခု ဖြစ်လာနေသည်။

အီသီယိုးပီးယားနိုင်ငံအတွက် ယင်းရေကာတာသည် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသော်လည်း အိမ်ခြံနိုင်ငံအတွက်မူ နိုင်းမြစ်ရေသည် သောက်သုံးရေနှင့် စိုက်ပျိုးရေးလုပ်ငန်းများအတွက် အလွန်အရေးကြီးသော အရင်းအမြစ်ဖြစ်သည်။ ထို့ကြောင့် ရေကာတာ၏ရေဖြည့်သွင်းမှု၊ ရေထုတ်လွှတ်မှုနှင့် ရေမျှဝေသုံးစွဲရေးဆိုင်ရာ သဘောတူညီမှုများရရှိရေးသည် နှစ်နိုင်ငံအတွက် အရေးပါသည့်ကိစ္စရပ်ဖြစ်လာခဲ့သည်။

ဤဖြစ်ရပ်က ရေသည် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှုအတွက် အခွင့်အလမ်းဖြစ်သကဲ့သို့ အိမ်နီးချင်းနိုင်ငံများအကြား ပဋိပက္ခဖြစ်ပေါ်စေနိုင်သည့် အကြောင်းရင်းတစ်ခုလည်းဖြစ်နိုင်ကြောင်း ဖော်ပြနေသည်။ သို့ရာတွင် ရေအရင်းအမြစ်များကို မျှဝေသုံးစွဲခြင်းသည် ပဋိပက္ခဖြစ်ပွားရန်သာ အကြောင်းရင်းမဟုတ်ပေ။ နိုင်ငံအချင်းချင်း ယုံကြည်မှုတည်ဆောက်ခြင်း၊ အပြန်အလှန် နားလည်မှုရှိခြင်းနှင့် ပူးပေါင်းစီမံခန့်ခွဲခြင်းတို့မှတစ်ဆင့် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို လည်း ဖော်ဆောင်နိုင်သည်။

ရေသည် လူသားတို့သောက်သုံးရန်အတွက်သာ လိုအပ်ခြင်းမဟုတ်ပေ။ စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှုလုပ်ငန်း၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး၊ သန့်ရှင်းရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင်လည်း အဓိကအခန်းကဏ္ဍမှ ပါဝင်နေသည်။ လူသားတို့၏ စီးပွားရေးနှင့် လူမှုဘဝဖွံ့ဖြိုးတိုးတက်မှုသည် ရေအရင်းအမြစ်များအပေါ် များစွာမှီခိုနေရ

မြန်မာနိုင်ငံတွင်လည်း ရာသီအလိုက် ရေရှားပါးမှုများကို တွေ့ကြုံရလေ့ရှိသည်။ အထူးသဖြင့် မကွေး၊ မန္တလေးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မိုးရေချိန်နည်းပါးသောဒေသအချို့တွင် နွေရာသီကာလ၌ ရေတွင်း၊ ရေကန်များ ခန်းခြောက်ခြင်းနှင့် သောက်သုံးရေအခက်အခဲများ ကြုံတွေ့ရတတ်သည်။ ထိုအခြေအနေများသည် ရေရှားပါးဒေသများတွင် နေထိုင်သူများအတွက် ရေကိုမည်မျှ တန်ဖိုးထားရမည်ကို သတိပေးနေသည့်ဖြစ်ရပ်များ ပင်ဖြစ်သည်။

ရေအရင်းအမြစ်နှင့် ပထဝီနိုင်ငံရေး

ယနေ့ ၂၁ ရာစုတွင် ရေသည် သဘာဝသယံဇာတတစ်ခုအဖြစ်သာမက ပထဝီနိုင်ငံရေးအရ အရေးပါသော အရင်းအမြစ်တစ်ခုအဖြစ်လည်း ပိုမိုအာရုံစိုက်ခံလာရသည်။ တစ်ချိန်က ရေနံနှင့် သဘာဝဓာတ်ငွေ့တို့သည် နိုင်ငံတကာနိုင်ငံရေးနှင့် စီးပွားရေးပြိုင်ဆိုင်မှုများ၏ အဓိကအကြောင်းအရာများဖြစ်ခဲ့ကြသည်။ ယခုအခါ ရေချိုအရင်းအမြစ်များသည်လည်း နိုင်ငံတော်လုံခြုံရေး၊ စားရေရိက္ခာဖူလုံရေး၊ စွမ်းအင်လုံခြုံရေးတို့နှင့် တိုက်ရိုက်ဆက်စပ်လာသည်။

ဥပမာအားဖြင့် အီဂျစ်နှင့် အီသီယိုးပီးယားနိုင်ငံတို့အကြား နိုင်းမြစ်ရေအသုံးပြုမှုနှင့်ပတ်သက်၍ နှစ်ပေါင်းများစွာ တင်းမာမှုများဖြစ်ပေါ်ခဲ့သည်။ အီသီယိုးပီးယားနိုင်ငံက Blue Nile မြစ်ပေါ်တွင် Grand Ethiopian Renaissance Dam (GERD) ရေကာတာကြီးကို တည်ဆောက်ခဲ့ခြင်းကြောင့် အောက်ပိုင်းမြစ်ဝှမ်းဒေသရှိ အီဂျစ်နှင့် ဆူဒန်နိုင်ငံတို့၏ ရေအသုံးပြုမှုအပေါ် သက်ရောက်နိုင်ခြေများနှင့် ပတ်သက်၍ အငြင်းပွားမှုများဖြစ်ပေါ်ခဲ့သည်။

ရောဟိန်မြစ်က ပေးသော ငြိမ်းချမ်းရေးသင်ခန်းစာ

ရေအရင်းအမြစ်ကြောင့် ပဋိပက္ခများဖြစ်ပွားနိုင်သည့်အကြောင်းကို မြတ်စွာဘုရားရှင်၏ ရောဟိန်မြစ်အရေးအခင်း ဓာတ်တော်တွင်လည်း တွေ့မြင်နိုင်သည်။ ဗုဒ္ဓဝင်အဆိုအရ မြတ်စွာဘုရားရှင်သည် မဟာဝုန်တောကြီး၌ သီတင်းသုံးနေတော်မူစဉ် ကပိလဝတ်ပြည်သားများနှင့် ကောလိယပြည်သားများအကြား ရောဟိန်မြစ်ရေကို အသုံးပြုရေးနှင့် ပတ်သက်၍ အငြင်းပွားမှုဖြစ်ပွားခဲ့သည်။

ရောဟိန်မြစ်သည် ကပိလဝတ်ပြည်နှင့် ကောလိယပြည်ကြားမှ ဖြတ်သန်းစီးဆင်းသည့် မြစ်တစ်စင်းဖြစ်သည်။ မိုးခေါင်သည့်နွေတွင် မြစ်ရေနည်းပါးလာသဖြင့် နှစ်ဖက်သော ပြည်သူများ၏ စိုက်ပျိုးရေးလုပ်ငန်းများအတွက် ရေအလုံအလောက် မရရှိကြတော့ပေ။ ထို့ကြောင့် မြစ်ရေကိုမိမိတို့ဘက်က ပိုမိုရရှိရေးအတွက် အငြင်းပွားကြရာမှ နှစ်ပြည် ထောင်အကြား စစ်မက်ဖြစ်ပွားတော့မည့်အခြေအနေသို့ ရောက်ရှိခဲ့ကြသည်။

ထိုအခြေအနေကို သိမြင်တော်မူသော မြတ်စွာဘုရားရှင်က ရောဟိန်မြစ်ကမ်းသို့ကြွရောက်တော်မူပြီး နှစ်ဖက်သောပြည်သူများအား ဆုံးမတော်မူခဲ့သည်။ မြစ်ရေ၏တန်ဖိုးထက် လူအသက်နှင့် ငြိမ်းချမ်းရေး၏တန်ဖိုးက ပိုမိုကြီးမားကြောင်း၊ အငြင်းပွားခြင်းထက် အပြန်အလှန်နားလည်မှုဖြင့် ဖြေရှင်းခြင်းက ပိုမိုအကျိုးရှိကြောင်း သဘောပေါက်စေခဲ့သည်။

ဤဓာတ်တော်သည် ရေအရင်းအမြစ်ကို မျှဝေသုံးစွဲရာတွင် အတ္တနှင့် အာဏာပြိုင်ဆိုင်မှုထက် ညီညွတ်မှု နားလည်မှုနှင့် ငြိမ်းချမ်းရေးကို ဦးစားပေးသင့်ကြောင်း ယနေ့ခေတ်လူသားများအတွက်လည်း သင်ခန်းစာပေးလျက်ရှိသည်။

ရေကို တန်ဖိုးထားသည့်နိုင်ငံများ

ကမ္ဘာ့နိုင်ငံအချို့သည် ရေရှားပါးမှုကို ရင်ဆိုင်ဖြေရှင်းရန် ရေအရင်းအမြစ်စီမံခန့်ခွဲမှု၊ နည်းပညာအသုံးချမှုနှင့် ပြည်သူများ၏ ရေချွေတာသုံးစွဲမှုတို့ကို ပေါင်းစပ်ဆောင်ရွက်နေကြသည်။ အစ္စရေးနိုင်ငံသည် ရေအရင်းအမြစ်စီမံခန့်ခွဲမှုနှင့် နည်းပညာအသုံးချမှုတွင် စံနမူနာယူစရာ နိုင်ငံတစ်နိုင်ငံဖြစ်သည်။ မိုးရေချိန်နည်းပါးသည့်သဘာဝအခြေအနေကိုရင်ဆိုင်နိုင်ရန် ပင်လယ်ရေကိုသန့်စင်၍ သောက်သုံးရေအဖြစ် ပြောင်းလဲအသုံးပြုခြင်း၊ စွန့်ပစ်ရေများကိုသန့်စင်ပြီး စိုက်ပျိုးရေးလုပ်ငန်းများတွင် ပြန်လည်အသုံးပြုခြင်းနှင့် ရေစက်ချစိုက်ပျိုးရေးနည်းပညာကို ကျယ်ကျယ်ပြန့်ပြန့် အသုံးချခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

အထူးသဖြင့် ရေစက်ချစိုက်ပျိုးရေးစနစ်သည် အပင်၏အမြစ်ပိုင်းသို့ လိုအပ်သည့်ရေပမာဏကို တိုက်ရိုက်ပေးပို့နိုင်သဖြင့် ရေဆုံးရှုံးမှုကို လျော့ချနိုင်သည့် ထိရောက်သောနည်းလမ်းတစ်ခုဖြစ်သည်။ ထို့ပြင် ရေကိုချွေတာသုံးစွဲရေး အသိပညာပေးလုပ်ငန်းများကိုလည်း အလေးထားဆောင်ရွက်ကြသည်။ ကျောင်းသားလူငယ်များကို ငယ်စဉ်ကတည်းက ရေ၏တန်ဖိုး၊ ရေသုံးစွဲမှုစနစ်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့ကို သင်ကြားပေးခြင်းက ရေချွေတာရေးအလေ့အကျင့်ကောင်းများ ရရှိစေရန် အထောက်အကူပြုသည်။

ယင်းအတွေ့အကြုံများက ရေရှားပါးမှုကို ဖြေရှင်းရာတွင် နည်းပညာတစ်ခုတည်းဖြင့် မလုံလောက်ကြောင်း၊ ပညာရေး၊ စည်းမျဉ်းစည်းကမ်း၊ ပြည်သူပူးပေါင်းပါဝင်မှုနှင့် ရေရှည် စီမံကိန်းများလည်း လိုအပ်ကြောင်း ပြသနေသည်။

ရေတစ်စက်ကိုချွေတာခြင်းသည် အနာဂတ်ကို ကာကွယ်ခြင်း

ရေအရင်းအမြစ်များကို ထိန်းသိမ်းခြင်းသည် အစိုးရနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများ၏တာဝန်သာမက ပြည်သူတစ်ဦးချင်းစီ၏တာဝန်လည်း ဖြစ်သည်။ နေ့စဉ်ဘဝတွင် ရေအသုံးပြုမှုအလေ့အကျင့်ကောင်းများ မွေးမြူခြင်းဖြင့် ရေကို များစွာချွေတာနိုင်သည်။ ကားများဆေးကြောရာတွင် ရေပိုက်ဖြင့် အဆက်မပြတ်ဆေးကြောခြင်းထက် ရေပုံးနှင့် အဝတ်ကို အသုံးပြုခြင်း၊ သစ်ပင်ပန်းပင်များ ရေလောင်းရာတွင် ရေလောင်းပုံးကိုအသုံးပြုခြင်း၊ သွားတိုက်နေစဉ်နှင့် ခေါင်းလျှော်နေစဉ် ရေပိုက်ခေါင်းပိတ်ထားခြင်းတို့သည် လက်တွေ့ကျင့်သုံးနိုင်သည့် ရေချွေတာရေးနည်းလမ်းများဖြစ်သည်။

ထို့ပြင် ရေပိုက်များနှင့် ရေဘုံပိုင်ခေါင်းများတွင် ရေယိုစိမ့်မှုရှိ မရှိ ပုံမှန်စစ်ဆေးခြင်း၊ မိုးရေကို စုဆောင်းသိုလှောင်ခြင်း၊ ရေသန့်ရှင်းမှုအခြေအနေနှင့် သင့်လျော်ပါက အသုံးပြုပြီးရေများကို ပြန်လည် အသုံးပြုခြင်းတို့ကိုလည်း ဆောင်ရွက်နိုင်သည်။ စိုက်ပျိုးရေးလုပ်ငန်းများတွင်လည်း ရေကို အလေအလွင့်နည်းပါးစေမည့် နည်းစနစ်များ အသုံးပြုရန်လိုအပ်သည်။ သီးနှံအမျိုးအစားနှင့် ဒေသ၏ ရာသီဥတုအခြေအနေတို့အပေါ်မူတည်၍ သင့်လျော်သည့် စိုက်ပျိုးရေးနည်းလမ်းများ ရွေးချယ်ခြင်း၊ ရေသွင်းစနစ်များကို ပြုပြင်တိုးတက်စေခြင်းနှင့် မိုးရေကို စနစ်တကျ စုဆောင်းအသုံးပြုခြင်းတို့သည် ရေရှားပါးမှုကို လျော့ချနိုင်မည့်နည်းလမ်းများ ဖြစ်သည်။

စာမျက်နှာ ၉ သို့ ✻

လူမှုဖူလုံရေးအကျိုးခံစားခွင့်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆွေးနွေး

ရန်ကုန် နိုဝင်ဘာ ၂

လက်ရှိအချိန်တွင် အကျိုးဝင်အာမခံ အလုပ်သမားပေါင်း ၁ ဒသမ ၃ သန်းကျော်၏ ကျန်းမာရေးစောင့်ရှောက်မှုနှင့် အကျိုးခံစားခွင့်များရရှိစေရေး မြို့နယ်ပေါင်း ၁၃၆ မြို့နယ်တွင် အလုပ်သမားဆေးရုံကြီး သုံးရုံ၊ မြို့နယ်ရုံး ၈၀၊ မြို့နယ်ဆေးခန်းပေါင်း ၅၈ ခန်း၊ ဌာနကြီးဆေးခန်း ၄၆ ခန်း၊ လူမှုဖူလုံရေးအဖွဲ့နှင့် စာချုပ်ချုပ်ဆိုထားသည့် ဆေးခန်း ၇၁ ခန်း၊ တိုင်းရင်းဆေးကုခန်း တစ်ခန်း၊ သားဖွားခန်း ရှစ်ခန်းတို့အပြင် ရွှေလွှားဆေးကုသယာဉ် လေးစီးဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်က ပြောကြားသည်။

ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ မြန်မာကွန်ဗင်းရှင်းစင်တာ (MCC)၌ကျင်းပသည့် အလုပ်သမားဝန်ကြီးဌာနမှ “လူမှုဖူလုံရေးအကျိုးခံစားခွင့်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ” ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။



ထို့ပြင် ကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုကောင်းမွန်စွာ အသုံးပြုနိုင်စေရေး ဝန်ဆောင်မှုပေးသူနှင့် ဝန်ဆောင်မှုရယူသူအကြား ခွဲခြားလုပ်ကိုင်မှုစနစ် (Provider Purchaser Split – PPS) အရ Fee for Service Payment ဖြင့် လက်ရှိတွင် ပဉ္စလိကဆေးရုံ၊ ဆေးခန်းများနှင့် စာချုပ်ချုပ်ဆို ဆောင်ရွက်ပေးလျက်ရှိပြီး အာမခံအလုပ်သမား များပြားသည့် တိုင်းဒေသကြီးများတွင် ကျန်းမာရေးစောင့်ရှောက်မှုများ တိုးချဲ့ဆောင်ရွက်ပေးနိုင်ရန် အတွက် အလုပ်သမားဆေးရုံကြီးများအား ဖွင့်လှစ်နိုင်ရေး လေ့လာဆန်းစစ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် လူမှုဖူလုံရေးဌေကြေး အကျိုးခံစားခွင့်များ၊ လူမှုဖူလုံရေးအကျိုးဝင် အာမခံအလုပ်သမားများ၏ ပြင်ပဆေးရုံ၊ ဆေးခန်းများ၌ ဆေးကုသရာတွင် စိုက်ထုတ်ကုန်ကျခဲ့သည့် ဆေးဝိုးစိုက်ထုတ် ငွေများကို အမြန်ဆုံးစီစစ်ခွင့်ပြုပြီး ပြန်လည်ပေးအပ်လျက်ရှိကြောင်းလည်း ပြည်ထောင်စုဝန်ကြီးက ထည့်သွင်းပြောကြားသည်။

ဆွေးနွေး

ထို့နောက် ဆွေးနွေးပွဲတက်ရောက်လာသည့် ကိုယ်စားလှယ်များနှင့် အလုပ်ရှင်၊ အလုပ်သမားအဖွဲ့အစည်း ကိုယ်စားလှယ်များက အလုပ်ရှင်၊ အလုပ်သမားနှင့် လူမှုဖူလုံရေးအဖွဲ့တို့အကြား ပူးပေါင်းဆောင်ရွက်မှုအားကောင်းစေရေး ပိုင်းဝန်းအကြံပြုဆွေးနွေးကြသည်။

အဆိုပါ ဆွေးနွေးပွဲသို့ ပြည်ထောင်စု အတိုင်ပင်ခံကောင်စီအဖွဲ့ဝင် ဦးကိုကိုလိုင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ ဒါရိုက်တာအဖွဲ့ဝင်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်(UMFCCI)၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (CTUM)တို့မှ ကိုယ်စားလှယ်များ၊ စက်မှုဇုန်များမှ အလုပ်ရှင်များ၊ မန်နေဂျာများနှင့် အလုပ်သမားအဖွဲ့အစည်းများမှ အဖွဲ့ဝင်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

သတင်းစဉ်

မြန်မာနိုင်ငံပြန်တမ်း

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ စစ်ကိုင်းတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ စိုးမြင့်အေးကို မန္တလေးတက္ကသိုလ် ပါမောက္ခချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့် နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ပညာရေးဝန်ကြီးဌာန၊ Naypyitaw State Academy ပါမောက္ခချုပ် ဒေါက်တာ နုနုလွင်ကို အစမ်းခန့်ကာလ (၁)နှစ် ပြည့်မြောက်သည့် နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။



သုံးရေခွဲတာသုံးစွဲရေး နှိုးဆော်ချက်

သစ်ပင်များကို စနစ်တကျ စိုက်ပျိုးထိန်းသိမ်းခြင်းဟာ သဘာဝအတိုင်း ရေကိုစုဆောင်းသိုလှောင်ပြီး ခွေတာရာရောက်သည့်အတွက် ရေရှည်တည်တံ့နိုင်စေရေး သစ်ပင်များအား စနစ်တကျ စိုက်ပျိုးထိန်းသိမ်းကြပါရန် နှိုးဆော် အပ်ပါသည်။



အိမ်တွင်းသုံးရေခွဲတာရေး

ရေချိုးချိန်နှင့် နေ့စဉ် ရေသုံးစွဲမှုကို လျှော့ချပါ။ သွားတိုက်နေစဉ်၊ မျက်နှာသစ်နေစဉ်နှင့် ပန်းကန်ဆေးကြောနေစဉ်အတွင်း ရေပိုက်ခေါင်းကို အမြဲပိတ်ထားပါ။



အိမ်တွင်းသုံးရေခွဲတာရေး

အသုံးပြုပြီးသည့်ရေကို ပြန်လည်သုံးစွဲနိုင်ရန် စီစဉ်ပါ။ (ဥပမာ - ဟင်းသီးဟင်းရွက်ဆေးကြောထားသော ရေများ၊ ဆန်ဆေးရေများကို အပင်ရေလောင်းရာတွင် ပြန်လည်အသုံးပြုပါ။)

✻ စာမျက်နှာ ၈ မှ

ရေခွဲတာခြင်းသည် ရေကိုသာ ခွဲတာခြင်းမဟုတ်ပေ။ ရေကိုစုပိုယူခြင်း၊ သန့်စင်ခြင်းနှင့် ဖြန့်ဖြူးခြင်းတို့အတွက် အသုံးပြုရသည့် လျှပ်စစ်စွမ်းအင်နှင့် ငွေကြေးကုန်ကျမှုတို့ကိုလည်း လျှော့ချနိုင်သည်။ ထို့ကြောင့် ရေကို အကျိုးရှိရှိအသုံးပြုခြင်းသည် မိသားစုစီးပွားရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက်ပါ အကျိုးရှိစေသည်။

သို့သော် ရေခွဲတာရေးကို ပြည်သူတစ်ဦးချင်း၏အပြုအမူပြောင်းလဲမှုဖြင့်သာ ဖြေရှင်း၍မရနိုင်ပေ။ နိုင်ငံတော်အဆင့်တွင် ရေအရင်းအမြစ်များကို စနစ်တကျစီမံခန့်ခွဲခြင်း၊ မြစ်ချောင်းများ ညစ်ညမ်းမှုကိုကာကွယ်ခြင်း၊ မြေအောက်ရေ အလွန်အကျွံထုတ်ယူသုံးစွဲမှုကို ထိန်းချုပ်ခြင်း၊ ရေလောင်ကန်နှင့် ရေပေးဝေရေးစနစ်များ တိုးတက်အောင် ဆောင်ရွက်ခြင်းတို့ကိုလည်း အလေးထားရန် လိုအပ်သည်။

အထူးသဖြင့် ရေချိုအရင်းအမြစ်များကို လက်ရှိမျိုးဆက်အတွက်သာမက နောင်လာမည့် မျိုးဆက်များအတွက်ပါ ရေရှည်တည်တံ့စေရန် ထိန်းသိမ်းစောင့်ရှောက်ရမည်ဖြစ်သည်။

“ရေတစ်စက်သည် သေးငယ်သည့် ပမာဏတစ်ခုသာဖြစ်သော်လည်း ထိုရေတစ်စက်တွင် လူသားတို့၏ အသက်၊ ကျန်းမာရေး၊ စားရေရိက္ခာနှင့် အနာဂတ်တို့တည်ရှိနေသည်။ ရေတစ်စက်ကိုတန်ဖိုးထားခြင်းသည် လူသားတို့၏ ရှင်သန်မှုကို တန်ဖိုးထားခြင်းပင်ဖြစ်သည်။ ထို့ကြောင့် ရေကို ရရှိနေစဉ်ကာလတွင် တန်ဖိုးထားသုံးစွဲကြရန်၊ ရှားပါးလာမှသာ တန်ဖိုးသိတတ်သည့် အလေ့အကျင့်မျိုးကို ရှောင်ကြဉ်ကြရန်နှင့် ရေအရင်းအမြစ်များကို စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်ကြရန် တိုက်တွန်းလို”

လူသားတို့၏အနာဂတ်နှင့် ရေတစ်စက်၏တန်ဖိုး

ရေသည် သဘာဝတရားက လူသားတို့အား ပေးအပ်ထားသည့် အဖိုးတန်လက်ဆောင်တစ်ခုဖြစ်သည်။ သို့သော် သဘာဝအရင်းအမြစ်ဖြစ်သည့် အတွက် အကန့်အသတ်မရှိ ရရှိနိုင်မည်ဟု ယူဆ၍မရပေ။ ရေကို အလဟဿဖြုန်းတီးခြင်း၊ မြစ်ချောင်းများ ညစ်ညမ်းစေခြင်းနှင့် ရေအရင်းအမြစ်များကို စနစ်မကျစွာ အသုံးပြုခြင်းတို့သည် နောင်လာမည့် မျိုးဆက်များအတွက် ရေအခက်အခဲများကို ပိုမိုဖြစ်ပေါ်စေနိုင်သည်။

ယနေ့ ကျွန်ုပ်တို့၏ ရေသုံးစွဲမှုအလေ့အကျင့်သည် မနက်ဖြန် မျိုးဆက်သစ်များ၏ဘဝအပေါ် သက်ရောက်မှုရှိနေမည်ဖြစ်သည်။ ထို့ကြောင့် ရေကို တန်ဖိုးထားခြင်းသည် မိမိတို့၏ အသက်ရှင်ရပ်တည်ရေးကို ကာကွယ်ခြင်းသာမက သားစဉ်မြေးဆက်တို့၏ အနာဂတ်ကိုပါ ကာကွယ်ခြင်းဖြစ်သည်။

ရေတစ်စက်သည် သေးငယ်သည့်ပမာဏတစ်ခုသာဖြစ်သော်လည်း ထိုရေတစ်စက်တွင် လူသားတို့၏အသက်၊ကျန်းမာရေး၊ စားရေရိက္ခာနှင့် အနာဂတ်တို့ တည်ရှိနေသည်။ ရေတစ်စက်ကို တန်ဖိုးထားခြင်းသည် လူသားတို့၏ရှင်သန်မှုကို တန်ဖိုးထားခြင်းပင်ဖြစ်သည်။ ထို့ကြောင့် ရေကို ရရှိနေစဉ်ကာလတွင် တန်ဖိုးထားသုံးစွဲကြရန်၊ ရှားပါးလာမှသာ တန်ဖိုးသိတတ်သည့် အလေ့အကျင့်မျိုးကို ရှောင်ကြဉ်ကြရန်နှင့် ရေအရင်းအမြစ်များကို စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်ကြရန် တိုက်တွန်းလိုပါသည်။

ရေတစ်စက်ကို ခွေတာခြင်းသည် လူသားတို့၏ အနာဂတ်အတွက် မျှော်လင့်ချက်တစ်စက်ကို ထိန်းသိမ်းခြင်းပင်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

အလယ်အလတ်အဆင့် အရာထမ်းသင်တန်း အမှတ်စဉ်(၁၆) သင်တန်းဖွင့်လှစ်

ရန်ကုန် နိုဝင်ဘာ ၂

အလယ်အလတ်အဆင့် အရာထမ်းသင်တန်း အမှတ်စဉ်(၁၆) သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီတွင် နိုင်ငံဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ရတနာသိဃ်ခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးတင်မောင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဗိုလ်ဌေး၊ နိုင်ငံဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)မှ ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။



ပြောကြား

အခမ်းအနားတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးတင်မောင်ဝင်းက နိုင်ငံတော်၏ စီမံအုပ်ချုပ်ရေးယန္တရားတွင် အလယ်အလတ်အဆင့် အရာထမ်းများ၏ အခန်းကဏ္ဍသည် အလွန်အရေးကြီးကြောင်း၊ နိုင်ငံဝန်ထမ်းတစ်ဦးချင်းစီ၏ စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်မှုမှအစပြုပြီး လုပ်ငန်းခွင်၌ အစုအဖွဲ့ဖြင့် ပူးပေါင်းဆောင်ရွက်တတ်မှု အလေ့အကျင့်ကောင်းများရရှိစေရန်၊ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ရှိသူများ ဖြစ်လာစေရန်၊ စီမံခန့်ခွဲမှု အလေ့အကျင့်ကောင်းများ ရရှိစေရန်နှင့် သစ္စာ၊ သမာဓိ၊ ပညာနှင့် ပြည့်စုံသော ဝန်ထမ်းကောင်းများ ဖြစ်စေရန်ရည်ရွယ်ပြီး လေ့ကျင့်ပေးသွားမည်ဖြစ်ကြောင်း၊ "နိုင်ငံတည်ထောင်မှု ပြည်သူနဲ့ဝန်ထမ်း လက်တွဲပြု" ဆိုသည့် ဆောင်ပုဒ်နှင့်အညီ နိုင်ငံတော်၏ ကျေးဇူးသစ္စာကိုစောင့်သိရှိသေပြီး ပြည်သူလူထုကို အကောင်းဆုံး ဝန်ဆောင်မှုပေးနိုင်သော အရာထမ်းများဖြစ်စေရန် ကြိုးစားလေ့လာသင်ယူသွားကြရန် ပြောကြားသည်။

အလယ်အလတ်အဆင့် အရာထမ်းသင်တန်း အမှတ်စဉ်(၁၆)သို့ သင်တန်းသား ၇၃ ဦး၊ သင်တန်းသူ ၇၇ ဦး စုစုပေါင်း ၁၅၀ ဖြင့် ၂၀၂၆ ခုနှစ် နိုဝင်ဘာ ၂ ရက်မှ ၂၀၂၇ ခုနှစ် မတ် ၁၉ ရက်အထိ ရက်သတ္တ ၂၀ ကြာ ဖွင့်လှစ်မည်ဖြစ်သည်။

ဖွင့်ပွဲအပြီးတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌသည် ရတနာသိဃ်ခန်းမ၌ အလယ်အလတ်အဆင့် အရာထမ်းသင်တန်းအမှတ်စဉ်(၁၆)၊ စာရေးဝန်ထမ်းကြီးကြပ်သင်တန်းအမှတ်စဉ်(၁၀၀)၊ စာရေးဝန်ထမ်းသင်တန်းအမှတ်စဉ် (၂၂၀)မှ သင်တန်းသား သင်တန်းသူများနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး ခရေဆောင်စားရိပ်သာ၌ အရာထမ်းငယ်သင်တန်း အမှတ်စဉ်(၁၃၈)မှ သင်တန်းသူများနှင့် နေ့လယ်စာ အတူတကွသုံးဆောင်ကာ တက္ကသိုလ်၏ ရွှေရတုပြခန်းနှင့် စာကြည့်တိုက်တို့ကိုလည်းကောင်း၊ တက္ကသိုလ်အတွင်း စိုက်ပျိုးထားသော ရာသီသီးနှံစိုက်ခင်းနှင့် တစ်သျှူးဥက်ပျောစိုက်ခင်းတို့ကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တက္ကသိုလ်အစည်းအဝေးခန်းမ၌ ပါမောက္ခချုပ်၊ တက္ကသိုလ်သင်ကြား၊ စီမံဌာနများမှ တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး သင်ကြားရေးဆိုင်ရာ ကိစ္စရပ်များ၊ စီမံခန့်ခွဲရေးဆိုင်ရာလုပ်ငန်းများနှင့် စိုက်ပျိုးရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

(၃၈)နှစ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့အထိမ်းအမှတ် စုပေါင်းသွေးလှူဒါန်း

ဘားအံ နိုဝင်ဘာ ၂

အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၏ (၃၈)နှစ်မြောက် ဌာန နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ကရင်ပြည်နယ် ခရိုင်၊ မြို့နယ်၊ မြို့ရုံးများမှ ဝန်ထမ်းများသည် ယနေ့နံနက်ပိုင်းက ပြည်နယ် ပြည်သူ့ဆေးရုံကြီး (ဘားအံ) သုံးထပ် တိုးချဲ့လှူဆောင်၌ စုပေါင်း သွေးလှူဒါန်းကြသည်။



သွေးလှူဒါန်းပွဲတွင် ပြည်နယ် ပြည်သူ့ဆေးရုံကြီး (ဘားအံ)မှ ကျန်းမာရေး ဝန်ထမ်းများက အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန မှဝန်ထမ်းများကို ကိုယ်အလေးချိန်တိုင်းတာခြင်း၊ သွေးပေါင်ချိန်တိုင်းတာခြင်း၊ သွေးအမျိုးအစားခွဲခြားခြင်းနှင့် သွေးလှူဒါန်းနိုင်ရန် လိုအပ်သည့် ကျန်းမာရေးစစ်ဆေးဆောင်ရွက်ပေးမှုများကို ကရင်ပြည်နယ်ဝန်ကြီးချုပ်ဦးစောမြင့်ဦးနှင့် တာဝန်ရှိသူက ကြည့်ရှုအားပေးပြီး သွေးလှူရှင်များကို အာဟာရ ဖြည့်စွက်အစားအစာများ ချီးမြှင့်ပေးအပ်ကြသည်။

ဆက်လက်၍ (၃၈)နှစ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အခမ်းအနားကို မွန်းလွဲ ၂ နာရီတွင် ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၂)၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က အနာဂတ်ကာလတွင် နိုင်ငံတော်တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်ရေး အတွက် အုပ်ချုပ်ရေးယန္တရား ပိုမို အားကောင်းလာစေရန်နှင့် ပိုမိုကောင်းမွန်သော ပြည်သူ့ဝန်ဆောင်မှုများ ပေးနိုင်ရန် အတွက် မိမိတို့ကျရာကဏ္ဍ အသီးသီးမှ တာဝန်သိသိ သစ္စာရှိရှိဖြင့် တာဝန်ကျေပွန်စွာ ဆက်လက်သယ်ပိုး ထမ်းရွက်သွားကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ထို့ပြင် ပြည်နယ်ဝန်ကြီးချုပ်က သင်တန်းများတွင် ထူးချွန်ဆုရရှိကြသူများကို ဂုဏ်ပြုဆု၊ ဝန်ထမ်းများအား တူညီဝတ်စုံ၊ ချီးမြှင့်ငွေနှင့် ဆန်၊ ဆီ၊ ကြက်ဥ အစရှိသော အခြေခံစားကုန်များကို ပေးအပ်ချီးမြှင့်ပြီး ပြည်နယ် အုပ်ချုပ်ရေးမှူးက ဝန်ထမ်းများအား တူညီဝတ်စုံနှင့်အခြေခံစားကုန်များကို ချီးမြှင့်ပေးအပ်ရာ ဝန်ထမ်းများကိုယ်စား အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးက ကျေးဇူးတင်စကား ပြန်လည် ပြောကြားခဲ့ကြောင်း သိရသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)

ပဲခူးမြို့နယ်သမဝါယမအသင်းစု အရပ်ရပ်ဆိုင်ရာအစည်းအဝေး ကျင်းပ

ပဲခူး နိုဝင်ဘာ ၂

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်သမဝါယမအသင်းစု၏ ၂၀၂၅-၂၀၂၆ဘဏ္ဍာနှစ်အရပ်ရပ်ဆိုင်ရာအစည်းအဝေးနှင့် အမှုဆောင်အဖွဲ့သစ် ရွေးချယ်တင်မြှောက်ပွဲကို ယနေ့နံနက်ပိုင်းက ပဲခူးမြို့နယ် သမဝါယမအသင်းစုခန်းမ၌ ကျင်းပသည်။

အဆိုပါအစည်းအဝေးသို့ ပဲခူးတိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်နေလင်းညီတက်ရောက်ပြီး တိုင်းဖွဲ့စည်းရေးကော်မတီဥက္ကဋ္ဌက သမဝါယမအသင်း ဥပဒေသစ်ပါ ပြဋ္ဌာန်းချက်များနှင့်အညီ သမဝါယမအသင်းစည်းကမ်းချက်များကို ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် အသင်း၏ အမှုဆောင် ဒါရိုက်တာ ငါးဦးနှင့် အသင်းစာရင်းစစ်နှစ်ဦးတို့အား တက်ရောက်လာသော အသင်းသားများ၏ အဆိုပြုထောက်ခံချက်များအတိုင်း ရွေးချယ်အတည်ပြုဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (၃၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် စုပေါင်းသွေးလှူဒါန်း



စစ်တွေ နိုဝင်ဘာ ၂

(၃၈)နှစ်မြောက် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၏ နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အဖြစ် ရခိုင်ပြည်နယ် ခရိုင်၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ စုပေါင်း သွေးလှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းက စစ်တွေမြို့ ခုတင်(၅၀၀) ဆံ့ အထွေထွေရောဂါကုဆေးရုံကြီး၌ ကျင်းပသည်။

သွေးလှူဒါန်းပွဲတွင် ရခိုင်ပြည်နယ် ဝန်ကြီးချုပ်ဦးနိုင်ဦးနှင့် ဇနီးတို့ကသွေးလှူဒါန်းကြမည့်ဝန်ထမ်းများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက် အားပေးစကားပြောကြားကြပြီး သွေးလှူဒါန်းကြသည့်ဝန်ထမ်းများကို အာဟာရဖြည့်စွက်စာများနှင့် ဆေးဝါးများ ပေးအပ်ကြသည်။ ဆက်လက်၍ သွေးလှူဒါန်းရာတွင် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြသည့် ကျန်းမာရေးဝန်ထမ်းများအတွက် ချီးမြှင့်ငွေများပေးအပ်ပြီး ဆေးရုံကြီးအတွက် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။ အဆိုပါ စုပေါင်း သွေးလှူဒါန်းပွဲတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပြည်နယ်၊ ခရိုင်၊ မြို့နယ်ရုံးများမှ ဝန်ထမ်းစုစုပေါင်း ၂၆ ဦးတို့က စုပေါင်းလှူဒါန်းခဲ့ကြကြောင်း သိရသည်။

တင်ထွန်း(ပြန်/ဆက်)

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်၌ မြို့နယ်မီးသတ်ဦးစီးဌာနက ကြီးမှူး၍ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး မွမ်းမံသင်တန်းဖွင့်ပွဲကို နိုဝင်ဘာ ၂ ရက်က မြို့နယ်မီးသတ်ဦးစီးမှူးရုံး၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမိုးသူက အမှာစကားပြောကြားစဉ်။

သက်လွင်စိုး (ပြန်/ဆက်)



သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့

မြန်မာ-တရုတ် ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုပြပွဲ(၂၀၂၆)နှင့်စပ်လျဉ်း၍ လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေး



ပုသိမ် နိုဝင်ဘာ ၂

မြန်မာ-တရုတ်ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုပြပွဲ(၂၀၂၆)နှင့် စပ်လျဉ်း၍ လုပ်ငန်းရှင်များနှင့် တွေ့ဆုံညှိနှိုင်း ဆွေးနွေးပွဲကို ယနေ့ညနေပိုင်းက ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၂)၌ ပြုလုပ်သည်။

မြန်မာ-တရုတ်ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုပြပွဲတွင် ဧရာဝတီတိုင်းဒေသကြီးသည် စိုက်ပျိုးရေးတိုင်းဒေသကြီးဖြစ်သဖြင့် ဆန်၊ စပါးကိုအခြေခံသည့် ထုတ်ကုန်ပစ္စည်းများအပြင်၊ မွေးမြူရေး ထုတ်ကုန်ပစ္စည်းများနှင့် ပီလာပီနံ၊ ကွမ်းသီး၊ သီဟိုဠ်၊ ပြောင်းစသည် ထုတ်ကုန်ပစ္စည်းတို့ကို လည်းပြသနိုင်ရေး ဆောင်ရွက်ရန် လိုပါကြောင်း၊ လုပ်ငန်းရှင်များ အနေဖြင့်လည်း မိမိဒေသတွင်း သာမက လာရောက်ပြသသည့် နိုင်ငံ၏ ထုတ်ကုန်ပြခန်းများနှင့် ထုတ်လုပ်မှု နည်းစနစ်များကို သွားရောက်လေ့လာရန် လိုပါကြောင်း၊ MSME လုပ်ငန်းများ အနေဖြင့် အမယ်သစ်များ ပြသနိုင်ရေးအပြင် ထုပ်ပိုးမှုပုံစံကောင်းများဖြင့် ပါဝင်ပြသနိုင်ရေး ဆောင်ရွက်သွားရန် လိုပါကြောင်း၊ နိုင်ငံတကာ ဈေးကွက်သို့ ကုန်စည်များ တင်ပို့ရောင်းချရာတွင်လည်း အရည်အသွေးမကျဆင်းစေဘဲ သန့်သန့်ရှင်းရှင်းနှင့် စံချိန်စံညွှန်းပြည့်မီစွာဖြင့် မိမိတို့၏ ထုတ်ကုန်အရည်အသွေးကို ထိန်းသိမ်းကြရန် လိုပါကြောင်း တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအေးကျော်က ပြောကြားသည်။

ဆက်လက်၍ စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီး၊ စည်ပင်သာယာရေးဝန်ကြီး တို့က မြန်မာ-တရုတ်ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုပြပွဲ(၂၀၂၆) နှစ်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးကြပြီး တက်ရောက် လာကြသည့် လုပ်ငန်းရှင်များက ပြသမည့် ကုန်ပစ္စည်းများနှင့် ပတ်သက်ပြီး အထွေထွေ ဆွေးနွေးတင်ပြကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် အစည်းအဝေး ခန်းမ(၁)တွင် A Logistics Co., Ltd. က ထောက်ပံ့ပို့ဆောင်ရေး ဝန်ဆောင်မှု လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပွဲသို့ တက်ရောက်ရာ ကုမ္ပဏီတာဝန်ရှိသူတစ်ဦးက ဒေသခံများအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေးနှင့် လုပ်ငန်းခွင် ကျွမ်းကျင်မှုသင်တန်းများ ဖွင့်လှစ်နိုင်ရေး၊ ရေကြောင်းလုပ်ငန်းနှင့် ကုန်းလမ်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများ၊ လုပ်ငန်းသုံး မော်တော်ယာဉ်များ တင်သွင်းနိုင်ရေးအတွက် သွင်းကုန်လိုင်စင် လျှောက်ထားမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုနှင့် ပတ်သက်၍ အထွေထွေဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကုန်စည်ပို့ဆောင်ရေး လုပ်ငန်းသည်ဒေသတွင်း ကုန်စည်စီးဆင်းမှုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသည့် လုပ်ငန်းတစ်ရပ်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးအတွင်း အခြေပြု၍ လာရောက်လုပ်ကိုင် ဆောင်ရွက်ခြင်းကိုကြိုဆိုပါကြောင်း၊ ဒေသခံများအတွက် အလုပ်အကိုင်အခွင့် အလမ်းများ ဖန်တီးပေးနိုင်ရေးနှင့် လုပ်ငန်းခွင် ကျွမ်းကျင်မှုများ တိုးတက်လာစေရေးတို့ကို အလေးထားဆောင်ရွက်ကြရန် လိုအပ်ကြောင်း ဆွေးနွေးမှာကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

တိုင်းဒေသကြီး(ပြန်/ဆက်)



ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ် မီးသတ်ဦးစီးမှူးရုံးတွင် အရန်မီးသတ်လေ့ကျင့်ရေး မွမ်းမံသင်တန်း (၁/၂၀၂၆)ကို နိုဝင်ဘာ ၂ ရက်က ဖွင့်လှစ်ရာ တာဝန်ရှိသူများက သင်တန်းသားများအား သင်ထောက်ကူပစ္စည်းများနှင့် တူညီဝတ်စုံများ ပေးအပ်စဉ်။

မန်းကျော်(ပြန်/ဆက်)

အောင်လံမြို့နယ်၌ မီးဘေးလုံခြုံရေး စစ်ဆေးပညာပေး

အောင်လံ နိုဝင်ဘာ ၂

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်တွင် ယနေ့နံနက်ပိုင်းက အဝေးပြေးယာဉ်ရပ်နားစခန်း၌ မီးဘေးလုံခြုံရေးစစ်ဆေးခြင်းနှင့် အသိပညာပေးခြင်းများ ကျင်းဆင်းဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာနမှ ဒုတိယဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များက အဝေးပြေးယာဉ်ရပ်နားစခန်းအတွင်းရှိ ဈေးဆိုင်ခန်းများနှင့် ခရီးသည်စောင့်ဆိုင်းခန်းများတွင် မီးဘေးအန္တရာယ်ကင်းဝေးစေရေးအတွက် လျှပ်စစ်မီးသုံးစွဲမှုအခြေအနေများ၊ မီးသတ်ဆေးဘူးများ ထားရှိမှုနှင့် အရန်မီးသတ်ပစ္စည်းများ အသင့်ရှိစေရေးတို့ကို လှည့်လည်စစ်ဆေးပြီး မီးဘေးအန္တရာယ်ကာကွယ်ရေး အသိပေးပြောကြားခဲ့ကြောင်း သိရသည်။

ရှင်းခန့်အောင်



နိုင်ငံဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) စာရေးဝန်ထမ်းကြီးကြပ်သင်တန်း အမှတ်စဉ်(၁၀၀) သင်တန်းဖွင့်

ရန်ကုန် နိုဝင်ဘာ ၂

စာရေးဝန်ထမ်းကြီးကြပ်သင်တန်းအမှတ်စဉ် (၁၀၀)၏ သင်တန်းဖွင့်ပွဲကို ယနေ့ နံနက် ၈ နာရီတွင် နိုင်ငံဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ရုတနာသိဃ်ခန်းမ၌ ကျင်းပရာ ပါမောက္ခချုပ် ဦးကျော်ထွေး၊ ဒုတိယပါမောက္ခချုပ်(သင်ကြားရေး)၊ ဌာနမှူးများ၊ ပညာဌာနများမှ ပါမောက္ခ(ဌာနမှူး)များ၊ ပါမောက္ခများ၊ ဆရာ ဆရာမများ၊ ဝန်ကြီးဌာနများနှင့် အစိုးရအဖွဲ့အစည်းများမှ သင်တန်းသားသင်တန်းသူများ တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲတွင် ပါမောက္ခချုပ် ဦးကျော်ထွေးက သင်တန်းဖွင့် အမှာစကား ပြောကြားသည်။

စာရေးဝန်ထမ်းကြီးကြပ်သင်တန်း အမှတ်စဉ် (၁၀၀)သို့ ဝန်ကြီးဌာနများနှင့် အစိုးရအဖွဲ့အစည်းများမှ သင်တန်းသား ၄၁ ဦး၊ သင်တန်းသူ ၆၉ ဦး စုစုပေါင်း ၁၁၀ တက်ရောက်ပြီး နိုဝင်ဘာ ၂ ရက်မှ ၂၀၂၇ ခုနှစ် ဧန်နဝါရီ ၇ ရက်ထိ သင်တန်းကာလ ၁၀ ပတ်ကြာ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



အယ်လ်နီညိုအတွက် ကြိုတင်ပြင်ဆင်ရေးနှင့် ညှိနှိုင်းဆောင်ရွက်ရေးဆွေးနွေးပွဲ ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂

မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ဆောင်ရွက်သော အယ်လ်နီညိုအတွက် ကြိုတင်ပြင်ဆင်ရေးနှင့် ညှိနှိုင်း ဆောင်ရွက်ရေး El Niño Prepareness and anticipatory action ဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက အသင်းရုံးကုန်ရုံးခွဲ၌ ပြုလုပ်သည်။

ဆွေးနွေးပွဲတွင် အယ်လ်နီညိုနှင့်ပတ်သက်သော တရားဝင် သတိပေးချက်များကို ရပ်ရွာလူထုထံ အချိန်မီရောက်ရှိစေရန်၊ ထိခိုက်လွယ်သူများကို ဖော်ထုတ်ကူညီရန်၊ အသိပညာပေးရေးနှင့် ကြက်ခြေနီစေတနာဝလုပ်အားရှင်များ၏ စွမ်းဆောင်ရည်မြှင့်တင်ရန်ဖြစ်ပါကြောင်း၊ ထို့ပြင် ရေးဦးပြုစုခြင်း၊ လူနာယွဲ့ပြောင်းခြင်းနှင့် သန့်ရှင်းသော သောက်သုံးရေ ရရှိရေး၊ လိုအပ်သည့်ပစ္စည်းများ ကြိုတင်ပြင်ဆင်ထားရှိရေး၊ ဆက်သွယ်ရေးအဆင်သင့်ဖြစ်မှုတို့ကို လည်း ပြင်ဆင်ထားရန်ဖြစ်ပါကြောင်း မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခဒေါက်တာ မျိုးညွှန့်က ပြောကြားသည်။

ထို့နောက် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်တင်မာမွေးက အယ်လ်နီညိုနှင့်ပတ်သက်သော အချက်အလက်များကိုလည်းကောင်း၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဌာန ညွှန်ကြားရေးမှူး ဒေါ်မိုးသီတာဝင်းက အသင်းမှ ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှုများကိုလည်း ကောင်း ရှင်းလင်းဆွေးနွေးကြရာ တက်ရောက်လာသူများက အကြံပြုဆွေးနွေးခဲ့သည်။

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းသည် နှစ်စဉ် ရာသီဥတုအလိုက် ဘေးဖြစ်စီမံ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများအဖြစ် ကြက်ခြေနီအရေးပေါ် ကွပ်ကဲမှုစင်တာ(Emergency Operation Center)မှ မိုးလေဝသဆိုင်ရာ အချက်အလက်များကို စောင့်ကြည့်လေ့လာစုဆောင်း၍ သတင်းထုတ်ပြန်ခြင်းနှင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ခြင်းကို တိုင်းဒေသကြီး/ပြည်နယ်များရှိ ကြက်ခြေနီ အရေးပေါ်ကွပ်ကဲမှုစင်တာများ၊ ခရိုင်ကြက်ခြေနီကြီးကြပ်မှုကော်မတီနှင့် မြို့နယ်ကြက်ခြေနီအသင်းခွဲအဆင့် ဆင့်နှင့် စဉ်ဆက်မပြတ် ချိတ်ဆက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



ဟင်္သာတမြို့နယ်၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး (မွမ်းမံ) သင်တန်းဖွင့်ပွဲ ကျင်းပ

ဟင်္သာတ နိုဝင်ဘာ ၂

ဧရာဝတီ တိုင်းဒေသကြီး ဟင်္သာတမြို့နယ် မီးသတ်ဦးစီးမှူးရုံး၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ) သင်တန်း အမှတ်စဉ်(၁/၂၀၂၆) သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ပြောကြား

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌကိုယ်စား အတွင်းရေးမှူးရဲမျိုးက အမှာစကား ပြောကြားသည်။ ထို့နောက်မြို့နယ်မီးသတ်ဦးစီးမှူးက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များနှင့် သင်တန်းတွင် လေ့ကျင့်သင်ကြားပေးမည့် ဘာသာရပ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တာဝန်ရှိသူများက အရန်မီးသတ်တပ်ဖွဲ့ဝင်များအား တူညီဝတ်စုံများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



ကချင်ပြည်နယ်၊ ခရိုင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စုပေါင်းသွေးလှူဒါန်း

မြစ်ကြီးနား နိုဝင်ဘာ ၂

(၃၈)နှစ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ကချင်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ခရိုင်၊ မြို့နယ်ရုံးများ၏ စုပေါင်းသွေးလှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် အမှတ်(၁) တပ်မတော်ဆေးရုံ(ခုတင်-၃၀၀)၌ ကျင်းပသည်။

ဦးစွာ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် အဖွဲ့သည် ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးစီးသော အရာထမ်း၊ အမှုထမ်းများ၊ ဆေးတပ်မှူးနှင့် ဆေးရုံဝန်ထမ်းများ၏ အကူအညီဖြင့် စုပေါင်းသွေးလှူဒါန်းနေမှုကို လှည့်လည်ကြည့်ရှုပြီး သွေးလှူဒါန်းပေးသူများအား အာဟာရဖြစ် စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများကို လည်းကောင်း၊ ဆေးရုံအတွက် ဆေးပဒေသာပင်အဖြစ် အလှူငွေ ကျပ်သိန်း ၅၀ နှင့် ဆေးရုံလူနာများအတွက် အာဟာရကျွေးမွေးစရိတ် အဖြစ် ငွေကျပ် ၂၆ သိန်းကို လည်းကောင်း ပေးအပ်လှူဒါန်းသည်။

မွန်းလွဲပိုင်းတွင် (၃၈)နှစ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကချင်ပြည်နယ် (ပြည်နယ်၊ ခရိုင်၊ မြို့နယ်) အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အမျိုးသား ဖုဆယ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်ပြီး ဗိုလ်လုပွဲအဖြစ် ဌာနခွဲ-၃(က)အသင်းနှင့် ဗန်းမော်ခရိုင် အသင်းတို့၏ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးသည်။ ဗိုလ်လုပွဲစဉ်တွင် ဗန်းမော်ခရိုင်အသင်းက ခြောက်ဂိုး-ငါးဂိုးဖြင့် အနိုင်ရဖိုလ်စွဲသည်။

ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီးနှင့် တာဝန်ရှိသူများက ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသည့် အသင်းများ၊ နှစ်သိမ့်ဆုရရှိသည့် အသင်းများကို ဂုဏ်ပြုဆုဖလားနှင့် ချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

(၇၈)ကြိမ်မြောက် ချင်းရိုးရာနှစ်သစ်ကူးပွဲတော် ကျင်းပ

ဖလမ်း နိုဝင်ဘာ ၂

ဖလမ်းမြို့တွင် (၇၈)ကြိမ်မြောက် ချင်းရိုးရာနှစ်သစ်ကူးပွဲတော်ကို နိုဝင်ဘာ ၂ ရက်မှ ၁၄ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး အားကစားပြိုင်ပွဲများ၊ ရိုးရာဝတ်စားဆင်ယင်မှု၊ ယဉ်ကျေးမှုအကပြိုင်ပွဲများ ထည့်သွင်းကျင်းပမည်ဖြစ်ကြောင်း၊ ဆုပေးပွဲအခမ်းအနားနှင့် ပွဲတော်ကို နိုဝင်ဘာ ၁၄ ရက်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ချင်းရိုးရာ နှစ်သစ်ကူးပွဲတော် အထိမ်းအမှတ် အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့တွင် ဖလမ်းမြို့ ဟရန်ထီးပိုးဘောလုံးကွင်း၌ ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသောင်းနိုင်၊ ချင်းပြည်နယ် လွှတ်တော်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေလင်းအောင်၊ ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး ကော်မတီဝင်များ တက်ရောက်ကြသည်။

အခမ်းအနားကို ဆုတောင်းမေတ္တာပို့သ၍ စတင်ပြီး ဒေသခံအဆိုရှင်များက တေးသီချင်းများ သီဆိုဖျော်ဖြေကာအားကစားသမားများကအားကစား အဓိဋ္ဌာန် ရွတ်ဆိုကြသည်။

ထို့နောက် ဒုတိယဝန်ကြီးက ယခုကဲ့သို့ ရိုးရာပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခြင်းသည် ဒေသတွင်း အေးချမ်းတည်ငြိမ်ခြင်း၏ အသီးအပွင့် ရလဒ်ကောင်းပင်ဖြစ်ကြောင်း၊ ချင်းရိုးရာ ကောက်သစ်စားပွဲခေါ် ချင်းနှစ်သစ်ကူးပွဲတော်သည် နှစ်သစ်ကိုမျှော်လင့်ချက်အသစ်များနှင့် ကြိုဆိုကြသည့် မင်္ဂလာရှိသော ပွဲတော်ဖြစ်ပြီး ဒေသ၏ ယဉ်ကျေးမှု အမွေအနှစ်များကို ဖော်ထုတ်ပြသသည့် ပွဲတော်ဖြစ်သကဲ့သို့ နှစ်သစ်ကူးပွဲတော်ကြီးကို ကျင်းပနိုင်ခြင်းဖြင့် ဒေသခံပြည်သူများ၏ စည်းလုံးမှုညီညွတ်မှု၊ တစ်သွေးတစ်သားတည်းရှိမှုများကို ပိုပြင်စွာမြင်တွေ့ရသည့် အတွက် အထူးပင် ဂုဏ်ယူမိပါကြောင်းနှင့် ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး ကော်မတီအဖွဲ့ဝင်များ အနေဖြင့်လည်း ၂၀၂၆ ခုနှစ် မေလမှစတင်ပြီး ဖလမ်းမြို့ တိုးတက်စည်ကားရေး၊ သန့်ရှင်းသာယာလှပရေးနှင့် ရုံးလုပ်ငန်းများ ပုံမှန်အတိုင်းလည်ပတ်နိုင်ရေးတို့ကို အင်တိုက်အားတိုက် ကြိုးပမ်းမှုများကိုလည်း အသိအမှတ်ပြု မှတ်တမ်းတင်ရမည်ဖြစ်ကြောင်း၊ ဖလမ်းမြို့တွင် ကျင်းပသည့် (၇၈)ကြိမ်မြောက် ချင်းရိုးရာနှစ်သစ်ကူးပွဲတော်မှတစ်ဆင့် ဒေသ၏ ရိုးရာယဉ်ကျေးမှုများ ပိုမိုရှင်သန်တိုးတက်လာပြီး တိုင်းရင်းသားညီအစ်ကို မောင်နှမများအကြား ချစ်ကြည်ရင်းနှီးမှုနှင့် စည်းလုံးညီညွတ်မှု ပိုမိုခိုင်မာလာပါစေကြောင်းနှင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်ကောင်းမွန်လာပါစေကြောင်း နှစ်သစ်ကူးဆုမွန်တောင်းကြောင်း ပြောကြားသည်။

ယင်းနောက် ချင်းနှစ်သစ်ကူးပွဲတော် အထိမ်းအမှတ် ဘောလုံးပြိုင်ပွဲအား ချင်းပြည်နယ် လွှတ်တော်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေလင်းအောင်က စပေးဘောကန်၍ ဖွင့်လှစ်ပေးပြီး ဒုတိယဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ဒေသခံများနှင့်အတူ ဘောလုံးပြိုင်ပွဲကို ကြည့်ရှုအားပေးကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



မိုးနဲမြို့နယ်၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းဖွင့်

မိုးနဲ နိုဝင်ဘာ ၂

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ် မီးသတ်ဦးစီးဌာန၏အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်း အမှတ်စဉ်(၁/၂၀၂၆)ဖွင့်ပွဲကို ယနေ့ နံနက် ၉ နာရီက အဆိုပါမီးသတ်ရုံးခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက သင်တန်းဖွင့် အမှာစကား ပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးမှူးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြသည်။

အဆိုပါသင်တန်းတွင် သင်တန်းသား ၅၀ အား ရက် ၂၀ကြာ သက်ဆိုင်ရာဘာသာရပ်များကိုသင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။ **ပိုးတောင်း**



ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့တွင် အရန်မီးသတ်တပ်ဖွဲ့ဝင်များလေ့ကျင့်ရေး(မွမ်းမံ)သင်တန်း(၁/၂၀၂၆)ဖွင့်ပွဲကို နိုဝင်ဘာ ၂ ရက်က ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက အမှာစကားပြောကြားစဉ်။

မြို့နယ်(ပြန်/ဆက်)

အင်းစိန်မြို့နယ်၌ စကားပြော ပညာသင်တန်းဖွင့်လှစ်

ရန်ကုန် နိုဝင်ဘာ ၂

ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(အင်းစိန်)၌ ဝန်ထမ်းများ လုပ်ငန်းနယ်ပယ်တွင် လွယ်ကူချောမွေ့အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးနှင့် စည်းရုံးရေးစွမ်းရည် မြင့်မားစေရေးအတွက် စကားပြောပညာသင်တန်းကို ယနေ့နံနက် ၁၀ နာရီက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးက အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး သတင်းစာဆရာအသင်းဥက္ကဋ္ဌ ဦးဘိုကြည်(ဒေါက်တာဗိုလ်သံမဏိ-တောင်တွင်းကြီး)၊ မြို့နယ် စာပေဥယျာဉ်အသင်းနာယကဆရာကြီး ဦးရန်နောင်(ရန်နောင်-ပညာရေး)နှင့် မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးသက်တင်(မောင်သာတင့်-မြန်အောင်)တို့က မြန်မာစာပေလောက၊ စကားကြီး(၁၀)မျိုး ပြောနည်းကို ထိရောက်သော စကားပြောနည်း အခြေခံအချက်များ၊ မြန်မာနိုင်ငံနှင့် ကမ္ဘာ့နိုင်ငံများမှ စကားပြောကောင်းသည့် နိုင်ငံခေါင်းဆောင်များ၊ စာပေပညာရှင်များနှင့် စီးပွားရေးလုပ်ငန်းရှင်များအကြောင်း စိတ်ဝင်စားဖွယ် ဆွေးနွေးဟောပြောခဲ့ကြောင်း သိရသည်။

မြင့်ဦး



လေးမျက်နှာ မြို့နယ်၌ အရန်မီးသတ် လေ့ကျင့်ရေး(မွမ်းမံ) သင်တန်း ဖွင့်လှစ်

လေးမျက်နှာ နိုဝင်ဘာ ၂

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်၌ အရန်မီးသတ်လေ့ကျင့်ရေး(မွမ်းမံ)သင်တန်း (၁/၂၀၂၆)ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက မြို့နယ်မီးသတ်ဦးစီးဌာနခွဲ ကျင်းပသည်။

အခမ်းအနားတွင် လေးမျက်နှာမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက သင်တန်းဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးမှူးက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်၊ သင်တန်းနှင့် ပတ်သက်သည့်ကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးတို့က သင်တန်းသားများအတွက်တူညီဝတ်စုံပေးအပ်ပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်စန်းစန်းချိုက သင်တန်းသားများအတွက် သင်ထောက်ကူပစ္စည်းပေးအပ်ခဲ့ကြောင်း သိရသည်။

မိုးဟိန်းထက်

လျှပ်စစ်သုံးလျှင် သတိယှဉ် ဝန်အားမမျှ မသုံးရ

အီရန်၏ တောင်းဆိုချက်များအား အမေရိကန်လိုက်လျောပါက ဟော်မုဇ်ရေလက်ကြားအား နှစ်ရက်အတွင်း ပြန်လည်ဖွင့်လှစ်မည်ဟု အီရန် ပြောကြား



တီဟီရန် နိုဝင်ဘာ ၂

အီရန်၏ တောင်းဆိုချက်များအား အမေရိကန်ဘက်မှ လိုက်လျောပါက ဟော်မုဇ်ရေလက်ကြားအား နှစ်ရက်အတွင်း ပြန်လည်ဖွင့်လှစ်ရန်ဆောင်ရွက်မည်ဟု အီရန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ အစ္စမေးဗဂါအီက နိုဝင်ဘာ ၂ရက်တွင် ပြောကြားသည်။

ယခင်က အဆိုပါရေလက်ကြားကို သီတင်းတစ်ပတ်အတွင်း ပြန်ဖွင့်မည်ဟု အဆိုပြုခဲ့သော်လည်း ယခုအခါ ကြားခံနိုင်ငံများမှတစ်ဆင့် ညှိနှိုင်းမှုများပြုလုပ်ပြီးနောက် နှစ်ရက်အတွင်း ပြန်ဖွင့်ပေးနိုင်မည့်အစီအစဉ်သစ်သို့ လျှောချပြင်ဆင်ခဲ့ခြင်းဖြစ်သည်။

အီရန်နိုင်ငံ၏ တောင်းဆိုချက်များ ပြည့်မီပါက ဟော်မုဇ်ရေလက်ကြားတွင် လုံခြုံရေးကို ပြန်လည်ထိန်းသိမ်းပြီး မကြာမီကာလအတွင်း ညှိနှိုင်းဆွေးနွေးမှုလုပ်ငန်းစဉ်ကို ပြန်လည်စတင်နိုင်မည့် အလားအလာရှိလာမည်ကို မိမိတို့ကြည်ညာထားပြီးဖြစ်သည်ဟု ၎င်းက ပြောကြားခဲ့သည်။ လက်ရှိအခြေအနေတွင် ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်း၏ အနာဂတ်သည် အမေရိကန်ဘက်မှ ဆုံးဖြတ်ချက်အပေါ်တွင်သာ မူတည်သည်ဟု ၎င်းက မှတ်ချက်ပြုပြောကြားသည်။

အမေရိကန်အနေဖြင့် အီရန်ကို ဆန့်ကျင်သည့် ရေကြောင်းပိတ်ဆို့မှုကို အဆုံးမသတ်ဘဲ တီဟီရန်ဘက်မှ တင်ပြထားသည့် "တရားမျှတသော" တောင်းဆိုချက်များကို ဖြေရှင်းဆောင်ရွက်ပေးခြင်း မရှိပါက မည်သည့်သဘောတူညီချက်မျှ ရရှိလာမည် မဟုတ်သလို ဟော်မုဇ်ရေလက်ကြားကိုလည်း ပြန်လည်ဖွင့်လှစ်ပေးမည် မဟုတ်ကြောင်း ၎င်းက ပြောကြားသည်။

အီရန်နိုင်ငံအနေဖြင့် မိမိ၏ တောင်းဆိုချက်များကို "ရှင်းလင်းပြတ်သားစွာ၊ ကျိုးကြောင်းဆီလျော်စွာနှင့် ယုတ္တိရှိစွာ တင်ပြထားကြောင်းလည်း ၎င်းက ပြောကြားခဲ့သည်။ **ဆင်ဟွာ**



ဆိုင်ကလုန်းမုန်တိုင်း မူရာစုကြောင့် အိန္ဒိယနိုင်ငံ၌ လေယာဉ်ခရီးစဉ်များ ဖျက်သိမ်း

နယူးဒေလီ နိုဝင်ဘာ ၂

အိန္ဒိယနိုင်ငံတောင်ပိုင်း ပြည်နယ်များဖြစ်သည့် တမီလ်နာဒူးနှင့် အင်ဒရာပရာဒေ့ရှ်ပြည်နယ်တို့၌ နိုဝင်ဘာ ၂ရက်တွင် ဆိုင်ကလုန်းမုန်တိုင်း မူရာစုတိုက်ခတ်မှုကြောင့် လေကြောင်းခရီးစဉ် ၂၀ကျော်ကို ဖျက်သိမ်းခဲ့ရကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် တမီလ်နာဒူးပြည်နယ် ချင်းနိုင်လေဆိပ်တွင် လေယာဉ်ခရီးစဉ် အနည်းဆုံး ၁၁ ခုကို ဖျက်သိမ်းခဲ့ရပြီး အင်ဒရာပရာဒေ့ရှ်ပြည်နယ် ဗီဇျာယာဝါဒါ နိုင်ငံတကာလေဆိပ်တွင် လေယာဉ်ခရီးစဉ် ၁၀ ခုကို ဖျက်သိမ်းခဲ့ရသည်။

ယခုကဲ့သို့ လေယာဉ်ခရီးစဉ်များ ဖျက်သိမ်းခံရမှုကြောင့် ချင်းနိုင်နှင့် ဗီဇျာယာဝါဒါမြို့တို့သို့ သွားရောက်မည့်သူများနှင့် အဆိုပါမြို့များမှ ပြန်လာမည့်ခရီးသည်များ ထိခိုက်မှုရှိကြောင်း သိရသည်။

ခရီးသည်များအနေဖြင့် လေဆိပ်သို့ မသွားရောက်မီ မိမိတို့၏ လေယာဉ်ခရီးစဉ် အခြေအနေကို လေကြောင်းလိုင်းများနှင့် ဆက်သွယ်စစ်ဆေးကြရန် တာဝန်ရှိသူများက အကြံပြုထားသည်။ ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် အားကောင်းလာပြီး မူရာစုအဖြစ်သို့ ပြောင်းလဲသွားပြီဖြစ်ကြောင်း မုန်တိုင်းအဖြစ်သို့ ပြောင်းလဲသွားပြီဖြစ်ကြောင်း သိရသည်။

ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်နေသော အနောက်တောင်ပိုင်းတွင် ရှိနေသည့် မူရာစု မုန်တိုင်းသည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားလာခဲ့ပြီး လက်ရှိတွင် အင်ဒရာပရာဒေ့ရှ်ပြည်နယ် နယ်လိုရီမြို့၏ အရှေ့-အရှေ့တောင်ဘက် ၁၂၀ ကီလိုမီတာခန့်အကွာနှင့် ချင်းနိုင်မြို့၏ အရှေ့မြောက်ဘက် ၁၆၀ ကီလိုမီတာခန့်အကွာတွင် ဗဟိုပြုလျက်ရှိကြောင်း သိရသည်။

အရှေ့ဘက် ကမ်းရိုးတန်းတစ်လျှောက်မှ လူထောင်ပေါင်းများစွာကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးထားသည်။ လူဦးရေ ၂၀၀၀ ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးပြီးဖြစ်ကြောင်းနှင့် အဆိုပါလုပ်ငန်းစဉ်များ ဆက်လက်လုပ်ဆောင်နေဆဲဖြစ်ကြောင်း အင်ဒရာပရာဒေ့ရှ်ပြည်နယ် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးအာဏာပိုင်အဖွဲ့မှ အကြီးတန်းအရာရှိ တစ်ဦးဖြစ်သူ ပရာခါဂျိန်းက ပြောကြားသည်။ **ဆင်ဟွာ**

ဂျပန်နိုင်ငံ၌ သဘာဝဘေးဆိုင်ရာ ကြိုတင်ပြင်ဆင်ရေးနှင့် တုံ့ပြန်ဆောင်ရွက်မှု ကြီးကြပ်ရေး အေဂျင်စီ ဖွဲ့စည်း

တိုကျို နိုဝင်ဘာ ၂

ဂျပန်အစိုးရသည် နိုင်ငံအတွင်း သဘာဝဘေးဆိုင်ရာ ကြိုတင်ပြင်ဆင်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများအား ကြီးကြပ်ရန်အတွက် အေဂျင်စီတစ်ခုကို နိုဝင်ဘာ ၂ ရက်က ဖွဲ့စည်းခဲ့ကြောင်း သိရသည်။

နိုင်ငံအတွင်း အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးအေဂျင်စီကို ဒိုင်ယက်လွတ်တော်က ဇူလိုင်လအတွင်း ဥပဒေပြဋ္ဌာန်းကာ ဖွဲ့စည်းခဲ့သည်။

ယခုဖွဲ့စည်းလိုက်သည့် အေဂျင်စီသည် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအတွက် ဗဟိုကွပ်ကဲရေးဌာနအဖြစ် ဆောင်ရွက်မည်ဖြစ်ပြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်ပြင်ဆင်ခြင်း၊ အရေးပေါ်တုံ့ပြန်ဆောင်ရွက်ခြင်း၊ ပြန်လည် ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲမည် ဖြစ်သည်။

အစိုးရသည် နိုင်ငံ၏ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုစနစ်ကို အခြေခံကျကျ အားကောင်းလာစေရန် ရည်ရွယ်ထားကြောင်း သိရသည်။

အဆိုပါအေဂျင်စီအား ဝန်ကြီးချုပ် တာကာချီ ဆာနေးက ဦးဆောင်မည်ဖြစ်ပြီး ဘေးအန္တရာယ်စီမံခန့်ခွဲရေးဆိုင်ရာ ပြည်ထောင်စုဝန်ကြီး ဟိုဆိုနို ဂိုရိုကဉ်းအားလုပ်ငန်းများကူညီဆောင်ရွက်ပေးမည် ဖြစ်သည်။

ဝန်ကြီးဌာနများနှင့် အေဂျင်စီများအကြား ပိုမိုကောင်းမွန်သော ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မှု ရှိစေရန်အတွက် ၎င်းတို့ထံသို့ အကြံပြုချက်များ ပေးပို့နိုင်သည့် လုပ်ပိုင်ခွင့်အား ဘေးအန္တရာယ်စီမံခန့်ခွဲရေးဆိုင်ရာဝန်ကြီးကို ပေးအပ်ထားမည်ဖြစ်ကာ သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့်လည်း ၎င်းတို့ထံပေးပို့လာသည့် အကြံပြုချက်များကို ထည့်သွင်းစဉ်းစားဆောင်ရွက်ရန် လိုအပ်ကြောင်း သိရသည်။ **အင်နန်အိတ်ချ်ကေ**

သီရိလင်္ကာနိုင်ငံတွင် ဆင်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ စစ်ဆင်ရေးဆောင်ရွက်

ကိုလံဘို နိုဝင်ဘာ ၂

သီရိလင်္ကာနိုင်ငံတွင် ဆင်များကို ကာကွယ်စောင့်ရှောက်ရန်နှင့် လူနှင့်ဆင်တို့အကြား ပဋိပက္ခများကို လျှော့ချရန် ရည်ရွယ်သည့် စစ်ဆင်ရေးတစ်ရပ်ကို နိုဝင်ဘာ ၂ရက်တွင် စတင်လိုက်ကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ကြေညာသည်။

ဟတ်သီ ဆေနာ ဟု အမည်ပေးထားသော အဆိုပါစစ်ဆင်ရေးကို နိုင်ငံအနောက်မြောက်ပိုင်း တောရိုင်းတိရစ္ဆာန်ဒေသတွင် စတင်ခဲ့ခြင်းဖြစ်ပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန လက်နက်ကိုင်တပ်ဖွဲ့များနှင့် တောရိုင်းတိရစ္ဆာန် ထိန်းသိမ်းစောင့်ရှောက်ရေးဌာနတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

အဆိုပါစီမံကိန်း၏ ပထမအဆင့်တွင် အန္တရာယ်ရှိနိုင်သည်ဟု သတ်မှတ်ထားသော ဆင် ၁၇ ကောင်ကို အဓိကထား ထိန်းသိမ်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ကြေညာချက်အရ သိရသည်။

အဆိုပါအစီအစဉ်သည် ဆင်များနေထိုင်ရာ ဒေသများ၏ ၈၀ ရာခိုင်နှုန်းခန့်ကို လွှမ်းခြုံနိုင်မည်ဟု မျှော်လင့်ရပြီး ကျန်ရှိနေသော ၂၀ ရာခိုင်နှုန်းအတွက်မူ သီးခြားအစီအစဉ်တစ်ခုဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ ထို့အပြင် ဆင်များကို အန္တရာယ်ဖြစ်စေသည့် တရားမဝင် လက်နက်များ၊ " ပေါက်ကွဲစေတတ်သည့် အစာများများ၊ ခွဲခြမ်းချက်မရှိဘဲ တပ်ဆင်ထားသော လျှပ်စစ်စည်းရိုးများနှင့် ထောင်ချောက်များကို အသုံးပြုသူများအား တာဝန်ရှိသူများက ရှာဖွေဖော်ထုတ် အရေးယူမှုများ ပြုလုပ်သွားမည်ဖြစ်သည်။

ဆင်ဟွာ

တရုတ်-အင်ဒိုနီးရှား အကြမ်းဖက်မှုတိုက်ဖျက်ရေး ကြည်းတပ်ပူးတွဲလေ့ကျင့်ခန်း ပြီးစီး

ကွမ်ကျိုး နိုဝင်ဘာ ၂

တရုတ်နှင့် အင်ဒိုနီးရှား ကြည်းတပ် တပ်ဖွဲ့ဝင်များပူးတွဲလေ့ကျင့်ဆောင်ရွက်သည့် "Sharp Knife 2026" အမည်ရှိ အကြမ်းဖက်မှုတိုက်ဖျက်ရေး ကြည်းတပ်ပူးတွဲလေ့ကျင့်ခန်း ပြီးစီးသည့်အခမ်းအနားကို နိုဝင်ဘာ ၂ရက်က တရုတ်နိုင်ငံ တောင်ပိုင်း ကွမ်တုံပြည်နယ် ကွမ်ကျိုးမြို့၌ ကျင်းပခဲ့ကြောင်း သိရသည်။

အောက်တိုဘာ ၂၇ ရက်တွင် စတင်ဆောင်ရွက်ခဲ့သည့် အဆိုပါလေ့ကျင့်ခန်းသည် နှစ်နိုင်ငံတပ်မတော်များအကြား စစ်ရေးအရ ပူးပေါင်းဆောင်ရွက်မှုဖြစ်ပြီး နှစ်နိုင်ငံတပ်ဖွဲ့ဝင်များ၏ တိုက်ပွဲဝင်စွမ်းရည်ကို မြှင့်တင်ရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်သည်။

လေ့ကျင့်ရေးကာလအတွင်း နှစ်နိုင်ငံတပ်ဖွဲ့ဝင်များအား ပေါင်းစပ်ဖွဲ့စည်းထားသည့် အဖွဲ့များအဖြစ် ဖွဲ့စည်းခဲ့ပြီး အထူးပြုလေ့ကျင့်ခန်းများ၊ နည်းဗျူဟာပိုင်းဆိုင်ရာ ညှိနှိုင်းဆောင်ရွက်မှုများနှင့် ဘက်စုံလေ့ကျင့်ခန်းများကို ပူးတွဲဆောင်ရွက်ခဲ့သည်။

ဘက်စုံလေ့ကျင့်ခန်းများ၏ အစိတ်အပိုင်းတစ်ခုအနေဖြင့် တပ်ဖွဲ့ဝင်များသည် မြေပြင်နှင့်ရေပြင် ကယ်ဆယ်ရေးလုပ်ငန်းများ၊ ရှင်းလင်းရေးလုပ်ငန်းများ အပါအဝင် အဓိကကျသော လေ့ကျင့်ခန်းများတွင် ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။ အဆိုပါလေ့ကျင့်ခန်းတွင် သီးသန့်ခေါင်းစဉ်အလိုက်



ဆွေးနွေးပွဲများ၊ လက်နက်နှင့် ပြိုင်ပွဲများနှင့် ယဉ်ကျေးမှု ဖလှယ်ခြင်း စက်ကိရိယာပြသမှုများ၊ အားကစား အစီအစဉ်များ ပါဝင်ခဲ့သည်။ **ဆင်ဟွာ**

တိုင်းရင်းဆေးပညာဖြင့် ပြည်သူ့ကျန်းမာရေးကို ကာကွယ်၍ နိုင်ငံ့အင်အားကို မြှင့်တင်ကြပါစို့

——— ဉာဏ်သစ် (မန်းတက္ကသိုလ်) ———

“ကျန်းမာခြင်းသည် လာဘ်ကြီးတစ်ပါး”၊ “မနာမကျင် ကိုယ်စိတ်ရွှင်”၊ “အစာလည်းဆေး၊ ဆေးလည်းအစာ”ဟူသော မြန်မာ့ဆိုရိုးစကားများသည် ကျန်းမာရေးကို မြန်မာလူမျိုးတို့ ရှေးပဝေသဏီကတည်းက အလွန်တန်ဖိုးထားခဲ့ကြောင်း ဖော်ပြနေပါသည်။

မြန်မာနိုင်ငံ၏ တိုင်းရင်းသားလူမျိုးများသည် သဘာဝပတ်ဝန်းကျင်မှရရှိသော ဆေးဖက်ဝင်အပင်များ၊ အဖြစ်များ၊ အရွက်များနှင့် သဘာဝဓာတ်ပစ္စည်းများကိုအသုံးပြုကာ ရောဂါကာကွယ်ခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်ခြင်းကို ဆောင်ရွက်ခဲ့ကြသည်။ ယင်းအသိပညာများသည် မျိုးဆက်အဆက်ဆက် လက်ဆင့်ကမ်းလာသော အဖိုးတန်အမျိုးသားအမွေအနှစ်တစ်ရပ်ဖြစ်သည်။

ယနေ့ခေတ်တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) အပါအဝင် နိုင်ငံတကာကျန်းမာရေးအဖွဲ့အစည်းများက တိုင်းရင်းဆေးပညာကို ခေတ်မီဆေးပညာနှင့် ပေါင်းစပ်အသုံးပြုနိုင်သည့် ကျန်းမာရေးအရင်းအမြစ်တစ်ရပ်အဖြစ် ပိုမိုအသိအမှတ်ပြုလာကြသည်။ ထို့ကြောင့် တိုင်းရင်းဆေးပညာသည် ကျန်းမာရေးစောင့်ရှောက်မှုသာမက ယဉ်ကျေးမှု၊ စီးပွားရေးနှင့် အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အရေးပါသောအခန်းကဏ္ဍမှ ထမ်းဆောင်လျက်ရှိသည်။

ကမ္ဘာ့ကျန်းမာရေးစနစ်အတွင်း တိုင်းရင်းဆေးပညာ၏ အခန်းကဏ္ဍ

WHO သည် ၁၉၇၈ ခုနှစ် အယ်လ်မာ-အာတာ (Alma-Ata) ကြေညာစာတမ်းမှစတင်၍ “လူတိုင်း အတွက် ကျန်းမာရေး” ရည်မှန်းချက်အောက်တွင် တိုင်းရင်းဆေးပညာ၊ ရိုးရာကုထုံးများနှင့် ဒေသန္တရ ကျန်းမာရေးအသိပညာများ၏ အခန်းကဏ္ဍကို အသိအမှတ်ပြုခဲ့ပြီး ၂၀၀၂-၂၀၀၅၊ ၂၀၁၄-၂၀၂၃ နှင့် ၂၀၂၅-၂၀၃၄ ကာလများအတွက် ကမ္ဘာလုံးဆိုင်ရာ တိုင်းရင်းဆေးပညာမဟာဗျူဟာများကို ဆက်လက်ချမှတ် အကောင်အထည်ဖော်လျက်ရှိပါသည်။ ကမ္ဘာ့နိုင်ငံအများစုတွင် တိုင်းရင်းဆေးပညာအသုံးပြုမှုရှိနေပြီး ကျန်းမာရေးဝန်ဆောင်မှုလက်လှမ်းမမီသောဒေသများ၌ အခြေခံကျန်းမာရေးအရင်းအမြစ်အဖြစ် အရေးပါစွာ ရပ်တည်လျက်ရှိသည်။ WHO ၏မူဝါဒမှာ တိုင်းရင်းဆေးပညာကို ခေတ်မီဆေးပညာ၏ အစားထိုးနည်းလမ်းအဖြစ် မဟုတ်ဘဲ သိပ္ပံနည်းကျ သုတေသန၊ စံချိန်စံညွှန်း၊ အရည်အသွေးထိန်းချုပ်မှုနှင့် ဥပဒေစည်းမျဉ်းများအပေါ်အခြေခံ၍ အမျိုးသားကျန်းမာရေးစနစ်များအတွင်း လုံခြုံစိတ်ချစွာ ပေါင်းစပ်အသုံးပြုနိုင်ရေးကို အားပေးခြင်းဖြစ်ပါသည်။

WHO ၏ ၂၀၂၅-၂၀၃၄ ကမ္ဘာလုံးဆိုင်ရာ တိုင်းရင်းဆေးပညာမဟာဗျူဟာအရ ကမ္ဘာ့နိုင်ငံများ၏ ၈၈ ရာခိုင်နှုန်းသည် မိမိတို့နိုင်ငံအတွင်း တိုင်းရင်းဆေးပညာ အသုံးပြုမှုရှိကြောင်း အစီရင်ခံထားပြီး နိုင်ငံအများစုတွင် လူဦးရေ၏ ၄၀ ရာခိုင်နှုန်းမှ ၉၉ ရာခိုင်နှုန်းအထိသည် တိုင်းရင်းဆေးပညာကို ကျန်းမာရေးစောင့်ရှောက်မှုအတွက် အသုံးပြုလျက်ရှိကြောင်း ဖော်ပြထားပါသည်။ ထို့ပြင် ကမ္ဘာ့လူဦးရေ၏တစ်ဝက်ခန့်မှာ အခြေခံကျန်းမာရေးဝန်ဆောင်မှုများကို အပြည့်အဝ လက်လှမ်းမမီသေးသည့်အတွက် တိုင်းရင်းဆေးပညာသည် လူအများအတွက် အနီးစပ်ဆုံးနှင့် လက်လှမ်းအမီဆုံး ကျန်းမာရေးအရင်းအမြစ်တစ်ရပ်အဖြစ် ဆက်လက် ရပ်တည်လျက်ရှိပါသည်။

အထူးသဖြင့် တရုတ်တိုင်းရင်းဆေးပညာ၊ အိန္ဒိယ၏ အာယုဗေဒ၊ ယောဂကျင့်စဉ်၊ အာဖရိကနှင့် အရှေ့တောင်အာရှဒေသများ၏ အပင်အခြေခံဆေးပါးများသည် ယနေ့ခေတ်တွင် သိပ္ပံနည်းကျ သုတေသနများဖြင့် ထပ်မံအတည်ပြုခံနေရပြီး ကျန်းမာရေးမြှင့်တင်ခြင်း၊ ရောဂါကာကွယ်ခြင်းနှင့် ရေရှည်ရောဂါများကို ထိန်းချုပ်ကုသရာတွင် အထောက်အကူပြုနိုင်ကြောင်း တွေ့ရှိလာရပါသည်။ WHO ကလည်း တိုင်းရင်းဆေးပညာ၏အကျိုးကျေးဇူးများကို လက်ခံအသုံးပြုရာတွင် “သိပ္ပံနည်းကျ အထောက်အထားအခြေပြုဆောင်ရွက်မှု”ကို အဓိကထား၍ ဘေးကင်းလုံခြုံမှု၊ အရည်အသွေးနှင့် ထိရောက်မှုတို့ကို ဦးစားပေးဆောင်ရွက်ရန် တိုက်တွန်းထားပါသည်။

ထို့ကြောင့် တိုင်းရင်းဆေးပညာသည် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက်သာမက ဖွံ့ဖြိုးပြီးနိုင်ငံများတွင်ပါ ကျန်းမာရေးစနစ်များကို ပိုမိုအားကောင်းစေရန်၊ ကျန်းမာရေးဝန်ဆောင်မှုများကို လူတိုင်းလက်လှမ်းမီစေရန်နှင့် ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ရန် အရေးပါသော မဟာဗျူဟာအရင်းအမြစ်တစ်ရပ်အဖြစ် ကမ္ဘာလုံးဆိုင်ရာ အသိအမှတ်ပြုမှု ရရှိလျက်ရှိပါသည်။

HIV/AIDS၊ ကင်ဆာနှင့် အခြားနာတာရှည် ရောဂါများအတွက်မူ ခေတ်မီဆေးပညာသည် အဓိက ကုသမှုဖြစ်နေဆဲဖြစ်သော်လည်း တိုင်းရင်းဆေးပညာနှင့် ဆေးဖက်ဝင်အပင်အချို့ကို ကျန်းမာရေးပညာရှင်များ၏ လမ်းညွှန်မှုအောက်တွင် တွဲဖက်အသုံးပြုခြင်းဖြင့် အစားအသောက်လိုလားမှု ကောင်းမွန်စေရန်၊ ပင်ပန်းနွမ်းနယ်မှု လျော့ပါးစေရန်၊ ကိုယ်ခံအားကို ထောက်ပံ့ပေးရန်နှင့် လူနာများ၏ ဘဝအရည်အသွေးမြှင့်တင်ရန် အထောက်အကူပြုနိုင်ကြောင်း သုတေသနများက ဖော်ပြထားပါသည်။

သို့ရာတွင် ဆေးဖက်ဝင်အပင်များကို အသုံးပြုအချက်များမှာ –

- ဆေးဝါးအရည်အသွေးထိန်းချုပ်မှု၊
- ဘေးထွက်ဆိုးကျိုးစောင့်ကြည့်ရေး၊
- သိပ္ပံနည်းကျ သုတေသနနှင့် စမ်းသပ်အတည်ပြုမှု၊
- ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေး၊
- တိုင်းရင်းအသိပညာ အကာအကွယ်ပေးရေး

တို့ဖြစ်သည်။

တိုင်းရင်းဆေးပညာသည် ရိုးရာအတွေ့အကြုံများအပေါ်သာ မမှီခိုတော့ဘဲ Clinical Trials နှင့် Biomedical Research များဖြင့် အတည်ပြုနိုင်ရေးကို

❋ တိုင်းရင်းဆေးပညာ၏ တန်ဖိုးကို ရေရှည်တည်တံ့စေရန်အတွက် ရိုးရာအမွေအနှစ်အဖြစ်သာ မထိန်းသိမ်းဘဲ သိပ္ပံနည်းကျ စမ်းသပ်အတည်ပြုမှုများ၊ အရည်အသွေးထိန်းချုပ်မှုများနှင့် ဘေးကင်းလုံခြုံရေးဆိုင်ရာစံနှုန်းများဖြင့် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန်လိုအပ်

❋ မြန်မာ့တိုင်းရင်းဆေးပညာသည် ဓာတ်ကြီးလေးပါးညီမျှမှု၊ အာဟာရထိန်းညှိမှုနှင့် သဘာဝကုထုံးများကို အခြေခံသော ကျန်းမာရေးစနစ်တစ်ရပ်ဖြစ်သည်။ ထို့ကြောင့် တိုင်းရင်းဆေးပညာကို ဗျားနာမှသာ အသုံးပြုရသော ကုထုံးတစ်ခုအဖြစ် မမြင်ဘဲ နေ့စဉ်ဘဝ၏ ကျန်းမာရေးထိန်းသိမ်းမှု လူနေမှုပုံစံအဖြစ် ကျင့်သုံးသင့်

ဆေးဖက်ဝင်အပင်များနှင့် ခေတ်မီဆေးဝါးဖွံ့ဖြိုးတိုးတက်မှု

သဘာဝဆေးဖက်ဝင်အပင်များသည် လူသားတို့၏ ကျန်းမာရေးကို ရာစုနှစ်များစွာ ပံ့ပိုးပေးခဲ့ကြသည်။ ယနေ့အသုံးပြုနေသော ခေတ်မီဆေးဝါးများစွာသည် ရိုးရာဆေးပညာမှအခြေခံ၍ ဖော်ထုတ်ခဲ့ကြခြင်းဖြစ်သည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် အပြည်ပြည်ဆိုင်ရာဆေးဝါးသုတေသနအဖွဲ့အစည်းများ၏အစီရင်ခံစာများအရလက်ရှိအသုံးပြုနေသော ခေတ်မီဆေးဝါးများအနက် ၂၅ ရာခိုင်နှုန်းခန့်မှာ အပင်အခြေခံဓာတ်ပစ္စည်းများမှ တိုက်ရိုက်သို့မဟုတ် သွယ်ဝိုက်၍ ထုတ်လုပ်ထားခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။ Aspirin၊ Morphine၊ Quinine၊ Digoxin နှင့် Artemisinin ကဲ့သို့သော ဆေးဝါးများသည် ရိုးရာဆေးပညာဆိုင်ရာ အသိပညာများကိုအခြေခံ၍ ဖော်ထုတ်နိုင်ခဲ့သည့် ထင်ရှားသော ဥပမာများဖြစ်ကြပါသည်။

၄င်္ကပ်များရောဂါကုသရာတွင် အသုံးပြုသော Artemisinin ဆေးဝါးသည် တရုတ်ရိုးရာဆေးပညာမှ ဆင်းသက်လာသော ထင်ရှားသည့်ဥပမာတစ်ခုဖြစ်ပြီး ကမ္ဘာတစ်ဝန်း လူ့အသက်ပေါင်းများစွာကို ကယ်တင်ပေးနိုင်ခဲ့သည်။

မြန်မာနိုင်ငံတွင်လည်း ချင်း၊ နန္တင်း၊ ကြက်သွန်ဖြူ၊ ဆေးမြင်းခါး၊ သံပရာသီး၊ လက်ဖက်စိမ်း၊ ပင်စိမ်းနှင့် အခြားဆေးဖက်ဝင်အပင်များကို ရိုးရာကျန်းမာရေးထိန်းသိမ်းမှုတွင် အသုံးပြုလျက်ရှိသည်။ သိပ္ပံနည်းကျ သုတေသနများအရ ယင်းအပင်များတွင် ရောင်ရမ်းမှုလျော့ပါးစေခြင်း၊ အစာခြေစနစ်ကောင်းမွန်စေခြင်းနှင့် ကိုယ်ခံအားကို အထောက်အကူပြုခြင်းစသည့် အကျိုးကျေးဇူးများ ရှိကြောင်း တွေ့ရှိထားသည်။ ကိုဗစ်-၁၉ ကပ်ရောဂါအပြီးတွင်လည်း ကမ္ဘာတစ်ဝန်း၌ သဘာဝအခြေခံကျန်းမာရေးထိန်းသိမ်းမှုနှင့် တိုင်းရင်းဆေးပညာအပေါ် စိတ်ဝင်စားမှု ပိုမိုမြင့်တက်လာခဲ့ပါသည်။

ရာဋ္ဌ ဆေးပညာရှင်များ၏ အကြံဉာဏ်နှင့် သိပ္ပံနည်းကျအထောက်အထားများကို အခြေခံရန် လိုအပ်သည်။ ထို့ကြောင့် ဆေးဖက်ဝင်အပင်များနှင့် တိုင်းရင်းဆေးပညာသည် ရိုးရာယဉ်ကျေးမှုအမွေအနှစ်တစ်ခုသာမက ခေတ်မီဆေးဝါးသုတေသနများ၏ အရေးပါသောအရင်းအမြစ်တစ်ခုဖြစ်ပြီး လူသားတို့၏ ကျန်းမာရေးလုံခြုံမှု၊ ရောဂါကာကွယ်ရေးနှင့် ရေရှည်တည်တံ့သော ကျန်းမာရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ဆက်လက်အရေးပါနေမည့် အဖိုးတန်သဘာဝရတနာတစ်ရပ်လည်း ဖြစ်ပါသည်။

ဘေးကင်းလုံခြုံမှုနှင့် သိပ္ပံနည်းကျဖွံ့ဖြိုးတိုးတက်ရေး

တိုင်းရင်းဆေးပညာ၏တန်ဖိုးကို ရေရှည်တည်တံ့စေရန်အတွက် ရိုးရာအမွေအနှစ်အဖြစ်သာ မထိန်းသိမ်းဘဲ သိပ္ပံနည်းကျစမ်းသပ်အတည်ပြုမှုများ၊ အရည်အသွေးထိန်းချုပ်မှုများနှင့် ဘေးကင်းလုံခြုံရေးဆိုင်ရာစံနှုန်းများဖြင့် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန် လိုအပ်ပါသည်။

ဤရည်ရွယ်ချက်ဖြင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ၂၀၀၂ ခုနှစ်တွင် ပထမဆုံး ကမ္ဘာလုံးဆိုင်ရာ တိုင်းရင်းဆေးပညာမဟာဗျူဟာကို ချမှတ်ခဲ့ပြီး ၂၀၁၄-၂၀၂၃ မဟာဗျူဟာနှင့် ၂၀၂၅-၂၀၃၄ မဟာဗျူဟာများကို ဆက်လက်အကောင်အထည်ဖော်လျက်ရှိပါသည်။ ၂၀၂၂ ခုနှစ်တွင် အိန္ဒိယနိုင်ငံ၌ WHO Global Traditional Medicine Centre ကို တည်ထောင်ခဲ့ပြီး ကမ္ဘာတစ်ဝန်းရှိ တိုင်းရင်းဆေးပညာဆိုင်ရာ သုတေသန၊ ဒေတာစုဆောင်းခြင်း၊ ဆန်းသစ်တီထွင်မှုနှင့် မူဝါဒဖွံ့ဖြိုးရေးလုပ်ငန်းများကို အားကောင်းစွာ ပံ့ပိုးလျက်ရှိပါသည်။

တိုင်းရင်းဆေးပညာကို ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန် ဘေးကင်းလုံခြုံမှု၊ အရည်အသွေးနှင့် ထိရောက်မှုတို့ကို အာမခံနိုင်သောစနစ်များလိုအပ်သည်။ WHO ၏ မူဝါဒများအရ တိုင်းရင်းဆေးပညာဖွံ့ဖြိုးတိုးတက်ရေးတွင် အထူးအလေးထားသော ကမ္ဘာ့နိုင်ငံများက ပိုမိုအလေးထားလာကြသည်။ ထို့အပြင် ဆေးဖက်ဝင်အပင်များ၏ သဘာဝရင်းမြစ်များကို ရေရှည်ထိန်းသိမ်းနိုင်ရေးနှင့် ရိုးရာအသိပညာပိုင်ရှင်များ၏အခွင့်အရေးကို ကာကွယ်ပေးနိုင်ရေးသည်လည်း အရေးကြီးသောကဏ္ဍတစ်ရပ်ဖြစ်သည်။

မြန်မာ့တိုင်းရင်းဆေးပညာနှင့် ပေါင်းစပ်ကျန်းမာရေးစနစ်

မြန်မာ့တိုင်းရင်းဆေးပညာသည် ဓာတ်ကြီးလေးပါးညီမျှမှု၊ အာဟာရထိန်းညှိမှုနှင့် သဘာဝကုထုံးများကိုအခြေခံသော ကျန်းမာရေးစနစ်တစ်ရပ်ဖြစ်သည်။ ထို့ကြောင့် တိုင်းရင်းဆေးပညာကို ဗျားနာမှသာ အသုံးပြုရသောကုထုံးတစ်ခုအဖြစ် မမြင်ဘဲ နေ့စဉ်ဘဝ၏ ကျန်းမာရေးထိန်းသိမ်းမှု လူနေမှုပုံစံအဖြစ် ကျင့်သုံးသင့်ပါသည်။

မြန်မာ့ရိုးရာအိမ်ထောင်စုများတွင် မီးဖိုချောင်သည် အစားအစာချက်ပြုတ်ရာနေရာတစ်ခုသာမက ကျန်းမာရေးထိန်းသိမ်းမှု၏ အခြေခံအရင်းအမြစ်တစ်ခုလည်းဖြစ်ပါသည်။ ယနေ့ခေတ် သိပ္ပံသုတေသနများကလည်း မြန်မာ့မီးဖိုချောင်တွင် တွေ့ရလေ့ရှိသော ချင်း၊ နန္တင်း၊ ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ သံပရာသီး၊ ပင်စိမ်း၊ ကရဝေးရွက်နှင့် ငရုတ်ကောင်းတို့တွင် ခန္ဓာကိုယ်ကျန်းမာရေးကို အထောက်အကူပြုသော သဘာဝဓာတ်ပစ္စည်းများပါဝင်ကြောင်း ဖော်ပြထားပါသည်။

ဥပမာအားဖြင့် ချင်းရည်ပူပူသောက်ခြင်းသည် အစာခြေစနစ်ကို ကောင်းမွန်စေရန်နှင့် ခရီးသွားရာတွင် ဖြစ်တတ်သောပျို့အန်ခြင်းကို သက်သာစေရန် အထောက်အကူပြုနိုင်ကြောင်း လေ့လာမှုများက ဖော်ပြထားပါသည်။ နန္တင်းတွင်ပါဝင်သော Curcumin ဓာတ်သည် ရောင်ရမ်းမှုကိုလျော့ပါးစေရန် အထောက်အကူပြုနိုင်ပြီး ကြက်သွန်ဖြူသည် နှလုံးသွေးကြောကျန်းမာရေးကို အထောက်အပံ့ပေးနိုင်ကြောင်း သုတေသနများက ဖော်ပြထားပါသည်။

စာမျက်နှာ ၁၅ သို့ ○

နိုင်ငံတာဝန်ကို ကျေပွန်စွာထမ်းဆောင်ခဲ့ကြသည့် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၆)နှင့် စစ်မှုထမ်းကာလလျှော့ပေါ့ခွင့်ရသည့် ပြည်သူ့စစ်မှုထမ်းများ၏ ဂုဏ်ယူဖွယ်အိမ်ပြန်ခရီးအား မိဘဆွေမျိုးများသာမက ဒေသခံပြည်သူလူထုကပါ ဝမ်းမြောက်ဝမ်းသာဂုဏ်ပြုကြိုဆို



နေပြည်တော် နိုဝင်ဘာ ၂

နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ရန်အတွက် ပြည်သူ့စစ်မှုထမ်း၌ပဒေပြဋ္ဌာန်းချက်များနှင့်အညီ မိမိဆန္ဒအလျောက် စိတ်အားထက်သန်စွာ ပါဝင်စာရင်းပေးသွင်းပြီး နိုင်ငံတော်ကာကွယ်ရေးနှင့် နယ်မြေတည်ငြိမ်အေးချမ်းရေးတာဝန်များကိုနိုင်ငံသားကောင်းများပီသစွာ အသက်ကို ပစ်နေမထားဘဲ စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့ကြသော ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၆)နှင့် စစ်မှုထမ်းကာလလျှော့ပေါ့ခွင့်ရသည့် နိုင်ငံသားကောင်းရတနာ ပြည်သူ့စစ်မှုထမ်းများ သည် သတ်မှတ်စစ်မှုထမ်း ကာလ အောင်မြင်စွာ ပြီးဆုံးသွားခဲ့ပြီဖြစ်ပေသည်။ ၎င်းတို့၏ တာဝန်ကျေပွန်မှုအတွက် ဂုဏ်ပြုသည့်အနေဖြင့် နိုင်ငံတော်ကချီးမြှင့်အပ်နှင်းသော ပြည်သူ့ စစ်မှုထမ်းဆောင်ပြီး ကြောင်းလက်မှတ်၊ ပြည်သူ့စစ်မှုထမ်းတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ် အသီးသီးတွင် အောက်တိုဘာ ၃၀ ရက်တွင် ဂုဏ်ပြုအခမ်းအနားများဖြင့် ချီးမြှင့်အပ်နှင်းခဲ့ပြီး မိသားစုဝင်များထံသို့ လည်းကောင်း၊ ၎င်းတို့၏ နေရပ်အသီးသီးသို့ လည်းကောင်း ပြန်လည်အပ်နှင်းစေလွှတ်ခဲ့ပြီးဖြစ်သည်။

ထိုသို့ နိုင်ငံတော်အတွက် နိုင်ငံ့သားကောင်း၊ တပ်မတော်အတွက် စစ်သည်တော်ကောင်း တစ်ဦးဦးပီသစွာ တာဝန်များကို ကျေပွန်စွာထမ်းဆောင်ခဲ့ကြသည့် နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းများသည် ၎င်းတို့၏ဘဝတွင် နိုင်ငံတော်အပေါ် သစ္စာစောင့်သိမှု၊ စည်းကမ်းလိုက်နာမှုနှင့် ကိုယ်ကျိုးမဖက် စွန့်လွှတ်အနစ်နာခံမှုတို့ဖြင့် ပေးအပ်လာသော နိုင်ငံတော်ကာကွယ်ရေး တာဝန်များကို အမြဲတမ်း စစ်မှုထမ်းများနှင့် လက်တွဲ၍ ဂုဏ်ယူစွာထမ်းဆောင်ခဲ့ကြသူများအဖြစ် လည်းကောင်း၊ ဥပဒေပါ ပြဋ္ဌာန်းချက်များအတိုင်း စည်းကမ်းလိုက်နာ၍ ပေးအပ်လာသည့် နိုင်ငံ့တာဝန်များကို နိုင်ငံကြီးသားပီသစွာ တာဝန်ကျေပွန်ခဲ့ကြသူများအဖြစ် လည်းကောင်း မှတ်တမ်းဝင်ခဲ့ကြသည် ဖြစ်ရာ နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းများ၏ အိမ်အပြန်ခရီးများသည်လည်း ၎င်းတို့၏ တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့မှုကြောင့် ဂုဏ်ယူရမှု၊ မိသားစုဝင်များနှင့် ပြန်လည်ဆုံစည်းရမှုကြောင့် ဝမ်းသာပျော်ရွှင်ရမှုတို့ဖြင့် လှပ ပြည့်စုံလျက်ရှိပြီး ၎င်းတို့၏ မိသားစုဝင်များသာမက ဒေသခံပြည်သူများကပါ ဝမ်းသာကြည်နူးမှုများနှင့်အတူ သက်ဆိုင်ရာ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအသီးသီး၌ ဂုဏ်ပြုကြိုဆိုခြင်းများကို ဆောင်ရွက်ပေးကြသည်။

တာဝန်ကျေပွန်စွာထမ်းဆောင်ပြီး မိမိတို့၏ မွေးရပ်မြေနေရပ်အသီးသီးသို့ ပြန်လည်ရောက်ရှိလာကြသော ပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်းများအား ဒေသခံပြည်သူများနှင့် မိဘဆွေမျိုး မိသားစုဝင်များက အောင်မြင်ခြင်း၏သက်တာဖြစ်သောအောင်သမြေ ခက်များဖြင့် အမွေးနုံသာများ ဖျန်းပက်ခြင်း၊ ဂုဏ်ပြုပုန်းကုံးများ ဖြင့် ကြိုဆိုခြင်း၊ ဂုဏ်ပြုချီးမြှင့်ငွေများ လက်ဝယ်အရောက်ချီးမြှင့် ပေးအပ်ခြင်းတို့ဖြင့် အထူးလေးစားစွာ ဂုဏ်ပြုခဲ့ကြသည်။ ထို့ပြင် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာတစ်ရပ်ဖြစ်သော အိုးစည်၊ ဒိုးပတ်တီးမှတ်ကခုန်သံများဖြင့် မြို့ရွာအနှံ့ ခြွမ့်ခြွမ့်သဲ သိုက်မြိုက်စွာ ဂုဏ်ပြုကြိုဆိုခဲ့ကြသည့် ပီတိဖြစ်ဖွယ်မြင်ကွင်းများကို မြင်တွေ့ကြရပြီး တပ်မတော်နှင့် ပြည်သူအကြား အပြန်အလှန် ယုံကြည်လေးစားမှု၊ တစ်သား တည်းဖြစ်တည်နေမှုကို ထင်ရှားစွာ သက်သေပြနေသည့် သမိုင်းဝင် မှတ်တိုင်တစ်ခု အဖြစ်လည်း တွေ့မြင်ကြရမည်ဖြစ်သည်။

ထို့ပြင် နိုင်ငံတော်နှင့် တပ်မတော်က ပေးအပ်သည့်တာဝန်များကို အောင်မြင်စွာ ထမ်းဆောင်နိုင်ခဲ့သည့်အတွက် ပြည်သူ့စစ်မှုထမ်းများကိုယ်တိုင်လည်း မိမိတို့၏ တာဝန်ကျေပွန်မှုအပေါ် များစွာ ဂုဏ်ယူဝမ်းမြောက်လျက် ရှိကြသည်။ အလားတူ မိသားစုဝင်များနှင့် ပြန်လည်ဆုံစည်းခွင့်ရရှိသည့် ပျော်ရွှင်မှု၊ ပတ်ဝန်းကျင်နှင့် ဒေသခံပြည်သူများက လေးစားမြတ်နိုးစွာ ကြိုဆိုခဲ့ကြသည့် ကြည်နူးဖွယ်ရာ မြင်ကွင်းပုံရိပ်များသည် လူမှုကွန်ရက်စာမျက်နှာများပေါ်တွင်လည်း ပျံ့နှံ့ရောက်ရှိခဲ့ပြီး တစ်နိုင်ငံလုံးရှိ ပြည်သူများပါ ကြည်နူးမဆုံးဂုဏ်ယူဝမ်းမြောက်လျက်ရှိကြသည်ကို ယခုကဲ့သို့ တွေ့ရှိရသည်။

အဆိုပါ စစ်မှုထမ်းဆောင်ခဲ့ကြသည့် နိုင်ငံ့သားကောင်းရတနာများသည် စစ်မှုထမ်းဆောင်နေစဉ်ကာလ တစ်လျှောက်လုံးတွင် နိုင်ငံတော်နှင့် တပ်မတော်က ပေးအပ်လာသည့် နိုင်ငံတော်ကာကွယ်ရေး၊ လုံခြုံရေးနှင့် နယ်မြေ တည်ငြိမ်အေးချမ်းရေး တာဝန်များကိုရဲရင့်စွာ ထမ်းဆောင်ခဲ့ကြသူများဖြစ်ကြသည်။ ထို့ပြင် သဘာဝ ဘေးအန္တရာယ်များ ကျရောက်လာချိန်တွင် လည်း ပြည်သူလူထု၏ အသက်အိုးအိမ် စည်းစိမ်ကိုကာကွယ်စောင့်ရှောက် ရန်အတွက် တားဆီးကာကွယ်ရေး၊ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည် ထူထောင်ရေးလုပ်ငန်းစဉ်များ၌ ကိုယ်ကျိုးမဖက်ဘဲ စွန့်လွှတ် အနစ်နာခံကာ အမြဲတမ်းစစ်မှုထမ်း တပ်မတော်သားများနှင့် ရဲဘော်ရဲဘက် စိတ်ဓာတ်အပြည့် ဖြင့် လက်တွဲကာ တာဝန်ကျေပွန် စွာ ထမ်းဆောင်ခဲ့ကြသူများဖြစ် သည်။

ထို့ကြောင့် နိုင်ငံတော်နှင့် တပ်မတော်အနေဖြင့်လည်း ၎င်းတို့ စစ်မှုထမ်းဆောင်စဉ် ကာလ တစ်လျှောက်တွင် ရာသင့်ရထိုက် သည့် အကျိုးခံစားခွင့်များ၊ လစာ၊ ရိက္ခာနှင့် အခြားထောက်ပံ့မှုများ ရရှိစေရေးအတွက် စနစ်တကျ ဆောင်ရွက်ပေးခဲ့သည့် အပြင် သတ်မှတ် စစ်မှုထမ်းကာလ ပြီးဆုံးပါက မိမိသဘောဆန္ဒ အလျောက် တပ်မတော်တွင် ဆက်လက် အမှုထမ်းဆောင်လိုပါက ထမ်းဆောင်နိုင်ခြင်း၊ ကုမ္ပဏီ ဝန်ထမ်းဖြစ်ပါက ယခင်အလုပ် အကိုင် (သို့မဟုတ်) အလားတူ ရာထူးအတိုင်း ပြန်လည်ခန့်အပ် ခံခြင်းနှင့် နိုင်ငံတော်က ပေးအပ် ချီးမြှင့်သည့် ထိုက်သင့်သော အကျိုးခံစားခွင့်များကို ရရှိစေမည် ဖြစ်သည်။

"နိုင်ငံသားတိုင်းသည် ဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာ သင်ကြားရန်နှင့် နိုင်ငံတော် ကာကွယ်ရေးအတွက် စစ်မှုထမ်း ရန် တာဝန်ရှိသည်" ဟူသည့် ပြည်ထောင်စုသမ္မတ မြန်မာ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ပါ ပြဋ္ဌာန်းချက် များကို လက်တွေ့အကောင် အထည်ဖော်ခဲ့သည့် ပြည်သူ့ စစ်မှုထမ်းဥပဒေအရ မိမိဆန္ဒ အလျောက် စိတ်အားထက်သန် စွာ ပါဝင်စာရင်းပေးပြီး တာဝန် ထမ်းဆောင်ခဲ့ကြသော ပြည်သူ့ စစ်မှုထမ်း နိုင်ငံ့သားကောင်း ရတနာများအနေဖြင့် နိုင်ငံတော် အတွက် လိုအပ်သည့်အချိန်တွင် အသက်ကို ပစ်နေမထားဘဲ နိုင်ငံ့ အကျိုးအတွက် တပ်မတော်၏ အရန်အင်အားအဖြစ် ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့မှု အပေါ် နိုင်ငံတော်နှင့် တပ်မတော်က ထာဝစဉ်တန်ဖိုးထား လေးစား ဂုဏ်ပြုလျက်ရှိကြောင်း သိရ သည်။

သတင်းစဉ်

❍ စာမျက်နှာ ၁၄ မှ

သံပရာသီးနှင့် အခြားအသီးအနှံများတွင် ပါဝင်သော ဗီတာမင်စီဓာတ်သည် ကိုယ်ခံအားစနစ်ကို အထောက်အကူပြုနိုင်ပါသည်။ သို့သော် ယင်းတို့သည် ဆရာဝန်ညွှန်ကြားသောကုသမှုကို အစားထိုးနိုင်သည့် ဆေးဝါးများမဟုတ်ဘဲ ကျန်းမာရေးထိန်းသိမ်းမှုနှင့် အာဟာရဖြည့်စွက်မှုအတွက် အထောက်အကူပြုသော သဘာဝအစားအစာများ ဖြစ်ကြောင်း နားလည်ထားရန် လိုအပ်ပါသည်။

မြန်မာ့ရိုးရာ ကျန်းမာရေးဓလေ့များတွင်လည်း နံနက်စောစောမစ်လျှောက်ခြင်း၊ ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ခြင်း၊ ရာသီအလိုက် ဟင်းသီးဟင်းရွက်များ စားသုံးခြင်း၊ ဆီ၊ ဆား၊ သကြား လျှော့စားခြင်း၊ သန့်ရှင်းသောသောက်သုံးရေကို သောက်သုံးခြင်း၊ လုံလောက်သော အိပ်စက်အနားယူမှုရယူခြင်းနှင့် စိတ်ဖိစီးမှုလျှော့ချခြင်းတို့ကို အလေးထားကြပါသည်။ ယင်းအလေ့အထများသည် WHO က အကြံပြုထားသော Non-Communicable Diseases (NCDs) များဖြစ်သည့် ဆီးချို၊ သွေးတိုး၊ နှလုံးရောဂါနှင့် အဝလွန်ရောဂါများ ကာကွယ်ရေး ဆိုင်ရာ ကျန်းမာရေးအမှုအကျင့်များနှင့်လည်း ကိုက်ညီလျက်ရှိပါသည်။ အနှိပ်ကုထုံး၊ အကြောပြင် ကုထုံးနှင့် အပ်စိုက်ကုထုံးများသည် နာတာရှည် နာကျင်မှု၊ ခါးနာ၊ လည်ပင်းနာနှင့် အဆစ်ရောင်ရောဂါများတွင် အထောက်အကူပြုနိုင်ကြောင်း နိုင်ငံတကာ သုတေသနများက ဖော်ပြထားသည်။

ထို့အပြင် အိမ်ဝန်းကျင်တွင် ဆေးဖက်ဝင်အပင် များစိုက်ပျိုးခြင်းသည် မြန်မာ့ရိုးရာဥယျာဉ် ယဉ်ကျေးမှုကို ထိန်းသိမ်းပေးရုံသာမက မိသားစု စားရေရိက္ခာဖူလုံရေးနှင့် ကျန်းမာရေးအသိပညာ ကိုလည်း မြှင့်တင်ပေးနိုင်ပါသည်။ ချင်း၊ နနွင်း၊ ရှားစောင်းလက်ပပ်၊ ကွမ်းရွက်၊ ပင်စိမ်း၊ သံပရာနှင့် ဆေးဖက်ဝင်အပင်အချို့ကို စိုက်ပျိုးထားခြင်းသည် သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်စေရန် အထောက်အကူပြုသကဲ့သို့ ကျန်းမာရေးဆိုင်ရာ ဗဟုသုတများကို မျိုးဆက်သစ်များထံ လက်ဆင့် ကမ်းပေးနိုင်မည်ဖြစ်ပါသည်။

ပြည်သူတစ်ဦးချင်းစီ ကျန်းမာမှ မိသားစု ကျန်းမာမည်၊ မိသားစုကျန်းမာမှ လူ့အဖွဲ့အစည်း ကျန်းမာမည်၊ လူ့အဖွဲ့အစည်းကျန်းမာမှ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မည်ဖြစ်ပါသည်။ ထို့ကြောင့် မြန်မာ့ တိုင်းရင်းဆေးပညာ၏ အနှစ်သာရဖြစ်သော သဘာဝနှင့်လိုက်လျောညီထွေနေထိုင်ခြင်း၊ မျှတသော အာဟာရစားသုံးခြင်း၊ ကိုယ်လက်လှုပ်ရှားမှု ပြုလုပ်ခြင်းနှင့် စိတ်ကျန်းမာရေးကိုဂရုစိုက်ခြင်း တို့ကို နေ့စဉ် လူနေမှုဘဝ၏ အစိတ်အပိုင်းတစ်ရပ် အဖြစ် ကျင့်သုံးနိုင်ပါက "ကျန်းမာသော ပြည်သူ၊ တိုးတက်သောနိုင်ငံ"ဟူသည့် ရည်မှန်းချက်ကို ပိုမိုအောင်မြင်စွာ အကောင်အထည်ဖော်နိုင်မည် ဖြစ်ပါသည်။ ကျန်းမာရေးဝန်ကြီးဌာနလက်အောက်ရှိ တိုင်းရင်းဆေးပညာဦးစီးဌာနက တိုင်းရင်းဆေး ပညာသုတေသန၊ ဆေးဝါးအရည်အသွေးမြှင့်တင် ရေးနှင့် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း များကို ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

ကျန်းမာသောလူနေမှုပုံစံနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး

တိုင်းရင်းဆေးပညာ၏ အကောင်းဆုံးတန်ဖိုး မှာ ရောဂါဖြစ်ပြီးမှ ကုသခြင်းထက် ရောဂါမဖြစ်မီ ကြိုတင်ကာကွယ်ခြင်းဖြစ်သည်။

မြန်မာ့ရိုးရာကျန်းမာရေးဓလေ့များဖြစ်သည့်

- အာဟာရမျှတစွာ စားသုံးခြင်း၊
- ရာသီအလိုက် အစားအစာများရွေးချယ်ခြင်း၊
- ကိုယ်လက်လှုပ်ရှားမှု မှန်မှန်ပြုလုပ်ခြင်း၊
- လုံလောက်စွာ အိပ်စက်အနားယူခြင်း၊
- စိတ်ဖိစီးမှုလျှော့ချခြင်း၊
- သန့်ရှင်းသော သောက်သုံးရေသုံးစွဲခြင်း

တို့သည် ယနေ့ WHO က အားပေးနေသော ကျန်းမာရေးအမှုအကျင့်များနှင့် ကိုက်ညီလျက် ရှိသည်။ ကျန်းမာသောလူ့စွမ်းအားအရင်းအမြစ် သည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၏ အခြေခံအုတ်မြစ် ဖြစ်သောကြောင့် တိုင်းရင်းဆေးပညာ၏ အနှစ်သာရ ဖြစ်သည့် ကျန်းမာသောလူနေမှုပုံစံကို ပြည်သူများ ကျင့်သုံးသင့်ပါသည်။

မြန်မာ့တိုင်းရင်းဆေးပညာသည် ရိုးရာ ယဉ်ကျေးမှုအမွေအနှစ်တစ်ရပ်သာမက ပြည်သူ့ ကျန်းမာရေး၊ သဘာဝအရင်းအမြစ်ထိန်းသိမ်းရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် အမျိုးသားအမှတ် လက္ခဏာကို ထိန်းသိမ်းပေးနိုင်သော အဖိုးတန် အရင်းအမြစ်တစ်ရပ်ဖြစ်ပါသည်။

ယနေ့ခေတ်တွင် တိုင်းရင်းဆေးပညာကို သိပ္ပံနည်းကျ အထောက်အထားများနှင့် ပေါင်းစပ် အသုံးချနိုင်ပါက ကျန်းမာရေးစောင့်ရှောက်မှုစနစ် ကို ပိုမိုအားကောင်းလာစေမည်ဖြစ်သလို ပြည်သူ များ၏ လူနေမှုအရည်အသွေးကိုလည်း မြှင့်တင်ပေး နိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့် မြန်မာ့တိုင်းရင်းဆေး ပညာအမွေအနှစ်များကို တန်ဖိုးထားထိန်းသိမ်းကြပါ စို့။ ကျန်းမာရေးနှင့်ညီညွတ်သော လူနေမှုပုံစံများ ကို နေ့စဉ်ဘဝတွင် လက်တွေ့ကျင့်သုံးကြပါစို့။ သို့မှသာ "ကျန်းမာသော ပြည်သူ၊ ကြံ့ခိုင်သော လူ့စွမ်းအားအရင်းအမြစ်၊ ဖွံ့ဖြိုးတိုးတက်သော မြန်မာနိုင်ငံ"ဟူသော ရည်မှန်းချက်ကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်မည်ဖြစ်ပါသည်။

"မြန်မာ့တိုင်းရင်းဆေးပညာကို တန်ဖိုးထား၊ ကျန်းမာသောလူနေမှုဘဝကို တည်ဆောက်၊ သက်ရှည်ချမ်းသာသော အနာဂတ်ကို ဖန်တီးကြပါစို့။" ။



တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် အရေးပေါ်အစည်းအဝေး (၁/၂၀၂၆) ပထမနေ့ ကျင်းပ

မုံရွာ နိုဝင်ဘာ ၂

တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် အရေးပေါ်အစည်းအဝေး (၁/၂၀၂၆) ပထမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် မုံရွာမြို့ရှိ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင့်လှိုင်မြင့်က အမှာစကား ပြောကြားပြီး ၂၀၁၀ ခုနှစ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၅(ဂ)နှင့် အညီ တိုင်းဒေသကြီး တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ကြည်း၂၄၉၉၃ ဗိုလ်မှူးကြီးဝင်းတင်စိုး အစား ကြည်း ၃၁၅၇၄ ဗိုလ်မှူးကြီးမင်းသိန်းက လွှတ်တော်ဥက္ကဋ္ဌ၏ရှေ့မှောက်တွင် ကတိသစ္စာပြုပြီး ကတိသစ္စာပြုလွှာတွင် လက်မှတ်ရေးထိုးသည်။

ဆက်လက်၍ ၂၀၁၃ ခုနှစ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၀ နှင့်အညီ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးစောခန့်အောင်က လွှတ်တော်ဥက္ကဋ္ဌ၏ရှေ့မှောက်တွင် ကတိသစ္စာပြုပြီး ကတိသစ္စာပြုလွှာတွင် လက်မှတ်ရေးထိုးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်မှ ပေးပို့လာသည့် စစ်ကိုင်းတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ကြည်း၂၄၉၉၃ ဗိုလ်မှူးကြီး ဝင်းတင်စိုး အစား ကြည်း ၃၁၅၇၄ ဗိုလ်မှူးကြီး မင်းသိန်း၏ အမည်စာရင်းအား လွှတ်တော်တွင် တင်ပြအတည်ပြုချက်ရယူပြီး လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် လွှတ်တော်ဥက္ကဋ္ဌက ဥပဒေ အထောက်အကူပြုအဖွဲ့ ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ လည်းကောင်း၊ လွှတ်တော်ဒုတိယဥက္ကဋ္ဌက ဥပဒေ အထောက်အကူပြုအဖွဲ့ ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်းပြီး တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို လည်းကောင်း ရှင်းလင်းဖတ်ကြားသည်။

ဆက်လက်၍ လွှတ်တော်ဥက္ကဋ္ဌက ဥပဒေ အထောက်အကူပြုအဖွဲ့ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင် စုစုပေါင်း ၁၅ ဦး၏ အမည်စာရင်းကို လွှတ်တော်သို့တင်ပြပြီး ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်များရှိပါက လွှတ်တော်ရုံးသို့ နိုဝင်ဘာ ၂ ရက် ညနေ ၄နာရီ နောက်ဆုံးထား အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာ၍ လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် အရေးပေါ်အစည်းအဝေး (၁/၂၀၂၆) ပထမနေ့ ရပ်နားကြောင်း ကြေညာသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

ရန်ကုန် လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ မရမ်းကုန်းမြို့နယ်ရှိ ဓာတ်အားခွဲရုံများ ကြည့်ရှုစစ်ဆေး



ရန်ကုန် နိုဝင်ဘာ ၂

မရမ်းကုန်းမြို့နယ်ရှိ ၃၃/၁၁-၆ ဒသမ ၆ ကေဗွီ မရမ်းကုန်း ဓာတ်အားခွဲရုံနှင့် ၆၆/၃၃/၁၁-၆ ဒသမ ၆ ကေဗွီ စိန်ပန်းမြို့ငှ ဓာတ်အားခွဲရုံတို့၏ ဓာတ်အား ဖြန့်ဖြူးပေးနေမှု အခြေအနေကို ယမန်နေ့နံနက်ပိုင်းတွင် ရန်ကုန် လျှပ်စစ်ဓာတ်အားပေးရေး ကော်ပို ရေးရှင်းဥက္ကဋ္ဌ ဦးအောင်ကျော်မိုး သွားရောက် ကြည့်ရှုစစ်ဆေး သည်။

ကြည့်ရှုစဉ် မီးဘေးအန္တရာယ် နှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်း ရေး၊ ဓာတ်အားပြတ်တောက်မှု မရှိစေရေးတို့အတွက် ဓာတ်အားခွဲ ရုံများ၊ ထရန်စဖော်မာများနှင့် ဓာတ်အားလိုင်း ကြိုးများကို သတ်မှတ်ညွှန်ကြားချက်များနှင့် အညီ စစ်ဆေးပြုပြင်ထိန်းသိမ်း ခြင်းလုပ်ငန်းများကို အလေးထား ဆောင်ရွက်ရန်၊ ဓာတ်အား ပျောက်ဆုံးမှု တွက်ချက်ရာတွင် မှန်ကန်မှုရှိစေရေးနှင့် တရားမဝင် ဓာတ်အားရယူသုံးစွဲမှုများကို စိစစ် ဖော်ထုတ်နိုင်ရေးအတွက် ဖိဒါ အလိုက်၊ ထရန်စဖော်မာအလိုက် မိတာများ ပြည့်စုံစွာတပ်ဆင်ရန် နှင့် မီးသုံးသူစာရင်းများကို စနစ်တကျပြုစုထားရှိရန် မှာကြား ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

လှိုင်မြို့နယ်၌ အခွန်ဆိုင်ရာအသိပညာပေးဆွေးနွေးပွဲ ကျင်းပ



ရန်ကုန် နိုဝင်ဘာ ၂

ရန်ကုန် တိုင်းဒေသကြီး လှိုင်မြို့နယ်တွင် မြို့နယ်အခွန် ဦးစီးဌာနမှူးရုံးအနေဖြင့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် တည်ဆဲ အခွန်ဥပဒေများအရ လိုက်နာ ဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ အခွန်ပညာပေး ရှင်းလင်းဆွေးနွေးပွဲ အခမ်းအနား ကို အောက်တိုဘာ ၃၀ ရက် မွန်းလွဲပိုင်းက အမှတ်(၁)အခြေခံ ပညာ အထက်တန်းကျောင်း ဘုရင့်နောင်ခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်တွင်းအခွန်များဦးစီး ဌာန လှိုင်မြို့နယ်အခွန်ဦးစီးဌာနမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းလင်းအောင်က အမှာစကား ပြောကြားပြီး မြို့နယ်အခွန်ဦးစီး ဌာနမှူး ဦးအောင်ဝင်းက တည်ဆဲ အခွန်ဥပဒေများ၊ ပြည်ထောင်စု ၏ အခွန်ကောက်ဥပဒေများ အကြောင်းနှင့် အခွန်ဆိုင်ရာ သိသင့် သိထိုက်သည်များကို ရှင်းလင်းဆွေးနွေးရာ တက်ရောက် လာသူများက သိရှိလိုသည်များကို ပြန်လည် မေးမြန်းဆွေးနွေးခဲ့ကြ ကြောင်း သိရသည်။

ဇော်ဇော်နိုင်(ပြန်/ဆက်)

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၃-၁၁-၂၀၂၆

ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	မူဆယ်	မြစ်ကြီးနား	စစ်ကွေ	ဘားအံ	မော်လမြိုင်	လားရှိး	ဟောပကြီး	ထွဏ်းကော်	ဟားခါး
92 Ron	၄၅၄၀	၄၆၉၅	၄၆၆၅	၄၅၉၅	၄၇၀၀	၄၇၀၅	၄၇၁၅	၄၆၂၅	၄၉၉၅	၅၀၂၅	၄၆၉၅	၄၈၀၅	၄၇၃၅	၄၆၉၅	၄၇၀၅	၄၉၉၅
95 Ron	၄၅၉၀	၄၇၃၅	၄၆၉၅	၄၆၀၅	၄၇၅၀	၄၇၆၅	၄၈၀၀	၄၆၇၅	၅၀၀၅	၅၀၂၅	၄၆၉၅	၄၈၃၅	၄၇၉၀	၄၇၃၅	၄၇၃၅	၄၉၉၅
HSD (500 ppm)	၄၅၁၅	၄၆၆၅	၄၆၂၀	၄၅၉၀	၄၆၇၀	၄၆၈၀	၄၇၁၅	၄၆၀၀		၄၉၈၀	၄၆၂၀	၅၂၁၅	၄၇၀၅	၄၆၆၅	၄၆၈၅	၄၈၉၅
HSD (50 ppm)	၅၁၀၀	၅၂၀၅	၅၂၄၀	၅၁၉၅	၅၂၆၀	၅၂၆၅	၅၂၆၀	၅၂၆၅	၅၂၉၅	၅၂၆၅	၅၂၄၀	၅၂၀၀	၅၂၀၀	၅၂၆၀	၅၂၆၅	၅၂၆၅
HSD (10 ppm)	၅၁၀၀	၅၂၀၅	၅၂၄၀	၅၁၉၅	၅၂၆၀	၅၂၆၅	၅၂၆၀	၅၂၆၅		၅၂၆၅	၅၂၄၀	၅၂၀၀	၅၂၀၀	၅၂၆၀	၅၂၆၅	၅၂၆၅

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၄၃၁၅	၄၄၃၅
95 Ron	၄၃၆၅	၄၄၈၆
HSD (500 ppm)	၄၃၀၀	၄၄၂၄
HSD (50 ppm)	၅၂၂၀	၅၂၄၂
HSD (10 ppm)	၅၂၂၀	၅၂၄၂

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိတ်ပြည်သူများအနေဖြင့် စက်သုံးဆီများထယ်ယူသုံးစွဲရာတွင် ကျေးရွာပိုမှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေး တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈

စက်သုံးဆီတင်သွင်းသို့လှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ



ဘားအံမြို့၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ကွင်းဆင်းစစ်ဆေး

ဘားအံ နိုဝင်ဘာ ၂

ကရင်ပြည်နယ် ဘားအံမြို့တွင် အယ်လ်နီညိုရာသီဥတုဖြစ်စဉ် ကြောင့် ဈေးများတွင် မီးလောင်မှု မီးလန့်မှုလျော့နည်းကျဆင်းစေရေး နှင့် မီးဘေးအန္တရာယ်ကင်းဝေးစေရေးအတွက် အသိပညာပေးဟောပြော ခြင်းနှင့် မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေးခြင်းကို ဘားအံမြို့နယ် မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းတွင် ဘားအံမြို့ မြို့မဈေးကြီး၌ ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးမှူးနှင့် သန္ဓေမီးသတ် တပ်ဖွဲ့ဝင်များ၊ စည်ပင်ဝန်ထမ်းများနှင့် ဈေးသူ ဈေးသားများပါဝင်သော ပူးပေါင်းအဖွဲ့သည် ဈေးအတွင်းရှိ မီးသတ်ဆေးဘူးများစစ်ဆေးခြင်း၊ လျှပ်စစ်မီးကြိုးများစစ်ဆေးခြင်းစသည့် မီးဘေးအန္တရာယ် ကြိုတင် ကာကွယ်ရေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

အရှေ့တောင်တိုင်းစစ်ဌာနချုပ် အခြေခံပညာမူလတန်း(လွန်)ကျောင်း၌ RCC နှစ်ထပ်ကျောင်းဆောင်သစ် တည်ဆောက်လျက်ရှိ

မော်လမြိုင် နိုဝင်ဘာ ၂

မွန်ပြည်နယ် မော်လမြိုင်မြို့နောင်ခရီရပ်ကွက်ရှိ အရှေ့တောင်တိုင်းစစ်ဌာနချုပ် အခြေခံပညာမူလတန်း (လွန်) ကျောင်း၌ ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးအတွက် ၂၀၂၆-၂၀၂၇ ပြည်ထောင်စုခွင့်ပြုဘဏ္ဍာရန်ပုံငွေဖြင့် RCC နှစ်ထပ်ကျောင်းဆောင်သစ် တည်ဆောက်လျက်ရှိသည်။



အဆိုပါ တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ယနေ့မွန်းလွဲပိုင်းတွင် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်းသည် ပြည်နယ်ဝန်ကြီးများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အရည်အသွေးပြည့်မီရေး၊ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး တို့နှင့်စပ်လျဉ်း၍ မှာကြားခဲ့သည်။

ဆက်လက်၍ မော်လမြိုင်မြို့နယ် ရိုးဂိုးကျေးရွာအုပ်စု စိုက်ပျိုးရေးဦးစီးဌာန နှစ်ရှည်ပင်များ သုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးဌာနတွင် စိုက်ပျိုးရေးရရှိရေးနှင့် စိုက်ပျိုးရေး သုတေသနလုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန်အတွက် ၂၀၂၆-၂၀၂၇ ပြည်ထောင်စုခွင့်ပြုဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်သည့် 30 KVA ဆိုလာစနစ် (Solar System) တပ်ဆင်ပြီးစီးမှုအခြေအနေ၊ ရိုးဂိုးကျေးရွာ အခြေခံပညာမူလတန်း (လွန်) ကျောင်း၌ ၂၀၂၆-၂၀၂၇ ပြည်ထောင်စုခွင့်ပြုဘဏ္ဍာရန်ပုံငွေဖြင့် RCC နှစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

စည်သူ(ပြန်/ဆက်)

ခရမ်းမြို့နယ်၌ ဆီထွက်နေကြာနှင့် ပဲပုပ်မျိုးစေ့ ပေးအပ်

ခရမ်း နိုဝင်ဘာ ၂

ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက တောင်သူများအား ဆီထွက်နေကြာနှင့် ပဲပုပ်မျိုးစေ့များ ပေးအပ်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၂ ရက်တွင် ခရမ်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဖြတ္ထစိုရိခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါက်တာဝင်းသန်းနှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ရဲတို့က အမှာစကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ဌေးက ဆီထွက်သီးနှံနေကြာနှင့် ပဲပုပ်စိုက်ပျိုးရေးနည်းစနစ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဆီထွက်သီးနှံနေကြာနှင့် ပဲပုပ်မျိုးစေ့များကို ကျေးရွာအုပ်စု ၅၇ အုပ်စုအတွက် တစ်ဧကလျှင် သုံးကီလိုပွန်းဖြင့် ၆၂၆ ဧက အတွက် ၁၈၇၈ ကီလိုကို တာဝန်ရှိသူများက တောင်သူများထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

ခင်နှင်းဝေ(ပြန်/ဆက်)





မကွေးမြို့နယ်၌ စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေး

မကွေး နိုဝင်ဘာ ၂

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်အတွင်း ချည်မျှင်ရှည်ဝါသီးနှံ စိုက်ပျိုးမှုအထွက်နှုန်းတိုးတက်စေရေးနှင့် ဝါသီးနှံလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ၂၀၂၆-၂၀၂၇ ခုနှစ် ချည်မျှင်ရှည်ဝါစိုက်ပျိုးသော ဒေသခံတောင်သူများအား နိုင်ငံစီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ချေးငွေ တိုက်ရိုက်ထုတ်ချေးပေးခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မကွေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဝင်များ၊ ဌာနဆိုင်ရာများနှင့် ဝါသီးနှံစိုက်တောင်သူများ တက်ရောက်သည်။

ဦးစွာ မကွေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယ-မြို့နယ်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားကာ မကွေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက ဝါသီးနှံစိုက်တောင်သူများအား စိုက်ပျိုးစရိတ်ချေးငွေထုတ်ချေးပေးရခြင်း၏ ရည်ရွယ်ချက်နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မကွေးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက အုန်းတွဲကျေးရွာ၊ ဆိပ်သာကျေးရွာ၊ ကူးသန်းကျေးရွာနှင့် ရွာသစ်ကျေးရွာတို့မှ ဒေသခံဝါစိုက်တောင်သူများအား စိုက်ပျိုးစရိတ်ချေးငွေများ ပေးအပ်သည်။ အဆိုပါ စိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေးပေးမှုတွင် စုစုပေါင်းကျေးရွာလေးရွာမှ ဝါသီးနှံစိုက်တောင်သူ ၈၃ ဦး၏ ချည်မျှင်ရှည်ဝါ စိုက်ဧက ၂၂၆ ဒသမ ၅၀ ဧကအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေကျပ် ၆၇၉ ဒသမ ၅၀ သိန်းကို အပြည့်အဝ ထုတ်ချေးပေးနိုင်ခဲ့ကြောင်း သိရသည်။

မောင်ခိုင်မင်း(ပြန်/ဆက်)

နည်းပညာတက္ကသိုလ်(မော်လမြိုင်) ၌ ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းပြန်လည်ဖွင့်လှစ်နိုင်ရေး ကြိုတင်ပြင်ဆင်ထားရှိ

နေပြည်တော် နိုဝင်ဘာ ၂

မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ နည်းပညာတက္ကသိုလ် (မော်လမြိုင်) ၌ ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းပြန်လည်ဖွင့်လှစ်နိုင်ရေး အတွက် ကြိုတင်ပြင်ဆင်ထားရှိမှု၊ စာသင်ခန်းများ၊ သင်ထောက်ကူပစ္စည်းများနှင့် ကျောင်းသား ကျောင်းသူအဆောင်များ ပြင်ဆင်ဖြည့်ဆည်း ထားရှိမှုကို အောက်တိုဘာ ၃၁ ရက်တွင် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာနေခြည်လွဲလွဲသိန်း သွားရောက်ကြည့်ရှုစစ်ဆေးသည်။



ကြည့်ရှုစဉ် ဆောက်လုပ်ရေးလုပ်ငန်းများ အရည်အသွေးပြည့်မီစေရေး၊ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်ရေးနှင့် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးတို့ကို အလေးထားဆောင်ရွက်ကြရန် မှာကြားသည်။

ထို့အတူ နိုဝင်ဘာ ၁ ရက်တွင် အစိုးရ စက်မှုလက်မှုသိပ္ပံ (မော်လမြိုင်)နှင့် အစိုးရနည်းပညာအထက်တန်းကျောင်း(မော်လမြိုင်) တို့၌ သင်ကြားရေး၊ စီမံခန့်ခွဲရေးနှင့် စည်းကမ်းထိန်းသိမ်းရေး ဆိုင်ရာ ဆောင်ရွက်ထားရှိမှု၊ စာသင်ခန်းများနှင့် သင်ထောက်ကူပစ္စည်းများ ဖြည့်ဆည်းထားရှိမှု၊ ကျောင်းသား ကျောင်းသူ အဆောင်များ ပြင်ဆင်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ထားရန်၊ ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးနှင့် ဥပမိရုပ်ကောင်းမွန်ရေးတို့ကို စဉ်ဆက်မပြတ်ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ဟင်္သာတမြို့နယ်၌ ပဲမျိုး၊ စက်သုံးဆီ၊ နေကြာမျိုးစေ့နှင့် ဓာတ်မြေဩဇာများ ပေးအပ်

ဟင်္သာတ နိုဝင်ဘာ ၂

ဧရာဝတီ တိုင်းဒေသကြီး ဟင်္သာတမြို့နယ်တွင် ၂၀၂၆-၂၀၂၇ ခုနှစ် မိုးစပါးရေကြီးနစ်မြုပ်ပျက်စီးသော ဧကများအား ဆောင်းသီးနှံပြန်လည်စိုက်ပျိုးရန် အတွက် နိုင်ငံတော်က ပဲမျိုးများ၊ စက်သုံးဆီများ ထောက်ပံ့ပေးအပ်ခြင်းနှင့် ဆောင်းဆီထွက်သီးနှံစိုက်ပျိုးရန် နေကြာမျိုးစေ့များ၊ ဓာတ်မြေဩဇာများ ပေးအပ်ပွဲကို နိုဝင်ဘာ ၂ ရက်တွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် ဟင်္သာတခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလှိုင်ထွန်းက အမှာစကားပြောကြားသည်။

ဟင်္သာတမြို့နယ် အတွင်း ၂၀၂၆-၂၀၂၇ ခုနှစ် မိုးစပါးကြီးနှစ်မြုပ်ပျက်စီးသော ဧကများအား ဆောင်းသီးနှံ ပြန်လည်စိုက်ပျိုးရန်၊ တစ်ဧကလျှင် မတ်ပဲမျိုး ရှစ်ပြည်နှုန်း၊ ထွန်ယက်ဆီ ၂ ဒသမ ၅ ဂါလန်နှုန်း၊ ဆောင်းဆီထွက်သီးနှံစိုက်ပျိုးနိုင်ရေး နေကြာမျိုးစေ့များ၊ ဓာတ်မြေဩဇာများကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးလှိုင်ထွန်းနှင့် ခရိုင်အဆင့် စိုက်တိုးမြှင့်အဖွဲ့ဝင်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်မင်းနှင့် မြို့နယ်အဆင့် စိုက်တိုးမြှင့်အဖွဲ့ဝင်များက ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင်အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၂

နိုင်ငံတော် အစိုးရအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွားနယ်ပယ်နှင့် အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်လာသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုများ ပပျောက်စေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းကာ အပြီးတိုင် လုံးဝ ပပျောက်သွားစေရေး ဆောင်ရွက်လျက်ရှိရာ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ အများဆုံး လုပ်ကိုင်ခဲ့သည့် ရွှေကုက္ကိုလ် နယ်မြေအတွင်းရှိ တရားမဝင် အဆောက်အအုံများ၌ အွန်လိုင်း လိမ်လည် လောင်းကစားမှုများ ထပ်မံလုပ်ကိုင်နိုင်ခြင်း မရှိစေရန် အဆိုပါ အဆောက်အအုံများအား အပြီးတိုင် ဖြိုချဖျက်ဆီးခြင်းများကို စနစ်တကျ ဆောင်ရွက်လျက်ရှိသည်။




ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးမှု။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်း အတွင်းရှိ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် ဖြိုချဖျက်ဆီးရန်ကျန် တရားမဝင် အဆောက်အအုံများ အနက် ယာဉ်ယန္တရားများအသုံးပြု၍ ဖြိုချဖျက်ဆီးလျက်ရှိသည့် ၆ ထပ် အဆောက်အအုံ ၁ လုံးအား ယနေ့အထိ ၇၀ ရာခိုင်နှုန်း ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း၊ ထပ်မံ၍ ၆ ထပ် အဆောက်အအုံ တစ်လုံးအား ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမှုမှာ ယနေ့အထိ ၄၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရှိရသည်။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှု တိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ထိထိရောက်ရောက် အလေးထားနှိမ်နင်းလျက်ရှိကြောင်း သတင်းရရှိသည်။

၁၀၀



သာစည်မြို့နယ်၌ ငွေကျပ်သိန်း ၁၀၀၀ တန်ဖိုးရှိ စိတ်ကြွဆေးပြားများနှင့် ကျိုင်းတုံမြို့၌ ငွေကျပ် ၁၁၂၇ သိန်းတန်ဖိုးရှိ ထိန်းချုပ်ဓာတုပစ္စည်းများ သိမ်းဆည်းရမိ

နေပြည်တော် နိုဝင်ဘာ ၂

သာစည်မြို့နယ်၌ ငွေကျပ်သိန်း ၁၀၀၀ တန်ဖိုးရှိ စိတ်ကြွဆေးပြားများနှင့် ကျိုင်းတုံမြို့၌ ငွေကျပ် ၁၁၂၇ သိန်းတန်ဖိုးရှိထိန်းချုပ်ဓာတုပစ္စည်းများ သိမ်းဆည်းရမိသဖြင့် မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရအရေးယူထားကြောင်း သိရ သည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ အောက်တိုဘာ ၃၀ ရက် မွန်းလွဲ ၃ နာရီတွင် သာစည်မြို့နယ် ကျွဲတပ်ဆုံရွာအနီး ဆီဆိုင်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် TOYOTA HIACE အမျိုးအစား ခရီးသည်တင် ယာဉ်အား ရပ်တန့်စစ်ဆေးရာဖွေရာ ယာဉ်ပေါ်တွင် လိုက်ပါသောခရီးသည် ဆီဆိုင်မြို့နယ် ဘန်းယဉ်ကျေးရွာအုပ်စု ကွက်သစ်ရပ်ကွက်နေ ကျော်ကျော်ဇင်(၃၂)နှစ် သယ်ဆောင်လာသည့် သစ်သီးခြင်းအတွင်းမှ (တစ်ပြားလျှင်ငွေကျပ် ၂၀၀၀ နှုန်းဖြင့် ဒေသတန်ဖိုးငွေကျပ်သိန်း ၁၀၀၀ တန်ဖိုးရှိ) စိတ်ကြွဆေးပြား ၅၀၀၀၀ အား သိမ်းဆည်းရမိသဖြင့် ကျော်ကျော်ဇင်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ထို့ပြင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ အောက်တိုဘာ ၃၁ ရက် ည ၉ နာရီခွဲတွင် ကျိုင်းတုံမြို့ ရပ်ကွက်(၁)နေ စိုင်းဝင်းအောင်ဆွေ(၃၄) နှစ်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ နေအိမ်အတွင်းမှ တစ်ကီလိုလျှင် ငွေကျပ် ၁ သိန်းနှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၆၂၅ သိန်း တန်ဖိုးရှိ ထိန်းချုပ်ဓာတုပစ္စည်း ကဖင်း ၆၂၅ ကီလိုနှင့် တစ်ပြားလျှင်ငွေကျပ် ၅၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၂ သိန်း တန်ဖိုးရှိ ဆူဒိုအက်ဖ်ဒရင်း ဆေးပြား ၄၀၀၊ တစ်ကီလိုလျှင်ငွေကျပ် ၅ သိန်းနှုန်းဖြင့် ၎င်းဒေသ တန်ဖိုးငွေကျပ် သိန်း ၅၀၀ တန်ဖိုးရှိ Ethyl Vanillin ၁၀၀ ကီလို ဖမ်းဆီး ရမိသဖြင့် စိုင်းဝင်းအောင်ဆွေအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲ စေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း မြန်မာ နိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။



တရားခံ ကျော်ကျော်ဇင်အား သိမ်းဆည်းရမိသည့် စိတ်ကြွဆေးပြားများနှင့်အတူ တွေ့ရစဉ်။

ငွေကျပ် ၁ သိန်းနှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၆၂၅ သိန်း တန်ဖိုးရှိ ထိန်းချုပ်ဓာတုပစ္စည်း ကဖင်း ၆၂၅ ကီလိုနှင့် တစ်ပြားလျှင်ငွေကျပ် ၅၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၂ သိန်း တန်ဖိုးရှိ ဆူဒိုအက်ဖ်ဒရင်း ဆေးပြား ၄၀၀၊ တစ်ကီလိုလျှင်ငွေကျပ် ၅ သိန်းနှုန်းဖြင့် ၎င်းဒေသ တန်ဖိုးငွေကျပ် သိန်း ၅၀၀ တန်ဖိုးရှိ Ethyl Vanillin ၁၀၀ ကီလို ဖမ်းဆီး ရမိသဖြင့် စိုင်းဝင်းအောင်ဆွေအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲ စေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း မြန်မာ နိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

သတင်းစဉ်



ဆင်ခြေလျှောမြေသားနိမ့်ကျမှုဖြစ်ပွားခဲ့သည့် မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံမှ သိုလှောင်ရေများ ဆက်လက်လျှော့ချ၊ ပတ်ဝန်းကျင်ကျေးရွာများ၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်



နေပြည်တော် နိုဝင်ဘာ ၂

ဇရာဝတီ တိုင်းဒေသကြီး မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံ၏ ဆင်ခြေလျှောနိမ့်ကျမှုအား ပြန်လည်ပြုပြင်ခြင်းများ ဆောင်ရွက်ပြီး ရေလှောင်တမံ ရေပြင်၏ နိမ့်မြင့် အမှတ် ၃၁၅ ပေမှ သိုလှောင်ရေ လျှော့ချနိုင်ရန် တမံ၏ အရေးပေါ်ရေပိုလွှဲမှ ရေထုတ်လွှတ်လျက်ရှိရာ ယနေ့ နိုဝင်ဘာ ၂ ရက်နေ့ ညနေပိုင်းတွင် တမံရှိရေ ၂၉၅ ဒသမ ၅၀ ပေသာ ကျန်ရှိတော့သဖြင့် ၁၉ ဒသမ ၅၀ ပေခန့် ရေထုတ်လွှတ်လျှော့ချပြီး ဖြစ်ကြောင်း သိရှိရသည်။

ထို့ပြင် အဆိုပါတမံဆင်ခြေလျှောနိမ့်ကျမှုဖြစ်ပွားသည့်နေရာ အနီးရှိ ကျေးရွာများမှ ဒေသခံ ပြည်သူများအား လိုအပ်သော ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများနှင့် ဘုန်းတော်ကြီး ကျောင်းများနှင့် စာသင်ကျောင်းများရှိ ချိုနွယ်များ၊ ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် လိုအပ်သည့် ကူညီဆောင်ရွက်မှုများကို နယ်မြေခံတပ်မတော်သားများနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက လိုက်လံကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ ၁၀၀

တန့်ယန်းမြို့နယ်၌ မက္ကဒေးမီးယားအသီး တန်ဖိုးမြှင့်ထုတ်ကုန် ကွင်းဆင်းကြည့်ရှု

တန့်ယန်း နိုဝင်ဘာ ၂

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ် လုံမုံကျေးရွာအုပ်စု နမ့်ပါတက် ကျေးရွာအနီး မက္ကဒေးမီးယားစိုက်ခင်း ၈က ၁၆၀၀ အတွင်းရှိ တန်ဖိုးမြှင့် ထုတ်ကုန်တစ်မျိုးဖြစ်သည့် မက္ကဒေးမီးယားအသီးထုတ်လုပ်ပုံ အဆင့်ဆင့်အား နိုဝင်ဘာ ၂ ရက် နံနက်ပိုင်းတွင် ခရိုင်နှင့် မြို့နယ်တို့မှ တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုခဲ့ကြသည်။

အဆိုပါမက္ကဒေးမီးယားအသီး ထုတ်ကုန်အား ကုန်ကြမ်းမှ ကုန်ချော အထိ ထုတ်လုပ်ပုံအဆင့်ဆင့်ကို ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကိုကိုဦးနှင့် တာဝန်ရှိသူများ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးချန်မျိုးထွန်း၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြည့်ရှုကြရာ အလုပ်ရုံမှ တာဝန်ရှိသူတို့က လိုက်လံရှင်းလင်းပြသခဲ့ကြောင်း သိရသည်။ **မင်းလွင်ဦး(တန့်ယန်း)**



တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ဇမ္ဗူသီရိမြို့နယ် Wisdom Hill ကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ သွားရောက်လေ့လာ



နေပြည်တော် နိုဝင်ဘာ ၂

ကျောင်းသားလူငယ်များအား မိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်လာစေရန်၊ ကျောင်းပြင်ပဗဟုသုတများရရှိစေပြီး သင်ရိုးညွှန်းတမ်းပါ သင်ခန်းစာများကို စာတွေ့အပြင်လက်တွေ့ ယှဉ်တွဲလေ့လာနိုင်စေရန်၊ လွတ်လပ်ရေးကြိုးပမ်းမှုကာလနှင့်အတူ ယှဉ်တွဲပေါ်ပေါက်လာသည့် မြန်မာ့တပ်မတော်၏ အဆင့်ဆင့်ပြောင်းလဲတိုးတက်လာခဲ့မှု အခြေအနေများကို သိရှိစေရန်၊ မျက်မှောက်ကာလတွင် ဖွဲ့စည်းထားရှိသည့် တပ်မတော်လက်ရုံးတပ်ဖွဲ့အသီးသီး၏ သမိုင်းကြောင်း လုပ်ငန်းတာဝန်နှင့် စွမ်းဆောင်နိုင်ခဲ့မှုများကို သိရှိစေရန်နှင့် အနာဂတ်ကာလများတွင် နိုင်ငံတော်ကို ဦးဆောင်ကြမည့် မျိုးဆက်သစ် လူငယ်လူရွယ်များအနေဖြင့် မိမိနိုင်ငံ၏ သမိုင်းကြောင်းဆိုင်ရာ အချက်အလက်များကို လေ့လာသိရှိထားခြင်းအားဖြင့် အနာဂတ် ဘဝလျှောက်လှမ်းမှုကို အထောက်အပံ့ဖြစ်စေရန် ရည်ရွယ်၍ နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကျောင်းသား ကျောင်းသူများအား တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ Wisdom Hill ကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် ယနေ့တွင် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်) သို့ သွားရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် တပ်မတော် စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ ရောက်ရှိကြပြီး တပ်မတော် (လေ)ပြင်ပပြက္ခတ်တွင် ခင်းကျင်းပြသထားသော ခေတ်အဆက်ဆက် အသုံးပြုခဲ့သည့် တပ်မတော်လေယာဉ်များနှင့် တပ်မတော်(ရေ)ပြင်ပပြက္ခတ်တွင် ခင်းကျင်းပြသထားသည့် စစ်ရေယာဉ်ပုံစံတူများ၊ စစ်လက်နက်ပစ္စည်းများကို စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုကြပြီး အမှတ်တရဓာတ်ပုံများ ရိုက်ကြသည်။

ထို့နောက် တပ်မတော်(ကြည်း) ပြခန်းဆောင်တွင် ခေတ်အဆက်ဆက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်များ၏ ရုပ်တုများနှင့် မှတ်တမ်းဓာတ်ပုံများ၊ ဗမာ့လွတ်လပ်ရေးတပ်မတော်ကို စတင်ဖွဲ့စည်းခဲ့သည့် ရဲဘော်သုံးကျိပ်ဝင်များ၏ မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုလေ့လာကြပြီး မြန်မာ့တပ်မတော်သမိုင်းမှတ်တမ်းရုပ်ရှင်ကို ကြည့်ရှုကြသည်။ ထို့နောက် ပြတိုက်တာဝန်ရှိသူများက လာရောက်လေ့လာကြသော ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအတွက် မှန့်များ ပေးဝေကြသည်။

ယင်းနောက် ပြတိုက်တာဝန်ရှိသူက ပြတိုက်သမိုင်း၊ ရည်ရွယ်ချက်နှင့် ပြတိုက်အတွင်း ကဏ္ဍအလိုက် ပြခန်း၊ ပြကွက်များ ပြသထားမှုတို့ကို လိုက်လံရှင်းလင်းပြောကြားပြီး ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများက ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ပြခန်းများအား စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုလေ့လာ၍ သိရှိလိုသည်များကို မေးမြန်းကြရာ ပြခန်းတာဝန်ရှိသူများက ပြန်လည် ရှင်းလင်းဖြေကြားပေးသည်။

ဆက်လက်၍ ယနေ့လေ့လာမှတ်သားခဲ့သည့်ဗဟုသုတများကို ဥာဏ်စမ်းပဟေဠိပြိုင်ပွဲ ကျင်းပပြုလုပ်ကာ မေးခွန်းများကို မှန်ကန်စွာ ဖြေဆိုနိုင်သော ကျောင်းသား ကျောင်းသူများအား ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆုနှင့် အထူးဆုများအဖြစ် ထမင်းချိုင့်၊ ထီး၊ဗလာစာအုပ်နှင့်စာရေးကိရိယာများကို ပေးအပ်ချီးမြှင့်ကြပြီးပြတိုက် တာဝန်ရှိသူများက ပြန်လည် ထွက်ခွာမည့်ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက် ကြကြောင်း သိရသည်။**သတင်းစဉ်**

ပြင်ဦးလွင်မြို့၌ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးဆွေးနွေး

ပြင်ဦးလွင် နိုဝင်ဘာ ၂

မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်း မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင်က ကြီးမှူးကျင်းပသော ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲ၊ ထပ်ဆင့်အသိပညာမြှင့်တင်ရေး ဆင့်ပွားသင်တန်းနှင့် Professional Real Estate Basic Training Course အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ပြင်ဦးလွင်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

ဦးစွာ အခမ်းအနားကို တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်းဗဟို၊ ဒုတိယဥက္ကဋ္ဌ (၁) တို့က အမှာစကား ပြောကြားသည်။ ထို့နောက် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများနှင့် ကျွမ်းကျင်သူများက သတင်းပို့အဖွဲ့အစည်းများ၊ ငွေကြေးဆိုင်ရာအကြံပြုချက်စံနှုန်းများ၊ နည်းပညာများနှင့် လုပ်ထုံးလုပ်နည်းများစသည့် သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးပို့ချခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)





ပုသိမ်မြို့၌ ကြက်ဥများ ဈေးနှုန်းသက်သာစွာ ရောင်းချပေး

ပုသိမ် နိုဝင်ဘာ ၂

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ ဌာနဆိုင်ရာဝန်ထမ်းများအား အခြေခံစားသောက်ကုန်ဖြစ်သော ကြက်ဥများ ဈေးနှုန်းသက်သာစွာ ရောင်းချပေးခြင်းကို ယနေ့မွန်းလွဲပိုင်းက မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူးရုံး၌ ဆောင်ရွက်သည်။

သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေး

ထိုသို့ ရောင်းချနေမှုကို တိုင်းဒေသကြီး အစိုးရအဖွဲ့၏ကြီးကြပ်မှုဖြင့် ပုသိမ်မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ကျော်ထွန်း ဦးဆောင်၍ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဝန်ထမ်းများက သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးခဲ့ကြောင်း သိရသည်။

ကျော်ဟိန်း(ပြန်/ဆက်)


■

၂၀၂၆ ခုနှစ် အောက်တိုဘာလအတွင်း ရန်ကုန်(ကမ္ဘာအေး)နှင့် ကျိုင်းတုံမြို့တို့၏ လေအရည်အသွေး အခြေအနေများ


ပို့ဆောင်ရေးဝန်ကြီးဌာန မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသည် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ရန်ကုန်(ကမ္ဘာအေး)ရုံးတွင် လေအရည်အသွေးစောင့်ကြည့်တိုင်းတာသည့် ကိရိယာ (FPM-377C) ဖြင့် လေထုအတွင်း 2.5 မိုက်ခရွန်မီတာ (μm) နှင့်အောက် သေးငယ်သောအမှုန်အမွှားများ ($PM_{2.5}$) စောင့်ကြည့်တိုင်းတာခြင်းနှင့် ရှုမဲ့ပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ မိုးလေဝသရုံးတွင် လေအရည်အသွေးစောင့်ကြည့်တိုင်းတာသည့်ကိရိယာ (Compact Air Quality Monitoring Station – AQM65) ဖြင့် မျက်နှာပြင်အိုဇုန်း (O_3)၊ PM_{10} နှင့် $PM_{2.5}$ တို့ကို ၂၄ နာရီ စောင့်ကြည့်တိုင်းတာလျက်ရှိပါသည်။

တိုင်းတာရရှိခဲ့သည့် မှတ်တမ်းများအရ အောက်တိုဘာလအတွင်းတွင် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ရန်ကုန်(ကမ္ဘာအေး)ရုံး၏လေအရည်အသွေးသည် အောက်တိုဘာလအတွင်းတွင် ကောင်းမွန်သောအဆင့်၌ ၅ ရက်၊ အသင့်အတင့်အဆင့်၌ ၂၆ ရက်နှင့် ကျိုင်းတုံမြို့၏ လေအရည်အသွေးအခြေအနေ ($PM_{2.5}$)မှာ အောက်တိုဘာလအတွင်းတွင် ကောင်းမွန်သောအဆင့်၌ ၄ ရက်နှင့် အသင့်အတင့်အဆင့်၌ ၂၇ ရက်ရှိနေကြောင်း သုံးသပ်တွေ့ရှိရပါသည်။


မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန




ရန်ကုန် (ကမ္ဘာအေး)၏ လေအရည်အသွေးအညွှန်းကိန်း (AQI) များပြပုံ



ကျိုင်းတုံမြို့၏ မျက်နှာပြင်အိုဇုန်း(O_3) ဆိုင်ရာ လေအရည်အသွေးအညွှန်းကိန်း(AQI)များပြပုံ



ကျိုင်းတုံမြို့၏ $PM_{2.5}$ ဆိုင်ရာ လေအရည်အသွေးအညွှန်းကိန်း (AQI)များပြပုံ



ကျိုင်းတုံမြို့၏ PM_{10} ဆိုင်ရာ လေအရည်အသွေးအညွှန်းကိန်း (AQI)များပြပုံ

လေအရည်အသွေး အညွှန်းကိန်း (AQI)	လေအရည်အသွေး အဆင့်	အဓိပ္ပာယ်ဖွင့်ဆိုချက်
၀ - ၅၀	ကောင်း	လေထုအရည်အသွေးမှာ ကျေနပ်ဖွယ်ရာဖြစ်သည်။ လေထုညစ်ညမ်းမှုအန္တရာယ်မရှိ သို့မဟုတ် လွန်စွာနည်းပါးသည်။
၅၁ - ၁၀၀	အသင့်အတင့်	လေထုအရည်အသွေးမှာ လက်ခံနိုင်စရာဖြစ်သော်လည်း လေထုညစ်ညမ်းမှုအား ခံနိုင်ရည်နည်းပါးသည့် အချို့လူများအတွက် ကျန်းမာရေးထိခိုက်နိုင်ဖွယ် အသင့်အတင့်ရှိသည်။
၁၀၁ - ၁၅၀	ခံနိုင်ရည်နည်းပါးသော အုပ်စုများအတွက် ကျန်းမာရေး ထိခိုက်စေ	လေထုညစ်ညမ်းမှုကို ခံနိုင်ရည်နည်းပါးသူများ ကျန်းမာရေး ထိခိုက်နိုင်သည်။ ယေဘုယျအားဖြင့် ကျန်းမာရေးအတွက် စိုးရိမ်ဖွယ်မရှိပါ။
၁၅၁ - ၂၀၀	ကျန်းမာရေးထိခိုက်စေ	လူတိုင်းကျန်းမာရေး ထိခိုက်မှုမျိုးကြုံတွေ့နိုင်သည်။ လေထုညစ်ညမ်းမှုကို ခံနိုင်ရည်နည်းပါးသောအုပ်စုများ ကျန်းမာရေး ပိုမိုထိခိုက်နိုင်သည်။
၂၀၁ - ၃၀၀	ကျန်းမာရေးကိုအလွန် ထိခိုက်စေ	ကျန်းမာရေးအသိပေးချက် - လူတိုင်းကျန်းမာရေး ပြင်းထန်စွာ ထိခိုက်နိုင်သည်။
၃၀၁ - ၅၀၀	အန္တရာယ်ရှိ	ကျန်းမာရေးဆိုင်ရာ အရေးပေါ်သတိပေးရမည့် အခြေအနေဖြစ်သည်။ လူထုတစ်ရပ်လုံး ကျန်းမာရေးထိခိုက်နိုင်ခြေ ပိုများသည်။

လေအရည်အသွေးအညွှန်းကိန်း (AQI)အလိုက် အဓိပ္ပာယ်ဖွင့်ဆိုချက်



ရေဝတီတိုင်းဒေသကြီး ဟသံတမြို့နယ်အတွင်းရှိ စျေးများတွင် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေးအတွက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဇော်မင်းနှင့် တာဝန်ရှိသူများ၊ စျေးသီးသန့်မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ရေလောင်းကန်များ၊ မီးသတ်ပိုက်များ၊ ရေစုပ်စက်များ၊ ရေပိုက်ခေါင်းများ အသင့်ပြင်ဆင်ထားရှိမှုတို့ကို နိုဝင်ဘာ ၂ ရက်တွင် စစ်ဆေးစဉ်။

ခရိုင်(ပြန်/ဆက်)

ကမာရွတ်မြို့နယ်၌ အခွန်ဆိုင်ရာ အသိပညာပေးဆွေးနွေး

ရန်ကုန် နိုဝင်ဘာ ၂

ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် အခွန်ဦးစီးမှူးရုံးက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် တည်ဆဲအခွန်ဥပဒေများအရ လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အခွန်ဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးပွဲကို အောက်တိုဘာ ၃၀ ရက်တွင် အမှတ်(၂) အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပသည်။

ရှင်းလင်းဆွေးနွေး

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး မြို့နယ်အခွန်ဦးစီးဌာနမှ မြို့နယ်အခွန်ဦးစီးမှူးက ပြေစာအပေါ် အခွန်အမှတ်တံဆိပ် ကပ်နှိပ်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးသည်။



ထို့နောက် တက်ရောက်လာသည့် အခွန်ထမ်းပြည်သူများက သိရှိလိုသည်များ မေးမြန်းဆွေးနွေးရာ မြို့နယ်အခွန်ဦးစီးဌာနမှူးက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

စိမ်းလဲ့(ပြန်/ဆက်)

၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အလေးမပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂

အလေးမ အားကစားအဆင့် အတန်း ပိုမိုဖွံ့ဖြိုးတိုးတက်မြင့်မားလာစေရေးနှင့် မျိုးဆက်သစ် အလေးမ အားကစားသမားများ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ အားကစားရေးရာ ဝန်ကြီးဌာနက ကြီးမှူးပြီး အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ်တို့ ပူးပေါင်း၍ "၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ်အလေးမပြိုင်ပွဲ" ဖွင့်ပွဲ အခမ်းအနားကို ယနေ့တွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစား ကွင်းရှိ ဖုဆယ်အားကစားရုံ၌ ကျင်းပသည်။



အခမ်းအနားသို့ အားကစား ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းမောင်၊ ကျန်းမာရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ အမျိုးသမီး ရေးရာဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒေါက်တာသက်သက်ဇင်၊ ဒုတိယဝန်ကြီးများ ဖြစ်ကြသည့် ဦးစိုင်းထွန်းညီ၊ ဦးဖြူးဇော်စိုး၊ ဦးမျိုးကျော်သူ၊ မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးအဂ္ဂါအေးနှင့် တာဝန်ရှိသူများ၊ ဌာန ဆိုင်ရာတာဝန်ရှိသူများ၊ ပြိုင်ပွဲ ကျင်းပရေးအဖွဲ့မှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစား သမားများ တက်ရောက်ကြသည်။

ဦးစွာ ပြိုင်ပွဲဝင်အားကစား သမားများက ကွင်းအတွင်းနေရာ ယူကြပြီး ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းက တိုင်းဒေသကြီး နှင့် ပြည်နယ် အလေးမပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ရန် ရောက်ရှိ လာကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ အလေးမ အားကစားသမား လူငယ်မောင် မယ်များအနေဖြင့် အားကစား စိတ်ဓာတ် အပြည့်အဝဖြင့် အားကစားသမားကောင်းများ ပီသစွာ မိမိတို့တစ်ဦးချင်းစီ၏ အစွမ်း အစ၊ အရည်အသွေးများကို အစွမ်း ကုန်ဖော်ထုတ်ပြသပြီး မိမိတို့ ကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင် သည့် တိုင်းဒေသကြီးနှင့် ပြည်နယ် ဂုဏ်ကိုဖြွံ့တင်ပေးပြီး ပြိုင်ပွဲတွင် စံချိန်ကောင်းများ ရရှိစေရေး အတွက် စိတ်ဓာတ်ကြွံခိုင်စွာဖြင့် ကြိုးစား ယှဉ်ပြိုင်သွားကြရန်နှင့် စံချိန်သစ်များတင်နိုင်မည့် လူငယ် များအဖြစ် နိုင်ငံ့ဂုဏ်ဆောင်နိုင် မည့် လက်ရွေးစင်အားကစား သမားကောင်းများ ဖြစ်အောင် ဆက်လက် ကြိုးစားသွားကြရန် တိုက်တွန်းပြောကြားကာ "၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အလေးမ ပြိုင်ပွဲ" ကို ဖွင့်လှစ်ပေး သည်။

ထို့နောက် ပြိုင်ပွဲဝင်အားကစား သမားများက အားကစားသစ္စာ အဓိဋ္ဌာန်(၄)ချက် ရွတ်ဆိုကြပြီး အမျိုးသား၊ အမျိုးသမီး ကီလိုတန်း အလိုက် အလေးမပြိုင်ပွဲများကို ဆက်လက်ကျင်းပရာ အမျိုးသမီး (၆၉)ကီလိုတန်းပြိုင်ပွဲတွင် မကွေး တိုင်းဒေသကြီးအသင်းမှ ဝေ့ရည်ဖူး က အမြန်မ စံချိန် ၆၁ ကီလို၊ နှစ်ဆင့်မစံချိန် ၇၇ ကီလိုနှင့် စုစုပေါင်းစံချိန် ၁၃၈ ကီလိုဖြင့် ပထမ၊ ရန်ကုန်တိုင်းဒေသကြီး အသင်းမှ ဝေ့ရည်ဖူးက အမြန်မ စံချိန် ၆၁ ကီလို၊ နှစ်ဆင့်မစံချိန် ၇၇ ကီလိုနှင့် စုစုပေါင်းစံချိန် ၁၃၈ ကီလိုဖြင့် ဒုတိယနှင့် ရန်ကုန်တိုင်းဒေသကြီး အသင်းမှ သီရိဝင်းက အမြန်မ စံချိန် ၅၅ ကီလို၊ နှစ်ဆင့်မစံချိန် ၇၃ ကီလိုနှင့် စုစုပေါင်းစံချိန် ၁၂၈ ကီလိုဖြင့် တတိယရရှိခဲ့ကြသည်။

အမျိုးသား(၇၀) ကီလိုတန်း ပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီး အသင်းမှ ဝေလွင်ဖြိုးက အမြန်မ စံချိန် ၁၁၃ ကီလို၊ နှစ်ဆင့်မစံချိန် ၁၃၆ ကီလိုနှင့် စုစုပေါင်းစံချိန် ၂၄၉ ကီလိုဖြင့် ပထမ၊ စစ်ကိုင်းတိုင်း ဒေသကြီးအသင်းမှကျော်ဇောဟိန်း က အမြန်မစံချိန် ၉၅ ကီလို၊ နှစ်ဆင့်မစံချိန် ၁၁၆ ကီလိုနှင့် စုစုပေါင်း စံချိန် ၂၂၁ ကီလိုဖြင့် ဒုတိယနှင့် ရန်ကုန်တိုင်းဒေသကြီး အသင်းမှ ခေါက်ဆိုင်က အမြန်မ စံချိန် ၈၆ ကီလို၊ နှစ်ဆင့်မစံချိန် ၁၂၁ ကီလိုနှင့် စုစုပေါင်းစံချိန် ၂၀၇ ကီလိုဖြင့် တတိယရရှိခဲ့ကြသည်။

"၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အလေးမပြိုင်ပွဲသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင် အမျိုးသား အသင်း ၁၂ သင်း၊ အမျိုးသမီးအသင်း ရှစ်သင်း စုစုပေါင်းအင်အား ၁၃၀ ဝင်ရောက် ယှဉ်ပြိုင်လျက်ရှိပြီး နိဝင်ဘာ ၃ ရက် နံနက် ၁၀ နာရီမှစတင်၍ တိုင်းဒေသကြီးနှင့် ပြည်နယ် အလေးမပြိုင်ပွဲ (အမျိုးသား၊ အမျိုးသမီး) ကီလိုတန်းအလိုက် အမြန်မပြိုင်ပွဲနှင့် နှစ်ဆင့်မပြိုင်ပွဲ များကို ဆက်လက်ယှဉ်ပြိုင်သွား မည်ဖြစ်၍ အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူ မဆို "အခမဲ့" လာရောက်ကြည့်ရှု အားပေးနိုင်ကြောင်း သိရသည်။

သတင်းစဉ်

မြန်မာအသင်းပါဝင်သည့် အာရှဖလား ယူ-၁၇ ခြေစစ်ပွဲ အုပ်စု (A) ပွဲစဉ်များ နိုဝင်ဘာ ၈ ရက်မှ ၂၀ ရက်အထိ ရန်ကုန်မြို့ရှိ ကွင်းနှစ်ကွင်း၌ ကျင်းပမည်ဖြစ်သည်

ရန်ကုန် နိုဝင်ဘာ ၂

၂၀၂၇ အာရှဖလား ယူ-၁၇ ခြေစစ်ပွဲကို နိုဝင်ဘာ ၈ ရက်မှ ၂၀ ရက်အထိ ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းပါဝင်သည့် အုပ်စု (A) ပွဲစဉ်များကို ရန်ကုန်မြို့ရှိ ကွင်းနှစ်ကွင်း၌ ကျင်းပမည်ဖြစ်သည်။

ခြေစစ်ပွဲတွင် အသင်းစုစုပေါင်း ၃၅ သင်း ဝင်ရောက်ယှဉ်ပြိုင်မည် ဖြစ်ပြီး အုပ်စုခုနစ်စု ပြုလုပ်မည်ဖြစ်ကာ အုပ်စုတစ်ခုစီမှ အမှတ်အများ ဆုံး ထိပ်ဆုံးတစ်သင်းစီသာ ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။ မြန်မာ အသင်းသည် အုပ်စု (A) တွင် အင်ဒိုနီးရှား၊ အာဖဂန်နစ္စတန်၊ ဖိလစ်ပိုင်၊ ကမ္ဘောဒီးယားအသင်းတို့နှင့် ကျရောက်နေပြီး ယင်းပွဲစဉ်များကို ရန်ကုန်မြို့ရှိ ပဒေသာကွင်းနှင့် စတားစီးတီးကွင်းတို့၌ ပြုလုပ်မည်ဖြစ်သည်။ ပွဲစဉ်ရေးဆွဲထားမှုအရ ခြေစစ်ပွဲကို နိုဝင်ဘာ ၈၊ ၁၁၊ ၁၄၊ ၁၇၊ ၂၀ ရက်တွင် တစ်နေ့လျှင် နှစ်ပွဲနှန်းကျင်းပမည်ဖြစ်ပြီး မွန်းလွဲ ၃ နာရီတွင် စတင်မည် ဖြစ်သည်။ မြန်မာအသင်းသည် အုပ်စုပွဲများအဖြစ် နိုဝင်ဘာ ၈ ရက်တွင် အာဖဂန်နစ္စတန်အသင်းနှင့် ပဒေသာကွင်း၊ နိုဝင်ဘာ ၁၄ ရက်တွင် ဖိလစ်ပိုင်အသင်းနှင့် ပဒေသာကွင်း၊ နိုဝင်ဘာ ၁၇ ရက်တွင် ကမ္ဘောဒီးယား အသင်းနှင့် စတားစီးတီးကွင်း၊ နိုဝင်ဘာ ၂၀ ရက်တွင် အင်ဒိုနီးရှားအသင်း နှင့် ပဒေသာကွင်းတို့၌ ကျင်းပမည်ဖြစ်သည်။

မြန်မာအသင်းကို နည်းပြချုပ်အဖြစ် ဂျပန်နိုင်ငံသား ကိုင်ဆူကီက ကိုင်တွယ်နေပြီး ကာလရှည်ပြင်ဆင်ထားသည့်အသင်းဖြစ်သည်။ ကစား သမားများ အတွေ့အကြုံရစေရန် Galaxy အသင်းအမည်ဖြင့် ပြည်တွင်း လိဂ်ဖြစ်သော M-League ယူ-၂၀ ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်လျက် ရှိသည်။ ထို့ပြင် အောက်တိုဘာ ၄ ရက်နှင့် ၇ ရက်တို့က အိန္ဒိယအသင်း နှင့် ရန်ကုန်မြို့၌ ခြေစမ်းပွဲနှစ်ပွဲကစားရာ တစ်ပွဲသရေ၊ တစ်ပွဲရှုံးနိမ့်ခဲ့သည်။

အာရှဖလား ယူ-၁၇ ပြိုင်ပွဲ နောက်ဆုံးအဆင့်တွင် အိမ်ရှင်ဥဇဘက် ကစ္စတန်အသင်းအပါအဝင် ကာတာ၊ ဂျပန်၊ တရုတ်၊ ဩစတြေးလျ၊ တောင်ကိုရီးယား၊ ဆော်ဒီအာရေဗျ၊ တာဂျစ်ကစ္စတန်နှင့် ဗီယက်နမ် အသင်းတို့က တိုက်ရိုက်ကစားခွင့်ရထားပြီး ခြေစစ်ပွဲအောင် ခုနစ်သင်း နှင့် ဆက်လက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။ မြန်မာ ယူ-၁၇ အသင်းသည် ၂၀၂၆ အာရှဖလား ယူ-၁၇ ပြိုင်ပွဲတွင် ခြေစစ်ပွဲအောင်မြင်ခဲ့ပြီး နှစ်ကြိမ် ဆက်တိုက် ခြေစစ်ပွဲအောင်မြင်ရန် ကြိုးပမ်းလျက်ရှိသည်။

သတင်း-ညီမြတ်သော်တာ၊ ဓာတ်ပုံ-MFF



အောက်တိုဘာလဆန်းပိုင်းက မြန်မာအသင်းနှင့် အိန္ဒိယအသင်း တို့ ခြေစမ်းကစားစဉ်။

✪ အာဆင်နယ်မှ

လီဗာပူးအသင်းဟာ အာဆင်နယ်အသင်းကို ရှုံးနိမ့်ခဲ့လို့ အမှတ်ပေး ဇယားထိပ်က အာဆင်နယ်အသင်းနဲ့ ကိုးမှတ်အကွာ အမှတ်ပေးဇယား အဆင့်(၅)နေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။

လက်ရှိပရီမီယာလိဂ်ချန်ပီယံအာဆင်နယ်အသင်းအနေနဲ့ လီဗာပူး အသင်းကို အနိုင်ရရှိခဲ့တာကြောင့် အမှတ်ပေးဇယား ဒုတိယနေရာက မန်စီးတီးအသင်းကို သုံးမှတ်ဖြတ်ကာ ဇယားထိပ်မှာ ဦးဆောင်နိုင်ခဲ့တာ ဖြစ်ပါတယ်။

ငွေကြေယ်

(၃၈)နှစ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့အထိမ်းအမှတ်အဖြစ် အမျိုးသား (ဖူဆယ်)ဘောလုံးပြိုင်ပွဲနှင့် ဆုပေးပွဲ ကျင်းပ

ပုသိမ် နိုဝင်ဘာ ၂

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ကိုးသိန်းဖူဆယ်အားကစားရုံတွင် ယနေ့နံနက်ပိုင်းက (၃၈)နှစ်မြောက် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန နှစ်ပတ်လည်နေ့အထိမ်း အမှတ်အဖြစ် အမျိုးသား (ဖူဆယ်) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ကျင်းပ ရာ အခမ်းအနားသို့ ပုသိမ်ခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ် အုပ်ချုပ်ရေးမှူးများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ပြိုင်ပွဲဝင်အသင်း များ တက်ရောက်ကြသည်။



ဦးစွာ အမျိုးသား(ဖူဆယ်) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဧရာဝတီတိုင်းဒေသကြီး အသင်း နှင့် ပုသိမ်မြို့နယ်အသင်းတို့ ယှဉ်ပြိုင်ခဲ့ကြပြီး ပုသိမ်မြို့နယ် အသင်းမှ ခြောက်ဂိုး - ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ထို့နောက် ဆုပေးပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ ပုသိမ်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးရည်မွန်က အမျိုးသား(ဖူဆယ်) ဘောလုံး ပြိုင်ပွဲတွင် ပထမဆုရရှိသော ပုသိမ် မြို့နယ်အသင်းအား ဂုဏ်ပြုဆုနှင့် ဆုဖလားကိုလည်းကောင်း၊ ဒုတိယ ဆုရရှိသော ဧရာဝတီတိုင်း ဒေသကြီးအသင်း၊ နှစ်သိမ့်ဆုရရှိ သော သာပေါင်းမြို့နယ်အသင်းနှင့် ပုသိမ်ခရိုင်အသင်းတို့အား ဂုဏ်ပြု ဆုများကိုလည်းကောင်း ချီးမြှင့်ခဲ့ သည်။

ကျော်ဟိန်း(ပြန်/ဆက်)

* M-League မှ

ရန်ကုန်ယူနိုက်တက်အသင်းအတွက် အနိုင်ဂိုးကို ၄၆ မိနစ်တွင် ကျော်သီဟက သွင်းယူခဲ့သည်။ ရန်ကုန်ယူနိုက်တက်အသင်းသည် ပထမအကျော်ရှုံးကြွေးပြန်ဆပ်နိုင်ခဲ့ခြင်းဖြစ်သည်။ ယခုပွဲအတွက် AYA Pay Player of the Match ဆုကို ရန်ကုန်ယူနိုက်တက်အသင်းအတွက် အနိုင်ဂိုးသွင်းယူခဲ့သည့် ကျော်သီဟကရရှိပြီး အမှတ်တရဆုနှင့် ဆုကြေးကျပ် နှစ်သိန်းရရှိသည်။ တောင်ဒဂုံကွင်း၌ကျင်းပသည့်ပွဲ တွင် ရတနာပုံအသင်းက စစ်ကိုင်းယူနိုက်တက်အသင်း ကို လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရခဲ့သည်။ အပြန်အလှန် သွင်းဂိုးများဖြင့် ပွဲကောင်းတစ်ပွဲဖြစ်ခဲ့ပြီး ရတနာပုံအသင်းက နောက်ကျဂိုးဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ ရတနာပုံအသင်းအတွက် ဂိုးများကို ၄၅+၁ မိနစ်တွင် ဇော်လင်းအောင်၊ ၄၈ မိနစ်တွင် မင်းထက်သာ၊ ၆၁၊ ၈၇ မိနစ်တွင် စိုးမောင်မောင်တို့က သွင်းယူပြီး စစ်ကိုင်း ယူနိုက်တက်အသင်းအတွက် ဂိုးများကို ၃၅၊ ၇၇ မိနစ်တွင် ပိုင်သက်ဦး၊ ၃၇ မိနစ်တွင် မျိုးသူလွင်တို့က သွင်းယူသည်။

